www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

■ စာမူခွင့်ပြုချက်အမှတ် – [ ၅၀၁၂၄၄၀၆၁၀ ]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၅၀၁၂၃၉၀၆၁၀ ]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၀၆ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်ခိုင် (၀၄၂၄၃) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို့၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးဒီဇိုင်း – ဥက္ကာ (ATOMIC Digital Art)

■ ကွန်ပျူတာစာစီ – သစ္စာ (၃၄) လမ်း

■ အတွင်းဖလင် – ဦးအောင်တင်အေးနှင့်သမီးများ


■ စာအုပ်ချုပ် – စွယ်တော်

■ အုပ်ရေ – ၅၀၀ အုပ်

■ တန်ဖိုး – ၁၅၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏ ထုတ်ဝေပြီးစာအုပ်များ

၁။ လဆွဲအားနဲ့ မိန်းမ
၂။ အဆင့်မြင့် ချည်တိုင်
၃။ အနှေးသွား လွန်းပျံယာဉ်
၄။ စိတ်ကောက်နတ်သမီး
၅။ လေလုံဇကာ (ကဗျာ)
၆။ အပြာရောင်မှတ်ဉာဏ် အပိုင်းအစများ
၇။ သံယောဇဉ် ဖတ်စာ
၈။ သစ်ရွက်တို့၏ ပေါ့ဆခြင်းများ (ကဗျာ)
၉။ ဝတ်မှုန်ကူးတဲ့ ကြယ်
၁၀။ စက္ကူပန်းတွေရဲ့ သီချင်း
၁၁။ ကျူးပစ်ကိုယ်တိုင် မသိခဲ့တဲ့မြားအကြောင်း
၁၂။ ဗလာကောင်ရေးတဲ့ ဗလာအကြောင်းများ
၁၃။ အခန်းဆက်နှင်းဆီ
၁၄။ ကျွမ်းကျင်စွာပြုလုပ်ထားသောအလွမ်း
၁၅။ ချစ်သူပြောတဲ့ တနင်္ဂနွေပုံပြင်
၁၆။ တစ်ခါတစ်ရံများ
၁၇။ အချစ်အကြောင်း (ကဗျာ)
၁၈။ အဆောင်သူအတွက်
၁၉။ အသည်းကွဲလူရွှင်တော်
၂၀။ တယော

ယခု

၂၁။ ဒေင်ဉယျာဉ်ရဲ့နောက်ဆုံးနေ့

ဆက်လက်၍

၂၂။ ဘတ်သီးအော်ပရေးရှင်း
၂၃။ အလွမ်းတွေချိတ်ဆွဲထားတဲ့မိုးတိမ်
၂၄။ လူနောက်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မာကျူရီမီးတွေက ကြေးဝါရောင်ဆောင်းညကို အံတုလို့နေကြသည်။ ညဥ့်နက်လှပြီဖြစ်သော်လည်း ရန်ကုန်မြို့လယ်လမ်းမများသည် စိတ်ဝင်စားစရာတွေနှင့် လှုပ်ရှားသက်ဝင်လျက်ရှိ၏။

ဆယ်ကျော်သက်အရွယ် လူငယ်လေးသုံးယောက်သည် ညထဲမှာ မျှော်လင့်ချက်ကိုယ်စီနှင့် အိမ်ကို လမ်းလျှောက်ပြန်လာကြသည်။ သူတို့အုပ်စုသည် ဦးထုပ် နောက်ပြန်ဆောင်းတတ်သော၊ အင်္ကျီပွပွနှင့် ဘောင်းဘီပွပွများကို ဝတ်ဆင်ထားသော၊ ညဥ့်နက်သန်းခေါင်ကျော်သည့်တိုင်အောင် အိမ်မပြန်ချင်သေးသော၊ Rappin တွေရွတ်ဆို၍ Hip Hop ယဉ်ကျေးမှုကို ခုံမင်နှစ်ခြိုက်ကြသော. . . ခွေမထွက်ရသေးသည့် ဂီတအဖွဲ့တစ်ဖွဲ့သာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က နိုက်ကလပ်တစ်ခုမှ ပြန်လာကြခြင်းဖြစ်၏။ သုံးယောက်စလုံး ရန်ကုန်မြို့လယ်မှာ နေကြသူတွေဖြစ်ပြီး၊ ရှစ်တန်းကျောင်းသားဘဝကတည်းက ပေါင်းလာကြသော သူငယ်ချင်းတွေလည်း ဖြစ်ကြသည်။

ကျောင်းမှာရော၊ အပိုင်း(ရပ်ကွက်)ထဲမှာပါ အမြဲတစ်တွဲတွဲနေလေ့ရှိ၏။ ဆယ်တန်းစာမေးပွဲဖြေပြီးခါစလောက်မှာ သူတို့သုံးယောက်က 'နှမ်းဖျစ်'ဆိုသည့် Hip Hop အဖွဲ့ကို ဖွဲ့စည်းခဲ့ကြသည်။ နောက်တော့ ပိုက်ဆံရှိမိဘများမှ ပေါက်ဖွားလာကြသူများပီပီ အခွေထုတ်ရန် သူတို့ စတင်လှုပ်ရှားလေတော့၏။ သူတို့ထဲမှာ ဖိုးရဲက ခေါင်းဆောင်သည်။ ဂျူနီယာဇော်နှင့် ငွေ့ခ်တို့မှာ စီးပွားရေးတောင့်တင်းသည့် မိသားစုများမှ ဆင်းသက်လာကြသူတွေဖြစ်သော်လည်း ဖိုးရဲလောက်တော့ မချမ်းသာကြ. . .။

ဒါ့အပြင် ဖိုးရဲမှာ သူတို့ထက်သာသော နောက်ထပ်ဂုဏ်ပုဒ်တစ်ခုရှိသေး၏။ အဲဒါကတော့ ဖိုးရဲသည် နိုင်ငံကျော်ရုပ်ရှင်မင်းသမီး မေသစ္စာထွန်း၏ တူအရင်းခေါက်ခေါက်ဆိုသည့် ပတ်သက်မှုဖြစ်ပါသည်။ မင်းသမီး မေသစ္စာထွန်းနှင့် ဖိုးရဲ၏မိခင် ဒေါ်မေသန္တာထွန်းတို့က အရမ်းချစ်သော ညီအစ်မတွေဖြစ်ကြ၏။ မေသစ္စာထွန်းမှာ အစ်မကမွေးလာသည့် သူမရဲ့တစ်ဦးတည်းသောတူလေး ဖိုးရဲကိုလည်း တုန်နေအောင်၊ ထားစရာနေရာမရှိအောင် ချစ်လေသည်။

ညာ၏ရန့်များက သူတို့ကို ဖြတ်သန်းလာရာ လမ်းတစ်လျှောက်လုံးအား လွှမ်းခြုံစိုးမိုးထားပါသည်။ ဆောင်းဥတုနှင့် ပတ်ဝန်းကျင်မှာ အေးစိမ့်စိမ့်နိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် ဒီလိုအိမ်ပြန်လာချိန်များတွင် လမ်းဘေးပလက်ဖောင်းပေါ်မှ မလျှောက်ဘဲ ကတ္တရာလမ်းမ အလယ်တည့်တည့်အတိုင်း သာလျှောက်လေ့ရှိသည်။ သူတို့စီးလာသော ဝေါ့ကင်းရှူးဖိနပ်နှင့် ကတ္တရာလမ်း၏ထိခတ်သံကို ဂီတစည်းချက်တစ်ခုအလား ဖိုးရဲက သဘောကျလေသည်။

ငချိတ်ပေါင်းကဲ့သို့အသားမည်းသော ငဂွျန်က သူတို့ကလပ်ထဲမှာတွေ့ခဲ့သည့် နာမည်ကြီး Hip Hop အဆိုတော် စိုင်းစိုင်းခမ်းလှိုင်ကို ကဲ့ရဲ့နေ၏။

"အဲဒီ စိုင်းစိုင်းခမ်းလှိုင်ဆိုတဲ့ကောင်က အလကားပါကွာ၊ ငါ့ကို မမီပါဘူး"

ဂျူနီယာဇော်က သူ့ခန္ဓာကိုယ်ဝဝကြီးကို အိပဲ့အိပဲ့နှင့် သယ်ဆောင်ကာ လျှောက်နေရာမှ ငဂွျန်ကို ပြန်မေးလိုက်သည်။

"သီချင်းဆိုတာကို ပြောတာလား"

"အဟီး. . . မဟုတ်ဘူးကွ၊ ငါပြောတာ အသားအရောင်ကို ပြောတာ. . ."

"ဟင်. . . သူ့အသားက ဘယ်လိုဖြစ်နေလို့လဲ၊ နူနေလို့လား. . ."

"နူနေလို့ မဟုတ်ဘူး၊ ဖြူနေလို့ကွ. . . ကမ္ဘာကျော် Rapper အများစုဟာ ငါ့လိုအသားအရောင်မျိုး မဟုတ်လား။ ငါက အဲဒါကို ပြောတာပါ. . ."

ငဂွျန်စကားအဆုံးမှာ ဂျူနီယာဇော်က သူ့အသားကို သူပြန်ငုံ့ကြည့်ရင်း ခေါင်းကို ယမ်းလိုက်၏။ သူက အသားဖြူနေသည်မဟုတ်

www.burmeseclassic.com



ပါတော့။

"ဟော့ကောင်. . . ငွေ့ချန်၊ မင်း အဲဒီလိုမျိုးတော့ သိမ်းကျုံးပြီး မပြောနဲ့လေကွာ. . .၊ မင်းပြောသလိုဆိုရင် အမ်မင်နာမ်(EMINEM) က လူဖြူပဲ၊ ဘယ်လိုလုပ်မလဲ"

"အမ်မင်နာမ်ကတော့ ခြွင်းချက်ပေါ့။ ငါက Rapper အများစုကို ပြောတာပဲဥစ္စာ၊ မင်းလော့ဂျစ်ရဲ့သဘောကို နားမလည်ဘူးလား"

ဂျူနီယာဇော်က ခေါင်းကို ခါယမ်းရင်း. . .

"ဟင့်အင်း. . . နားမလည်ဘူး"

ထိုအခါ ငွေ့ချန်က ဂျူနီယာဇော်ကို 'မင်းငတုံးပဲရှိသေးတယ်' ဟူသောအဓိပ္ပာယ်မျိုးဖြင့် အပေါ်စီးမှ ကြည့်လိုက်သည်။ ဖိုးရဲမှာ သူတို့နှစ်ယောက်၏ အငြင်းအခုံကို စိတ်မဝင်စားဘဲ တစ်စုံတစ်ရာအား စိုးရိမ်လျက်ရှိ၏။ ငွေ့ချန့်အသံက ညထဲမှာ ပျံ့လွင့်လာပြန်သည်။

"လော့ဂျစ်မှာက ဒီလိုရှိတယ်ကွ၊ ထူးချွန်သောRapper အများစုသည် လူမည်းများ ဖြစ်ကြသည်။ ငါသည် လူမည်းတစ်ဦးဖြစ်သည်။ ထို့ကြောင့် ငါသည်လည်း ထူးချွန်သော Rapper တစ်ယောက်ဖြစ်သည်ဆိုတာမျိုးကွာ။ မင်းမသိဘူးလား. . . အင်းပေါ့လေ၊ မင်းက ချာတိတ်ပဲရှိသေးတာ. . . ဒါတွေဘယ်သိဦးမှာလဲ"

ဂျူနီယာဇော်က ဒေါပွသွား၏။ သူ့ကို ငွေ့ချန်က စော်ကားနေပြီမို့. . .

"ဩော်. . . ငွေ့ချန်ရယ်. . . မင်းပြောတဲ့ လော့ဂျစ်ဆိုတာကြီးကလည်း ကိုယ့်ဘက်ကိုယ်ယက်တဲ့ လော့ဂျစ်ကြီးပါလား။ ပြီးတော့ အသက်ချင်းက အတူတူပဲဥစ္စာ။ ငါ့ကိုများ ချာတိတ်တဲ့. . . လာသေး

www.burmeseclassic.com



တယ်၊ နာချင်လို့. . .''

ငွေနှင်က ဂျူနီယာဖော်၏ ခြိမ်းခြောက်စကားကို မမှုပါ။ ဝဝိုင်းဖိုင့် ခန္ဓာကိုယ်ကြီးနှင့် ဂျူနီယာဖော်သည် သူထွက်ပြေးလျှင် ဘယ်လိုမှ လိုက်မိနိုင်မှာမဟုတ်ဟု ငွေနှင်က ယုံကြည်ထား၏။ ခါတိုင်းလည်း ငွေနှင်က သူ့သူငယ်ချင်းဖက်တီးကို စနေကျ. . .။ ဖက်တီးက စိတ်ဆိုးပြီး သူ့ကို လိုက်လုပ်ရင်လည်း ငွေနှင်က ထွက်ပြေးနေကျ. . .။ ဒါကြောင့် ငွေနှင်သည် ဂျူနီယာဖော်ကို စိတ်ဆိုးသွားမှန်းသိသိကြီးနှင့် ဆက်၍ ရန်စလိုက်ပါသည်။

''ဒီမှာ. . . ဖက်တီး. . .''

''ဘာလဲ အသမဲ. . .''

(အသမဲ=အသားမည်းကောင် ဟူသောအဓိပ္ပာယ်ရသည်။)

''မင်းဘဝမှာ လော့ဂျစ်မသိ၊ ဘာမသိနဲ့၊ ရှေ့လျှောက်ဘာလုပ်ပြီး လူလုပ်မလဲ ဖက်တီးရာ. . . မင်းမိဘတွေကိုယ်စား ရင်လေးလိုက်တာ. . . ပြီးတော့ မင်းမသိလို့. . . မင်းနဲ့ငါက တော်တော်ကွာတယ်၊ ဒါကိုပဲ မင်းက ချာတိတ်လို့ခေါ်ရင် မကြိုက်ဘူး''

''အောင်မာ. . . လာပြန်ပြီ။ မင်းနဲ့ ငါနဲ့အသက်ချင်းအတူတူပဲ ဟောကောင်အသမဲ၊ လာရွှီးမနေနဲ့. . .''

''အဲဒါခက်တာပေါ့ ဖက်တီးရာ. . . ငါမင်းကို ချာတိတ်လို့ခေါ်တာ အသက်အရွယ်ချင်း ကွာလို့မဟုတ်ဘူးကွ၊ အသိဉာဏ်ချင်း ကွာလို့ခေါ်တာ. . . နားလည်ပြီလား. . .''

ငွေနှင်သည် ပြောလည်းပြော၊ ပြေးလည်းပြေးသကဲ့သို့ ပြောပြီးသည်နှင့်တစ်ပြိုင်နက် လှစ်ခနဲထွက်ပြေးသွားလေသည်။ ဂျူနီ

www.burmeseclassic.com

www.burmeseclassic.com



ဟောဇော်သည် ဂွျန်ကို ဒေါသနှင့် ပြေး၍ကန်လိုက်သော်လည်း ရှောင်ပြေးရန် ကြိုတင်ပြင်ဆင်ထားသော ဂွျန်က အမြန်လှည့်ရှောင်ထွက်သွား၏။ ဒီတော့ ဖက်တီးဂျူနီယာက ဂွျန်နောက်ကို ပြေးလိုက်သည်။ ဂွျန်က ဆက်ပြေးသည်။

ဖိုးရဲက ဒီလိုမြင်ကွင်းမျိုးကို ရိုးနေပြီ။ ရန်ကုန်မြို့လယ် ကတ္တရာလမ်းပေါ်၌ လူငယ်နှစ်ဦးက ညကြီးမင်းကြီး စိမ်ပြေးလိုက်တမ်းကစားနေပါသည်။ မာကျူရီမီးအလင်းရောင်က ဆောင်းညထဲ၌ လင်းထိန်နေပုံမှာ ခေတ်ပေါ်မြို့ပြကဗျာတစ်ပုဒ်နှင့် ခပ်ဆင်ဆင်တူနေ၏။

ဂွျန်သည် ဂျူနီယာဇော်ကို မီလာအောင် ပြေးအားကို လျှော့ချလိုက်၏။ ဂျူနီယာဇော်က မီလာတော့ ဂွျန်ကို အားနှင့်ခုန်ကာ လှမ်းဖမ်းသည်။ ဂွျန်က ညာဘက်သို့ လျင်မြန်စွာ ချိုးကွေ့ပြီး ရှောင်သဖြင့် လွတ်သွားသည်။ ဒါပေမဲ့ ဂျူနီယာဇော့်ခန္ဓာကိုယ်ကြီးက သူ့အရှိန်သူ မထိန်းနိုင်ဘဲ ပလက်ဖောင်းအစပ်ကို ဘုန်းခနဲ မှောက်လဲကျသွားတော့သည်။

"ဟာ. . . သွားပြီ"

တစ်ခုခုတော့ ဖြစ်တော့မည်ဟု ဖိုးရဲထင်နေဆဲမှာပဲ ဂျူနီယာဇော်က အခုလို ချော်လဲသွားရခြင်းဖြစ်သည်။ သူက စိုးရိမ်စွာပြေး၍ ထူပေးလိုက်သည်။ ဒီတော့မှ ဂွျန်ကလည်း မျက်နှာငယ်လေးနှင့် ဂျူနီယာအနားရောက်လာ၏။ ဂျူနီယာဇော်က ချက်ချင်းပြန်မထနိုင်ဘဲ မျက်နှာကြီးမှာ ရှုံ့မဲ့နေ၏။ နှုတ်မှလည်း တအီးအီး၊ တအားအား ညည်းတွားနေပြီး တော်တော်နာသွားဟန်တူပါသည်။ ဂွျန်က သူ့ပယောဂ မကင်းသဖြင့်. . .

www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်း . . . ဂျူနီယာ၊ ဘယ်လိုနေသေးလဲဟင် . . . အရမ်းနာနေလား။ ဟာ . . . ဒုက္ခပါပဲကွာ၊ ဖိုးရဲ . . . လုပ်ပါဦးကွ . . ."

"ဘာအခုမှ ဖိုးရဲလုပ်ပါဦးလဲ။ မင်းတို့ဘာသာမင်းတို့ မျောက်ရှုံးအောင် ဆော့နေကြပြီးတော့ . . . မပြောလိုက်ချင်ဘူး။ ဟော့ကောင် . . . ငွေ့နှင် အဓိက မင်းမှာ တာဝန်ရှိတယ်။ အလကားနေရင်း ဂျူနီယာကိုပဲ လိုက်စနေတယ်။ အခုလိုဖြစ်တာ . . . မင်းကြောင့် . . ."

ဖိုးရဲက အပြစ်တင်စွပ်စွဲလိုက်မှ ငွေ့နှင်လည်း မျက်နှာပိုပျက်သွား၏။ ဖက်တီးရဲ့ ဒဏ်ရာက ဘယ်လောက်များသလဲ။ ဘယ်နားမှာ ဖြစ်တာလဲ၊ သွေးတွေ၊ ဘာတွေရော ထွက်သေးသလား . . . ဘာမှ ငွေ့နှင် မသိရပါ။ ဂျူနီယာက လဲကျသွားသည့်အတိုင်း လမ်းမနှင့် ပလက်ဖောင်း အစပ်မှာ မှောက်လျက်သားရှိနေဆဲ . . .။ ဆွဲလှည့်ပြီး အတည့်ဖြစ်အောင် လုပ်ပေးဖို့ကလည်း သူ့ခန္ဓာကိုယ်ကြီးမှာ အလွယ်တကူ လှည့်မရ . . .။ ဒါ့အပြင် ဘယ်နားကိုထိထိ ဖက်တီးရဲ့ ညည်းညူသံများက အဆက်မပြတ်ပေါ်ထွက်နေသဖြင့် ကိုယ်လုပ်ပေးမှ ပိုဆိုးသွားမှာကိုလည်း စိုးရိမ်ရသေးသည်။

ငွေ့နှင်က ဖိုးရဲကို တိုင်ပင်၏။

"ဖိုးရဲ . . . ငါတို့ဂျူနီယာကို ဆေးခန်းပို့လိုက်ရင်ကောင်း မယ်ထင်တယ်နော်။ ရွှန်းနေတို့လို ခြေဖမိုးအရိုးတွေ ဘာတွေများ ကျိုးသွားလား မသိဘူး . . ."

"လာပြန်ပြီ . . . မမှတ်သေးဘူးလားငွေ့နှင်။ မင်းဟာလေ စကားပြောရင် ဘယ်ကမဆိုင်တဲ့နာမည် ထည့်ထည့်ပြောမှန်းမသိဘူး"

ငွေ့နှင်က မျက်နှာလေးကို အောက်ချကာ တောင်းပန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ. . . နောက်တစ်ခါ ငါမပြောတော့ပါဘူး။ အခု ငါတို့ ဂျူနီယာကို ဆေးခန်းပို့ဖို့လုပ်ရအောင်. . ."

"ငွေနှံ. . . ဒီမှာ အချိန်ကိုလည်းကြည့်ဦး။ တစ်ချက်ခွဲနေပြီကွ။ ဒီအချိန်ကြီး ဘယ်ဆေးခန်းက ဖွင့်မှာလဲ"

"အဲဒါဆို ဘာလိုလုပ်မလဲ. . ."

"ဘယ်လိုမှ လုပ်လို့ မရသေးဘူး။ လောလောဆယ်တော့ ဒီကောင့်ကို ဖြည်းဖြည်းချင်းတွဲပြီး ပုံမှန်အနေအထားရောက်အောင် လုပ်ပေးရမယ်. . . ကဲ. . . မင်းက ဟိုဘက်ကနေတွဲ. . ."

ဂျူနီယာဇော်ကို ဖိုးရဲက ဘယ်ဘက်မှတွဲပြီး ငွေနှံက ညာဘက်မှ တွဲထူပေးလိုက်ကြ၏။ သူ့ကိုယ်လုံးကြီးလေးလွန်းသဖြင့် နှစ်ယောက်သား မနည်းမကြရသည်။ ရုတ်တရက်အတွင်း မထင်မှတ်ထားသော အဖြစ်အပျက်တစ်ခု ဖြစ်ပွားသွားတော့၏။

"အား. . . အား. . . ကယ်ကြပါ. . . ကယ်တော်မူကြပါ"

ထိုသို့ အသံနက်ကြီးနှင့်အော်၍ အကူအညီတောင်းသူမှာ ဂျူနီယာမဟုတ်. . .။ ငွေနှံဖြစ်ပါသည်။ သူက Rapper ဖြစ်သော်လည်း 'ကယ်တော်မူကြပါ' ဆိုသော ရှေးဟောင်းနည်းကြီးနှင့် အော်ခြင်းဖြစ်၏။ အကြောင်းမှာ ဂျူနီယာက သူ့ဗလကြီးနှင့် ငွေနှံကို ညှစ်ထားသောကြောင့် မရုန်းနိုင်ဘဲ ရှိနေလေသည်။ အမှန်တော့ ဂျူနီယာသည် အရမ်းနာကျင်ဟန်ဆောင်၍ ငွေနှံကို အမိဖမ်းခဲ့ခြင်းသာဖြစ်ပါသည်။

ဖိုးရဲကလည်း ငွေနှံကို အမြင်ကတ်ကတ်နှင့် ဂျူနီယာလက်ထဲမှ မကယ်ဘဲထားလိုက်၏။ ငွေနှံက ဂျူနီယာ၏လက်ကြားမှာ ယက်

www.burmeseclassic.com

www.burmeseclassic.com



ကန်ယက်ကန်နှင့် . . .

"ဖိုးရဲ . . . ငါ့ကိုကယ်ပါဦးကွ . . ."

"မကယ်နိုင်ဘူး . . . မင်းအပြစ်နဲ့မင်းပဲ . . . ငါနဲ့မဆိုင်ဘူး။ မင်းဘာသာ ဂျူနီယာကို နောက်တစ်ခါ အဲဒီလိုမစတော့ပါဘူးလို့ တောင်းပန်လိုက် . . . မဟုတ်ရင် သူက မောလည်းမော၊ ချော်လဲထား တော့ နာလည်းနာနဲ့ မင်းကိုလုပ်မှာပဲ . . .။ ကဲ . . . ဂျူနီယာ မင်းကလည်း သူ တောင်းပန်ရင် ကျေနပ်လိုက်ပါကွာ။ ဟုတ်လား . . . ဘော်ဒါတွေပဲ ဥစ္စာ . . ."

ဖိုးရဲစကားဆုံးတော့ ငွေနှင်က ချက်ချင်းဆိုသလိုပဲ ဂျူနီယာ ကို တောင်းပန်လေတော့သည်။

"သူငယ်ချင်း ငါ့ကို ခွင့်လွှတ်ပါကွာ . . . ငါမင်းကို နောက်မစ တော့ပါဘူး"

"အေး . . . အဲဒါဆိုလည်းပြီးရော . . ."

အဲဒီလိုပြောပြီး ဂျူနီယာကလည်း အလွယ်တကူပဲ ငွေနှင်ကို ဖမ်းချုပ်ထားရာမှ ပြန်လွှတ်ပေးလိုက်၏။ သူတို့နှစ်ယောက် ပြန်သင့်မြတ် သွားတော့မှ ဖိုးရဲလည်း သူစိတ်ပူသောကရောက်သော ကိစ္စကို ပြန်သတိရ သွားပါသည်။ ငွေနှင်က . . .

"ဖိုးရဲ . . . မင်းမျက်နှာက ဘာဖြစ်နေတာလဲ"

"ဪ . . . မင်းတို့နဲ့ ညနေခြောက်နာရီတည်းက ငါထွက်လာ တာ အခုချိန်ထိ အိမ်ပြန်မရောက်သေးဘူး။ အဲဒါ အိမ်ကို ပြန်ရောက်ရင် အန်တီလေးက ငါ့ကို ဆူတော့မှာ . . ."

"မင်းကလည်း ဖိုးရဲရာ . . . ခါတိုင်းလည်း ဒီလိုပဲ ညဘက်

www.burmeseclassic.com

www.burmeseclassic.com



ထွက်နေကျဟာကို. . ."

"အခုက ခါတိုင်းလိုမဟုတ်ဘူးကွ. . . အန်တီလေး ပုဂံကနေ ခြောက်နာရီဝန်းကျင်လောက် ပြန်ရောက်မယ်လို့ ငါ့ကို ဖုန်းထဲမှာ ပြောထားတယ်။ ငါ့ကို အိမ်မှာ စောင့်နေတဲ့ ဘယ်မှမထွက်နဲ့. . . အဲဒါဆို ရင်လာမယ့်အပတ် ငါ့မွေးနေ့အတွက် ဒစ်ဂျစ်တယ်ဗွီဒီယိုကင်မရာ တစ်လုံး လက်ဆောင်ပေးမယ်တဲ့။ အခုတော့ သွားပြီပေါ့"

"ဟာ. . . နှမြောစရာကြီး ဖိုးရဲရာ. . ."

"ကဲပါ. . . အခုမှတော့ နှမြောမနေကြနဲ့။ မင်းတို့ပဲ ငါ့ကို ကလပ်သွားဖို့ အတင်းလာခေါ်ကြပြီးတော့. . ."

ဂျူနီယာကလည်း လိပ်ပြာမသန့်စွာ ဆင်ခြေဝင်ပေးလိုက်၏။

"ဟာ. . . ငါတို့က အဲဒီလိုမှန်းမှမသိတာကွ. . . နော်. . . ငွေ့ချန်. . . နော. . ."

"အေးလေ. . . ငါတို့နဲ့ ဘာမှမဆိုင်ဘူး။ အလွတ်ကြီး. . ."

အခုလိုကျတော့လည်း ငွေချန်နှင့် ဂျူနီယာဖော်တို့က တစ်ဖက်၊ ဖိုးရဲကတစ်ဖက် ဖြစ်သွားပြန်၏။ ဖိုးရဲကလည်း နှစ်ယောက်တစ်ယောက်ဖြစ်သွားတာကြောင့် ပြိုင်မပြောချင်တော့. . .။ ဖိုးရဲ စိတ်ကောက်သွားလေပြီ။

တကယ်တမ်းမှာ သူတို့သုံးယောက်စလုံးသည် အသက်ဆယ့်ခြောက်နှစ်ပင် မပြည့်သေးသော ကလေးဆိုးလေးတွေမျှသာ ဖြစ်ပါသည်။ ရန်ဖြစ်လိုက်၊ စိတ်ဆိုးလိုက်၊ ထိုးကြိတ်လိုက်၊ စိတ်ကောက်လိုက်၊ ပြန်တည့်လိုက်နှင့်. . . အမြဲပတ်လည်ရိုက်နေတာကိုက သူတို့အဖွဲ့ရဲ့ ပုံသဏ္ဌာန်စစ်စစ်ပဲ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေနှင့်လမ်းခွဲပြီး အိမ်ပြန်ရောက်သွားတော့ ဖိုးရဲကို မအိပ်ဘဲစောင့်နေသော အန်တီလေးက ကိုယ်တိုင် တံခါးထဖွင့်ပေး၏။ ပုဂံကို ကားရိုက်သွားခဲ့ရာမှ ပင်ပန်းပြီးပြန်လာသည့်တိုင် မင်းသမီး မေသစ္စာထွန်းသည် သူမရဲ့အချစ်တော်ဖိုးရဲ အိမ်ပြန်မရောက်သဖြင့် စိတ်ပူ၍ စောင့်နေရှာသည်။

ဖိုးရဲက အန်တီလေး သူ့ကို ဒီအချိန်အထိ မအိပ်သေးဘဲ ထိုင်စောင့်နေတာကြောင့် ဗွီဒီယိုကင်မရာရဖို့ အခြေအနေကောင်းသည်ဟု တွေးကာ ပျော်ရွှင်သွားပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လက်ျာသည် အခုတလော သူ့ချစ်သူနှင့်ပတ်သက်၍ စိတ်မချမ်းမြေ့စရာတွေ ခံစားနေရသည်။ ဒီနေ့မနက်ကလည်း သူတို့နှစ်ယောက် ဖုန်းထဲမှာ စကားများထား၏။ သူ့ချစ်သူက သာမန်မိန်းကလေးတစ်ဦး မဟုတ်။ သူမသည် နိုင်ငံကျော်ရုပ်ရှင်မင်းသမီး မေသစ္စာထွန်းယင် ဖြစ်၏။ သူမကို လိုချင်၍ ဝိုင်းဝန်းချဉ်းကပ်နေကြသူများရှိသည့်ကြားမှ လက်ျာက မေသစ္စာထွန်းရဲ့ အချစ်ကိုရခဲ့ခြင်း ဖြစ်ပါသည်။

အရင်က သူသည် မြန်မာ့လက်ရွေးစင် ရေကူးချန်ပီယံတစ်ဦး ဖြစ်ပြီး မှန်ကွဲရှသောဒဏ်ရာကြောင့် အနားယူခဲ့ရ၏။ လက်ရှိ သူ့အလုပ်က Love Boat ရေကူးကလပ်ကို တည်ထောင်ထားပြီး သူကိုယ်တိုင်လည်း နည်းပြဆရာအဖြစ် တာဝန်ယူထားသည်။ လက်ျာ၏နောက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



သီးခြားအလုပ်တစ်ခုမှာ မင်းသမီးမေသစ္စာထွန်းရဲ့ တရားမဝင်သော သက်တော်စောင့်ဖြစ်သည်။ လောလောလတ်လတ် လက်ျာ မကျေမနပ် ဖြစ်နေတဲ့ကိစ္စက မေသစ္စာထွန်းသည် သူလုံးဝမနှစ်မြို့က်သည့် အေးမင်း ဆိုသော မင်းသားနှင့်တွဲ၍ သုံးကားတိတိ ဗွီဒီယိုရိုက်ရန် လက်ခံလိုက် သည့်အတွက် ဖြစ်လေသည်။

အဲဒီ အေးမင်းဆိုတဲ့မင်းသားက မိန်းမကိစ္စမှာ နာမည်ဆိုး ထွက်နေသူ တစ်ဦးဖြစ်ပါသည်။ ဒီတော့ လက်ျာ စိုးရိမ်မည်ဆိုလည်း စိုးရိမ်သင့်သည့် အခြေအနေမို့ သူ့အလွန်တော့မဟုတ်. . .။ သို့သော် မေသစ္စာထွန်းက ကိုယ်ကောင်းလျှင် ခေါင်းဘယ်မှမရွှေ့ဟူသော အယူ အဆကို လက်ကိုင်ထား၏။ နောက်တစ်ချက် သူမသည် အေးမင်း၏ အိုက်တင်နှင့် သရုပ်ဆောင်ပညာကို သဘောကျသည်။

ပြီးတော့ အေးမင်းနှင့်သူမ တစ်ခါမှ တွဲမရိုက်ဖူးသေးတာ လည်းပါသည်။ ဒါကြောင့် သူမသည် လက်ျာ မကြိုက်မှန်းသိသည့်ကြား က မင်းသားအေးမင်းနှင့် ကားရိုက်ရန် လက်ခံခဲ့ခြင်းဖြစ်သည်။ ချစ်သူ က ငြိုငြင်သည့်တိုင် ဒါသည် သူမ ရွေးချယ်ပိုင်ခွင့်ရှိသော အနုပညာ လွတ်လပ်ခွင့်ပဲဟု ခံယူထား၏။

လက်ျာက ရေကူးကန်ဘေးမှာ အုတ်နံရံကြီးမှီကာ တွေဝေ စဉ်းစားနေမိသည်။ ထိုအခါ စိတ်ရှုပ်ထွေးခြင်းနှင့် ဒေါသဖြစ်မှုတို့က သူ့ကို တစ်လှည့်စီ စိမ်ခေါ်လာ၏။ ရေကူးဝတ်စုံကိုယ်စီနှင့် တပည့်မလေး နှစ်ယောက်က ကန်ထဲမှတက်လာကာ လက်ျာကို ပြုံးရွှင်စွာ နှုတ်ဆက် စကားဆိုပါသည်။

"သရဖီတို့ ပြန်တော့မယ်နော်။ ဟင်. . . ဘယ်လိုဖြစ်နေတာလဲ

www.burmeseclassic.com



ဆရာရဲ့. . . မှိုင်လှချည်လား. . . ဟင်း ဟင်း''

သူက လူမှုရေးအရ ပြန်လည်နှုတ်ဆက်ရန် ကြိုးစားလိုက်ဆဲမှာ နောက်တစ်ယောက်က. . .

''ကြည့်ရတာ ရွှေမင်းသမီးနဲ့တို့ဆရာ အဆင်မပြေဘူးထင်တယ် သရဖီရဲ့. . .''

''ဇင်ဇင်ပြောတာ ဟုတ်လားဆရာ. . .''

သူ့ကို မိန်းကလေးတွေပီပီ စပ်စုနေကြသော တပည့်မလေးနှစ်ယောက်ကြောင့် လကျ်ာသဘောကျပြီး ပြုံးလိုက်၏။ ဘာအဓိပ္ပာယ်ရှိသလဲဆိုတာတော့ သူကိုယ်တိုင်မှပဲ သိနိုင်ပေလိမ့်မည်။ သရဖီက. . .

''ဆရာက ပြုံးလိုက်တော့ ပိုချောလာတယ်သိလား. . . နော်. . . ဇင်ဇင်နော်. . .''

လကျ်ာကရှက်ပြီး အကြည့်ကို လွှဲပစ်လိုက်သည်။ ဇင်ဇင်ကလည်း သရဖီ့စကားကို ထောက်ခံပါသည်။

''ဟုတ်တယ်. . . ဆရာက ပြုံးရင်ပိုချောတယ်၊ ဟင်း ဟင်း. . . ဟင်း. . .''

ခပ်ကဲကဲ၊ ခပ်ရဲရဲကောင်မလေးတွေမို့ လကျ်ာ အနေရခက်လာ၏။ သူ့မျက်နှာသည် နီရဲကာ ရှက်အမ်းအမ်းဖြစ်လျက်ရှိသည်။ သူမတို့ ဝတ်ဆင်ထားသည့် ရေကူးဝတ်စုံမှာ ရေစိုး၍ကပ်နေသောကြောင့် ခန္ဓာကိုယ်အလှကောက်ကြောင်းကို အတိုင်းသား တွေ့နေရသည်။ ရှက်နေသော သူ့ကို သရဖီနှင့်ဇင်ဇင်တို့က စိုင်းလှောင်နေကြ၏။

''ဆရာက ချောတာပဲ. . . မင်းသားလုပ်ပါလား. . .''

''အေးလေ. . . တွဲရိုက်မယ့် မင်းသမီးကလည်း အဆင်သင့်ရှိ

www.burmeseclassic.com

www.burmeseclassic.com



ဦးသာညွှာ. . . ဆရာသာ မင်းသားလုပ်ရင် အေးမင်းတို့ ထမင်းတောင် ငတ်သွားဦးမယ်"

"ဆရာ. . . ဆရာနဲ့မေသစ္စာထွန်းတို့ ဘယ်လိုလုပ်ကြိုက်သွားကြတာလဲဟင်. . ."

ဒီပုံအတိုင်းဆိုရင် မဖြစ်တော့. . .။ သူတစ်ခုခု တုံ့ပြန်ဟန့်တားမှ ဖြစ်မည်။

"ကဲ. . . မင်းတို့နှစ်ယောက် စပ်စုနေတာများပြီ။ သွား. . . ပြန်စရာရှိတာ ပြန်တော့။ ခေါင်းကရေကို စင်အောင် သေချာသုတ်ဦး။ တော်ကြာ. . . ဖျားနေမယ်"

"ဟင်. . . ဆရာက ဇင်ဇင်တို့ မေးတာတွေကို တစ်ခုမှလည်း ပြန်မဖြေဘဲ လူကို အတင်းပြန်ခိုင်းနေတယ်"

"ဟုတ်သားပဲ. . . ဆရာနော်. . . လူလည်မကျနဲ့။ မေးထားတဲ့ မေးခွန်းတွေကို ဆရာဖြေပြီးမှ သရဖီတို့ ပြန်မယ်"

"အာ. . . ဒီကောင်မလေးတွေတော့ ခက်နေမှပဲ"

"ဘာမှမခက်ဘူး၊ ဆရာသာ အမှန်အတိုင်းဖြေ. . ."

ဇင်ဇင်က ပြောရင်း သူ့လက်မောင်းကိုလည်း ကိုင်လှုပ်လိုက်သေး၏။ သူမတို့နှစ်ယောက်က သူ့ကို ဆက်ဆံတာ ရဲတင်းပွင့်လင်းလွန်းလှသည်။ သူတို့သုံးယောက် မတ်တပ်ရပ်စကားပြောနေပုံကို မလှမ်းမကမ်းရှိ ရေကူးကန်ထဲမှ သင်တန်းသူများက အချင်းချင်း လက်တို့ပြ၍ စောင့်ကြည့်နေကြသည်ကို လက်ျာ သတိမထားမိလိုက်ချေ. . .

သရဖီက ပြောပြန်သည်။

"ဆရာရယ်. . . မေသစ္စာထွန်းနဲ့ ပတ်သက်ပြီးတော့ အရမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြီး ခံစားမနေပါနဲ့။ ဆရာ့ကို သိပ်ကဂျီကဂျောင်ကျနေရင် ဖြတ်သာ ဖြတ်ပစ်လိုက်... ''

လက်ျှာက သရဖီ့စကားကြောင့် မျက်မှောင်ကြုတ်သွားရင်း ထိုအခိုက် ဇင်ဇင်က...

''ဟုတ်ကဲ့ဆရာရဲ့... အဆင်မပြေတော့လည်း Go away ပေါ့။ မလွမ်းလောက်ပါဘူး။ အပြင်မှာ သူ့ထက်မိုက်တဲ့ ကောင်မလေးတွေတစ်ပုံကြီးပဲ။ ဇင်ဇင်ကိုယ်တိုင် ဆရာ့ကို ရှာပေးမယ်။ ဘယ်လိုလဲ...''

လက်ျှာသည် သူမတို့ကို ဝါပည့်ချာတိတ်မလေးတွေဟု သာမြင်ထားပြီး အမြဲခွင့်လွှတ် အလိုလိုက်နေကျဖြစ်သည်။ ဒါပေမဲ့ အခု သူ အဲဒီလို သဘောထား၍ မရတော့ပြီဆိုတာကို စောစောတုန်းက သူမတို့ ပြောသွားခဲ့သည့် စကားများက သက်သေခံလျက်ရှိ၏။

လက်ျှာက ဇင်ဇင်ကိုင်ထားသည့် လက်ကို တစ်ချက်ဆောင့် ရုန်းလိုက်ကာ သူ့မျက်နှာကို ချက်ချင်းပဲ အပေါင်းမာဆုံးဖြစ်အောင် ပြုပြင်လိုက်ပါသည်။

''မင်းတို့ ဘယ်လိုကောင်မလေးတွေလဲကွ။ သူများတကာရဲ့ ကိုယ်ရေးကိုယ်တာကို လိုက်ပြီး ကဲ့ရဲ့ဝေဖန်နေရတာလဲ...''

လက်ျှာ၏အသံမှာ ဒေါသကြောင့် အနည်းငယ် တင်းမာသွားပါသည်။ သရဖီနှင့်ဇင်ဇင်တို့က တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်ကြ၏။ နောက်... လက်ျှာကို ဘယ်လိုပုံစံနှင့်ဆက်ဆံရမလဲဆိုတာ သူမတို့ မျက်လုံးချင်းတိုင်ပင်လျက်ရှိ၏။ ဇင်ဇင့်ဆီမှ အသံပြန်ထွက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာရယ် စိတ်မဆိုးပါနဲ့။ ဖင်ဖင်တို့က ဆရာ့ဘက်က မခံချင်လို့ ပြောလိုက်မိတာပါ။ ဆရာ မကြိုက်ရင် နောက်ကို အဲဒီလို မပြောတော့ပါဘူး"

သရဖီကလည်း သူ့ကို ဝန်ချတောင်းပန်၏။

"ဆရာ့ကို အခုကိစ္စအတွက် သရဖီ တောင်းပန်ပါတယ်ဆရာ။ နောက်ကို မေသစ္စာထွန်းနဲ့ပတ်သက်ပြီး လုံးဝ မဝေဖန်တော့ဘူးလို့ ဆရာ့ကို သရဖီ ကတိပေးပါတယ်. . ."

လက်ျာ စိတ်ဆိုးသွားမှန်းသိသဖြင့် တပည့်မလေးနှစ်ယောက်သည် သူ့ကို မျက်နှာငယ်လေးနှင့် တောင်းပန်နေကြပြန်သည်။ အခုလို ကျတော့လည်း သူမတို့မှာ အမှားကျူးလွန်မိသော ပီဘိကလေးငယ်များပမာ ဆရာပေးမယ့်အပြစ်ဒဏ်ကို စောင့်စား၍ နေလေ၏။ သူက မျက်နှာညှိုးနွမ်းစွာဖြင့် သူ့ရှေ့မှာရပ်နေသော တပည့်မကလေးနှစ်ယောက်ကို ဆရာပီပီ ခွင့်လွှတ်ပေးလိုက်ရပါသည်။ ကိုယ့်အမှားကိုသိ၍ တောင်းပန်လာသော တပည့်ကို ဘယ်ဆရာက ခွင့်မလွှတ်ဘဲ နေပါမည်နည်း။

လက်ျာက တစ်ယောက်တည်း လျှို့ဝှက်စွာပြုံးလိုက်ပြီး သူမတို့ မျက်နှာတွေကို စေ့စေ့ကြည့်မိသည်။ အကြည့်ချင်းဆုံတော့ သရဖီနှင့် ဖင်ဖင်သည် သူမတို့ကို လက်ျာ ကျေအေးသွားပြီဆိုတာ အတတ်သိလိုက်၏။ ဒါပေမဲ့ သူမတို့က ပါးနပ်စွာ မျက်နှာငယ်လေးများနှင့် သူပြောလာမည့်စကားကို စောင့်စားနေကြသည်။

"ဒီတစ်ခါထားလိုက်တော့။ နောက်တစ်ခါကို အဲဒီလိုမဖြစ်စေနဲ့. . .ဟုတ်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဆရာ. . ."

ထိုစကားကို သူမတို့က သံပြိုင်ပြောလိုက်မိသဖြင့် နှစ်ယောက်သားကြိတ်ပြီး ရယ်နေကြပြန်သည်။ သူမတို့သာမက လက်ျာကပါ လိုက်ရယ်မိ၏။ သူတို့ဆရာတပည့်သုံးယောက် ကြည်ကြည်နူးနူးဖြစ်သွားကြပါသည်။ လက်ျာက သူမတို့ကို စိုးရိမ်ပူပန်စွာ ပြောပြီးသားကိုပဲ ထပ်ပြောလိုက်၏။

"ကဲ. . . ကဲ. . . သွားကြ. . . သွားကြတော့။ ရေစိုနဲ့ အကြာကြီး ရှိနေပြီ၊ ခေါင်းကို ရေစင်အောင် မြန်မြန်သွားသုတ်ကြချည်. . . သွား. . . သွား. . ."

သူက သူမတို့ကို အတင်းနှင်လွှတ်နေသဖြင့် သရဖီနှင့်ဇင်ဇင်တို့က အဝတ်လဲခန်းဆီ သွားတော့မည်ဆဲဆဲ. . . သူတို့အားလုံး ဘယ်သူမှ ထင်မထားသည့်အချိန်၌ အသံတစ်ခုက သူတို့ရှေ့တည့်တည့်မှာ ပြဿနာတစ်ရပ်အသွင်ဖြင့် ဘွားခနဲ ပေါ်ထွက်လာခဲ့ပါသည်။

ပြဿနာက တခြားတော့မဟုတ်. . .။ ဘယ်အချိန်က ဘယ်လို သူတို့ဘေးနား ရောက်နေမှန်းမသိသော မေသစ္စာထွန်းမှာ မျက်နှာထား ခပ်တင်းတင်းဖြစ်လျက်ရှိသည်။ လက်ျာက သူမကို မြင်မြင်ချင်း အံ့သြသင့်စွာ ဆိုလိုက်၏။

"ဟော. . . မေပါလား။ ဘယ်လိုလုပ်ပြီး ရေကူးကန်ကို ဒီအချိန်ကြီး ရောက်လာရတာလဲ"

မေသစ္စာထွန်းက သူ့စကားကြောင့် နှုတ်ခမ်းကို မဲ့လိုက်ပါသည်။ ပြီးတော့ သူမက အဆောက်အအုံဘက်သို့ လက်ညှိုးထိုးပြရင်း. . .

"ဘယ်ကလာရမှာလဲ။ ဟိုအပေါက်ဝကနေ လမ်းအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



တည့်တည့်ပဲလာတာပေါ့၊ ယူ (You) က မှန်နေတာကိုး. . . မေလာတာကို ဘယ်မြင်မလဲ''

''မေ စကားကို ဆင်ခြင်ပြီးပြောကွာ''

''ဟာ. . . ဒီမှာ မျက်မြင်ကိုယ်တွေ့ပဲ ဥစ္စာ. . .''

လက်ျာသည် မထင်မှတ်ဘဲ သူ့သိက္ခာကို စော်ကားခံလိုက်ရသဖြင့် သူမကို ဘာပြန်ပြောရမှန်း မသိလောက်အောင် ဖြစ်နေလေသည်။ အခု မေ လုပ်ချလိုက်တာက သူတစ်ယောက်တည်း မဟုတ်ဘဲ သူ့တပည့်မလေးနှစ်ယောက်ကိုပါ တိုက်ရိုက်စော်ကားပြီးသားဖြစ်နေ၏။

သရဖီနှင့်ဇင်ဇင်တို့မှာ မေသစ္စာထွန်းကို ဝင်းဝင်းတောက်နေသော အကြည့်များဖြင့် စူးစူးဝါးဝါးကြည့်နေကြသည်။ လက်ျာက အရမ်းအားနာတတ်သူတစ်ယောက်မို့ သူ့တပည့်မနှစ်ယောက်ကို ဘယ်လိုစ၍ တောင်းပန်ရမှန်းပင်မသိ. . .။ ဒေါသဖြစ်လွန်းနေသဖြင့် လက်ျာမှာ အသားတွေ တဆတ်ဆတ် တုန်ခါလာရသည်။

မေသည် သူ့ဂုဏ်သိက္ခာနှင့်အရှက်တရားကို သရဖီနှင့်ဇင်ဇင်တို့နှစ်ယောက်ရှေ့မှာ၊ Love Boat ရေကူးကလပ်ရှိ သင်တန်းသူ၊ သင်တန်းသားများရှေ့မှာ၊ ရေကူးကန်မှ ခန့်ထားသော ဝန်ထမ်းများစွာရှေ့မှာ ရက်စက်စွာ ချနင်းပစ်လိုက်လေပြီ။

အခုဆို Love Boat ရေကူးကလပ်ဝင်းထဲရှိ မျက်လုံးပေါင်းများစွာသည် မင်းသမီးမေသစ္စာထွန်းနှင့် သင်တန်းနည်းပြဆရာလက်ျာတို့ ဘာတွေ ဘယ်လိုဆက်ဖြစ်မည်ဆိုတာကို စောင့်စားမျှော်လင့်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



စောစောတုန်းက မေရဲ့ စွပ်စွဲစော်ကားလိုက်သောစကားကို ကြားလိုက်သူဆို၍ ကာယကံရှင်လက်ျာ မပါလျှင် သရဖီနှင့်ဇင်ဇင်တို့ နှစ်ယောက်သာ ရှိပါသည်။ တခြားသော Love Boat ရေကူးကလပ်ထဲ ရှိ လူတွေကတော့ မင်းသမီးမေသစ္စာထွန်း နေထိုင်သွားလာပုံကို စူးစမ်း လေ့လာသည့်သဘောဖြင့် ဝိုင်းပြုံကြည့်နေခြင်းဖြစ်သည်။

လက်ျာသည် သူ့ဒေါသတွေကို မျိုသိပ်ချုပ်တီးလိုက်ပြီး မေနှင့် အဆင်ပြေမှုတစ်ခု ရလိုရငြား သူမရဲ့မျက်ဝန်းဆီမှာ အဖြေရှာကြည့်မိ သည်။ မင်းသမီးမေသစ္စာထွန်းသည် သရုပ်ဆောင်မှုပညာ၌ မဆိုးလှသော် လည်း မျက်လုံးနှင့်သရုပ်ဆောင်ရာတွင်တော့ အားနည်းချက်ရှိကြောင်း ကို လက်ျာသိထား၏။ ဒါကြောင့်လည်း သူသည် မေ့ဆီမှ အမှန်တရားကို သိလိုလျှင် သူမ၏မျက်လုံးတွေကို အရင်ဆုံး အကဲခတ်နေကျဖြစ်ပါ သည်။

ခမ့်မျက်လုံးတွေကို တစ်မိနစ်နီးပါးမျှ သူလေ့လာပြီးသွား သောအခါ လက်ျာက ပြဿနာကို သဘောပေါက်သွားတော့၏။ မနက် တုန်းက ဖုန်းထဲမှာ သူသည် သူမကို မင်းသားအေးမင်းနှင့်တွဲ၍ ကား ရိုက်ရန် လက်ခံလိုက်သည့်ကိစ္စအား ကန့်ကွက်ဝေဖန်ရင်း သူတို့နှစ် ယောက်သား စကားများ ရန်ဖြစ်ခဲ့ကြသည်။ နောက်ဆုံးမှာ သူက သူမ စိတ် ကသိကအောက်ဖြစ်အောင် စကားကို အနိုင်ပိုင်းပြီး ဖုန်းပိတ်ထား ခဲ့၏။ အခု မေက အဲဒါကို လက်တုံ့ပြန်ဖို့ သူ့အလုပ်ချိန်မှာ Love Boat ရေကူးကလပ်အထိ လိုက်လာခဲ့ခြင်းဖြစ်နိုင်သည်။

လက်ျာက မေသစ္စာထွန်းအား ဒေါသတကြီး စိုက်ကြည့်နေ ကြသော သရဖီနှင့်ဇင်ဇင်တို့ကို သည်းခံပေးဖို့ မျက်ရိပ်ပြကာ တောင်း

www.burmeseclassic.com

www.burmeseclassic.com



ပန်လိုက်၏။ သရဖီက မကျေမနပ်နှင့် မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး ဇင်ဇင့်ကို လှမ်းပြောသည်။

"ဟိုမှာ သူ့ဟာကြီးကို သဝန်တွေတိုပြနေပြီ။ အရေးမပါလိုက်တာ. . ."

"အေးလေ. . . ငါတို့က ဘာလုပ်ရမှာလဲ။ ပျော်လို့ပဲညစ္စာ. . . ဟင်း. . . ဟင်း. . . ဟင်း. . ."

"ဩော်. . . ဇင်ဇင်ကလဲ။ သူ့အတွက်တော့ အဲဒါကြီးက အဖိုးမဖြတ်နိုင်လောက်အောင် တန်ဖိုးကြီးချင်ကြီးနေမှာပေါ့ဟ. . . နားလည်ပေးလိုက်ပါဟယ်. . . ငါတို့နဲ့တော့ ဘယ်တူပါ့မလဲ၊ ကဲ. . . လာပါ. . . လစ်ကြစို့. . ."

ပြောပြီး သူမတို့နှစ်ယောက်က မေသစ္စာထွန်းကို လှောင်ပြောင်ရယ်မောကာ ထိုနေရာမှထွက်သွားကြ၏။ လက်ျာမှာ သူမတို့ပြောသွားသောစကားများကြောင့် မျက်နှာတစ်ခုလုံး ထူပူသွားသည်။ ဒီနေ့အဖို့ မေနှင့် ပြေလည်စရာ အကြောင်းမရှိတော့မှန်းကိုလည်း သူသဘောပေါက်လိုက်၏။

မေ့ဒေါသများသည် လက်ျာထင်ထားသည့်အတိုင်းပင် သူ့ဆီသို့ တန်းတန်းမတ်မတ်ကြီး ရောက်ရှိလာပါသည်။ မေ့ကို ထုံးစံအတိုင်း စိတ်ဆိုးပြေအောင် လက်ျာက လိုက်ချော့၏။ ရေကူးကန်အနီးတစ်ဝိုက်ရှိ လူများက သူတို့နှစ်ယောက်ကိုလိုက်ကြည့်ကာ ပြုံးနေကြသည်။ လက်ျာက သူမကို ချော့လို့မရတော့သဖြင့် ခေါင်းကိုယမ်းလိုက်မိ၏။ ဒီပြဿနာမှာ မေလွန်တာမဟုတ်ဟု သူလက်ခံပါသည်။

သူ့ကို ပြဿနာရှာသွားသည့် ဟိုချာတိတ်မနှစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



သာ လက်ျာက စိတ်ထဲမှ ကျိန်ဆဲပစ်လိုက်၏။

နောက်တော့. . . ဝဠ်ကြွေးတစ်ခုလို သူက မေစိတ်ကောက်တာကို လိုက်ချော့ရင်း တစ်နေကုန်သွားခဲ့လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ညနေခင်းမိုးတိမ်များသည် နောက်ဆုံးပေါ် မြူပြည့်ယျာဥ်တစ်ခု ထက်၌ သပ်ရပ်စွာရွေ့လျားသွားကြ၏။ လက်ျာက ရေကူးကန်ထဲမှာ သွက်လက်ကျင်လည်စွာ ရေကူးနေသည့် မေ့ကို ငေးကြည့်နေမိသည်။ မနေ့တုန်းက သူ့ကို တစ်နေကုန် စိတ်ကောက်နေခဲ့သော ချစ်သူလေးသည် အခုတော့ ရေထဲမှာ ဖျံမလေးတစ်ကောင်လို ပျော်ပါးပျော်ရွှင်နေပုံရ၏။ လက်ျာက ဒီနေ့ Love Boat ကလပ်ကို လုံးဝ ပစ်ထားလိုက်ပြီး လျော်ကြေးအဖြစ် သီတာတို့ခြံထဲမှာ မေရေကူးတာကို စောင့်ကြပ်ပေးနေရခြင်းဖြစ်သည်။

မေက ရေကန်ထဲမှ အပေါ်တက်လာ၏။ အနက်ရောင်ရေကူး ဝတ်စုံအောက်မှာ ဖြူဖွေးဝင်းမွတ်နေသည့်အသားနှင့် ခန္ဓာကိုယ်

www.burmeseclassic.com

www.burmeseclassic.com



ကောက်ကြောင်းတွေသည် သူ့ရင်ခုန်သံများကို ပိုမိုမြန်ဆန်လာစေသည်။ ရေစိုနေသဖြင့် သူမ၏အလှက အတိုင်းသားထင်းနေ၏။

သူမက မဲ့ပြုံးလေးပြုံး၍ လက်ဗျာနားသို့ရောက်လာ၏။ ပြီးတော့ လက်ဗျာသောက်နေသည့် ကိုကာကိုလာဘူးကို သူမက သူ့လက်ထဲမှ မပြောမဆိုနှင့်ဆတ်ခနဲယူကာ မော့ချပစ်လိုက်သည်။ လက်ဗျာမှာ သူမ၏ စွဲမက်စရာအလှတွင် ငြိတွယ်မိန်းမောနေဆဲ. . . သီတာက မေ့နာမည်ကို လှမ်းခေါ်ရင်း အိမ်ထဲမှပြေးထွက်လာ၏။

"မေရေ. . . မေ. . . ဒီမှာ မေ့တူလေးဆီက ဖုန်းလာနေတယ်"

မေသစ္စာထွန်းက ကုန်လုနီးပါးသာ ကျန်တော့သည့် ကိုကာကိုလာဘူးအား သူ့လက်ထဲပြန်ထိုးပေးလိုက်ပြီး. . .

"ပေး. . . ပေး. . . မေပြောမယ်"

သူမသည် သီတာ့ဆီမှဖုန်းကို လှမ်းယူကာ ကမန်းကတန်းပြောလိုက်ပါသည်။

"မိုးရဲလား. . . သားပြော. . ."

". . . . . . . . . ."

"အန်တီလေးက အန်တီသီတာတို့အိမ်မှာ ရောက်နေတာသားရဲ့. . ."

". . . . . . . . . ."

"ဘာလုပ်နေတာလဲဆိုတော့ ရေကူးနေတယ်. . . အဲဒီတော့ဖုန်းကို အန်တီသီတာ့အခန်းထဲမှာ ထားခဲ့ရတာပေါ့"

". . . . . . . . . ."

"ဟုတ်တယ်. . . သားက ညှော်ခန်းထဲပဲ ရောက်ဖူးတာကိုးကွ။

www.burmeseclassic.com

www.burmeseclassic.com



အန်တီသိတာတို့အိမ်မှာ ရေကူးကန်ရှိတယ်၊ သားက ဘာလုပ်ချင်လို့လဲ. . .''

''. . . . . . . . .''

''အဲဒါဆိုရင် ဒီလိုလုပ်. . . သား ဒီကိုမလာခဲ့နဲ့။ နောက်ထပ်နာရီဝက်လောက်ဆိုရင်တော့ အန်တီလေ့လည်းပြီးပါပြီ။ သား အိမ်ကိုပဲပြန်လာခဲ့လေ. . . ဟုတ်ပြီလား. . .''

''. . . . . . . . . . . . .''

''သားက လိမ္မာပါတယ်ကွာ. . . အိုကေ. . .''

မေသစ္စာထွန်းက ဖုန်းကိုချပစ်လိုက်၏။ လက်ျာက မေဖုန်းပြောနေတာကို ဘေးမှထိုင်ငေးကြည့်နေမိသည်။ သိတာက သူမကိုမေးပါသည်။

''မေ့တူတော်မောင်က ဘာတဲ့လဲ. . .''

''ဪ. . . သူတို့စီးရီးသွင်းနေတာ ငွေနှစ်သိန်းလောက်လို့လို့တဲ့၊ ဒီနေ့ စတူဒီယိုဖိုး ပေးရမယ်တဲ့. . .''

''အဲဒါဆို မေက ပြန်ရတော့မှာပေါ့. . .''

''အင်း. . .''

ထိုစဉ် သူမတို့စကားလမ်းကြောင်းထဲသို့ လက်ျာရဲ့ တန့်ကွက်သံကြီးက ဖြတ်ဝင်လာ၏။

''ပြန်လို့မရဘူးနော်မေ. . . အခုမှ လေးနာရီခွဲပဲရှိနေတာ. . . မေ ကတိပေးထားတဲ့အတိုင်း ကိုယ်နဲ့ ခြောက်နာရီထိုးတဲ့အထိ နေရမယ်. . .''

''ယူကလည်း အခုချက်ချင်းကြီး မပြန်သေးပါဘူး။ နောက်နာရီ

www.burmeseclassic.com

www.burmeseclassic.com



ကော်လောက်မှပါ. . ."

"မေနော်. . . ဒီနေ့ မေတောင်းဆိုလို့ ကိုယ့်မှာ အလုပ်က တောင်ခွင့်ယူပြီး မေနဲ့အတူနေပေးတာ။ အခုမှ ကတိဖျက်လို့မရဘူး"

"လက်ျာ. . . ယူ မေ့ကို အဲဒီလိုမရစ်နဲ့ကွာ။ ဟိုမှာ ဖိုးရဲလှမ်း ခေါ်နေလို့ပါ။ တော်ကြာ မေပြန်မလာရင် ဒီကို သူတို့အုပ်စုလိုက်လာ မှာ။ အဲဒါ ယူနဲ့တိုးမှာစိုးလို့. . ."

"တိုးတော့ရော ဘာဂရုစိုက်ရမှာလဲ. . . ကလေးတွေပဲ. . ."

"ဟာ. . . ကလေးတွေဆိုပေမယ့် သူတို့က အုပ်စုနဲ့။ ပြီးတော့ အဲဒီကောင်တွေက ရန်ဖြစ်တတ်တဲ့အရွယ်တွေ. . . အခုတောင် ဖိုးရဲက ယူနဲ့ မေ့သတင်းတွေကြားပြီး ယူ့ကို ကောင်းကောင်းကြိမ်းဝါးနေတယ်။ တွေ့ရင် အသေပဲတဲ့. . ."

"အောင်မာ. . . အဲဒီကလေးတွေများ ကိုယ်က ကြောက်နေ ရမှာလား"

မေသစ္စာထွန်းသည် ကလေးဆိုးကြီးတစ်ယောက်လို လူမိုက် စကားတွေပြောနေသော လက်ျာကို သဘောကျစွာ တခစ်ခစ်ရယ်လိုက် မိပါသည်။ နောက် သူမက သူ့ပါးပြင်တစ်ဖက်ကို မနာကျင်အောင် ခပ်ဖွဖွလေး ဆွဲလိမ်၏။

"ယူကလေး. . . သိလား. . ."

သီတာက အလိုက်သိစွာ အိမ်ထဲကိုပြန်ဝင်သွားသည်။ သီတာ မရှိတော့မှ သူက. . .

"မသိဘူး"

"တကယ် မသိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



သူမက အောက်နှုတ်ခမ်းကို ဖိကိုက်ရင်း သူ့ကိုစိုက်ကြည့်နေသည်။ လက်ျာက အပြုံးရိပ်ရိပ်လေးနှင့် ခေါင်းကို ယမ်းပြ၏။ သူ့အမူအရာကြောင့် မေ့အသည်းတွေ ယားလာပါသည်။

"တကယ် မသိဘူးနော်. . ."

သူမသည် သူ့ရဲ့ မထီတရီလုပ်ပုံတွေကို ရင်မဆိုင်နိုင်တော့ဘဲ ချာခနဲ လှည့်ထွက်သွားလိုက်၏။

တစ်လှမ်း. . . နှစ်လှမ်း. . . သုံးလှမ်း. . .။

"မေ. . ."

လက်ျာက သူမ၏နာမည်ကိုခေါ်ပြီး ခြေလှမ်းသုံးလှမ်းစာကို တစ်လှမ်းထဲနှင့်အမီ ခုန်ကူးလိုက်ပါသည်။ ပြီးတော့ ခေတ်လိုက်သလို သူတို့နှစ်ယောက် ဆွဲငင်မိသွားကြသည်။ ညနေခင်း၏ နေရောင်ထဲမှာ သူတို့အရိပ်ချင်း ဆယ်မိနစ်ခန့် ပူးကပ်နေခဲ့ပါသည်။ လူသူတစ်ယောက်မှမရှိသော သီတာတို့ခြံထဲမှာ ငှက်အော်သံတချို့က နေဝင်ချိန်ကို ကြိုလင့်လို့နေလေသည်။

အဲဒီနေ့က မေသစ္စာထွန်းသည် ဖိုးရဲကို ကတိပေးထားသည့်အတိုင်း နာရီဝက်အတွင်း အိမ်ပြန်ရောက်သွားခဲ့ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ ဖိုးရဲသည် အန်တီလေးဆီမှ ဒစ်ဂျစ်တယ်ဗွီဒီယိုကင်မရာ တစ်လုံး မွေးနေ့လက်ဆောင်ရထားသဖြင့် အထူးရွှင်ပြလျက်ရှိ၏။ ဖိုးရဲ မွေးနေ့မို့ သူတို့သူငယ်ချင်းများအားလုံး ပျော်နေကြသည်။ ဝွန်းမှာ ဦးလေးတစ်ယောက်ဆီမှ မုန့်ဖိုးတော်တော်များများရထားပြီး ပိုက်ဆံ တွေထောနေ၏။ ဂျူနီယာဇော်ကိုလည်း နိုင်ငံခြားရောက်နေသော သူ့အဖေက ဒေါ်လာသုံးရာ လှမ်းပို့ထားသဖြင့် ဖက်တီးမှာ ဒီတစ်ရက် နှစ်ရက်အတွင်း မြောက်ကြွမြောက်ကြွ ဖြစ်နေလေသည်။

အခုဆို 'နှမ်းဖျစ်'အဖွဲ့သားတွေအကုန်လုံး တိုက်ဆိုင်စွာ ထူးထူးခြားခြား အဆင်ပြေနေကြ၏။ Hip Hop အဖွဲ့ဆိုသော်လည်း သူတို့အဖွဲ့၏ 'နှမ်းဖျစ်'ဆိုသောနာမည်မှာ 'မြေပဲယို' အဖွဲ့ကို အားကျမခံ

www.burmeseclassic.com

www.burmeseclassic.com



လိုက်မှည့်ထားခြင်းဖြစ်သည်။

စီးရီးအတွက် လိုအပ်ချက်များကို ငွေရှိတုန်းလေးမှာ ဖိုးရဲက ဦးဆောင်၍ ဖြည့်ဆည်းနေကြသည်။ ဒါကြောင့်လည်း ရှေ့တစ်လလောက်ဆိုလျှင် သူတို့'နှမ်းဖျစ်'အဖွဲ့၏ 'သူငယ်ချင်းသုံးယောက်' ဆိုသည့် စီးရီးကို ထုတ်လုပ်ဖြန့်ချိနိုင်တော့မည်ဖြစ်၏။

သူတို့ခွေကို ဖြန့်ချိပေးမည့်သူကလည်း အဆင်သင့်ရှိ၏။ ထိုသူမှာ 'စိန်ရွှေနိုင်'ဟူ၍အမည်ရပြီး 'လေဆာ'တေးထုတ်လုပ်ရေး ပိုင်ရှင် ဦးစိန်သန်း၏ တစ်ဦးတည်းသော ပေါ်ချာချာသားကလေးဖြစ်သည်။ စိန်ရွှေနိုင်သည် ဖိုးရဲ၏ အန်တီလေး(ခေါ်) မင်းသမီးမေသစ္စာထွန်းအား အသေရရ၊ အရှင်ရရ ကြိုက်နေသူပင်ဖြစ်လေ၏။ အခုလည်း အဒေါ်လုပ်သူကို မျက်နှာလိုမျက်နှာရလုပ်ကာ ဖိုးရဲတို့အခွေကို သူတို့ဆိုင်မှ ဖြန့်ချိပေးရန် အတင်းအဓမ္မ ဆောင်ရွက်ပေးနေပါတော့သည်။

ဖိုးရဲတို့မှာ ငွေယားလေးများ ကျန်ရှိနေပြီး 'နှမ်းဖျစ်'ထွက်သည့်အချိန်၌ ရန်ကုန်မှာ မနေလိုသဖြင့် ချောင်းသာကမ်းခြေသို့သွားရန် ရွေးချယ်ဆုံးဖြတ်လိုက်ကြ၏။ ဒီအရွယ်ရောက်နေပြီမို့ လူကြီးတွေကလည်း လူငယ်တွေရဲ့ ပျော်ရွှင်လွတ်လပ်မှုကို မပိတ်ပင်ဘဲ ခရီးထွက်ခွင့်ပြုခဲ့ကြပါသည်။

စိန်ရွှေနိုင်က ဖိုးရဲဗိုလ်ကျ၍ ဆိုးသမျှကိုသည်းခံကာ ရအောင်ပေါင်းထားနိုင်သူဖြစ်၏။ သူ့ငွေးသားမို့ သူက ဖိုးရဲတို့ လိုအပ်တာတွေကို ပံ့ပိုးပေးထားသည်။ ဖိုးရဲကလည်း ညာစားလို့ကောင်းအောင် 'စိန်ရွှေနိုင်'အား 'နှမ်းဖျစ်'အဖွဲ့၏ မန်နေဂျာရာထူးကို ဗုံးပေါလအောင်ပေး၍ ရက်ရက်ရောရော ပေးထားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း သူတို့ 'နှမ်းဖျစ်'တွေ ခရီးထွက်နေခိုက် မန်နေဂျာကြီးစိန်ရွှေနိုင်က ရန်ကုန်မှာ စီးရီးထွက်ဖို့ လုပ်စရာရှိတာတွေကို လုပ်ဆောင်ရန် ကျန်ရစ်ခဲ့မည်ဖြစ်သည်။

သို့သော်. . . စိန်ရွှေနိုင်ကလည်း ကိုယ့်အကြံနဲ့ကိုယ် ရန်ကုန်မှာ ကျန်နေခဲ့ခြင်းဖြစ်ပါ၏။ ဖိုးရဲမရှိခိုက်မှာ စီးရီးထွက်ဖို့ကိစ္စကို အကြောင်းပြု၍ မင်းသမီးမေသစ္စာထွန်းဆီ ချောင်းပေါက်မတတ် သွားခွင့်ရမည် မဟုတ်ပါလား။

●

စိန်ရွှေနိုင်သည် ကန်တော်ကြီးထဲရှိ မင်းသမီးမေသစ္စာထွန်း၏ရှူတင်သို့ ကားကို မြန်မြန်မောင်းသွားနေ၏။ ရှူတင်ရောက်တော့ ကားကို ကမူးရှူးထိုးနှင့် ထိုးရပ်ကာ သူဆင်းလာသည်။ စိန်ရွှေနိုင်မှာ ခေါင်းတစ်ခေါင်းလုံးကို ဂျယ်တွေရွှဲနေအောင် လိမ်းကျံဖီးသင်၍ပုံသွင်းထားသည်။ အင်္ကျီနှင့်ဘောင်းဘီကိုလည်း ခေါက်ရိုး မကျေမှုအောင် ကြွကြွရွရွလေး ဝတ်ထားသဖြင့် ယောက်ျားကြီးတန်မဲ့ မဖွယ်မရာ အမူအရာမျိုးဖြစ်နေ၏။

စိန်ရွှေနိုင်ကို မြင်သူတိုင်းက ပြုံးစိစိနှင့်လိုက်ကြည့်နေကြပါသည်။ မင်းသမီးမေသစ္စာထွန်းမှာ သူ့ကို လှမ်းမြင်လိုက်ရကတည်းက တော်တော်ကြီး စိတ်ပျက်လက်ပျက်ဖြစ်သွားဟန်နှင့် ခေါင်းကို ယမ်းလိုက်၏။ ဒါကိုမြင်တော့ မင်းသားအေးမင်းက မေးမြန်းပါသည်။

"မေသစ္စာ. . . ဘာယ်လိုဖြစ်လို့ ဒီလောက်ခေါင်းကိုယမ်းနေရ

www.burmeseclassic.com

www.burmeseclassic.com



တာလဲ"

သူမက အေးမင်းကို မေးဆတ်ပြလိုက်ရင်း. . .

"ဟိုမှာ. . . မေ့ကို လိုက်ကြောင်နေတဲ့သတ္တဝါ ရှုတင်ကို ရောက်လာလို့ပါ။ ဘယ်သူကများ ညွှန်လိုက်ပြန်ပြီလဲ မသိဘူး။ သိပ် စိတ်ညစ်တာပဲ"

"ဩော်. . . မေသစ္စာက အရမ်းလှပြီး နာမည်ကြီးမင်းသမီး တစ်ယောက်ပဲဥစ္စာ. . . ဒါမျိုးလောက်တော့ရှိမှာပေါ့. . ."

"ကိုအေးမင်း မသိပါဘူး။ အဲဒီတစ်ယောက်က တော်တော်ကြီး ကိုဆိုးတာ. . . နောက်ကျရင် ကိုအေးမင်း သိလာလိမ့်မယ်. . ."

"အဲဒီလောက်တောင်ပဲလားဗျ။ ဒါဆို ဒီလိုလုပ်ပါလား။ မေသစ္စာ မလိုလားဘူးဆိုရင် အဲဒီငတိကို ကျွန်တော် ပညာပေးလိုက် မယ်လေ"

"တကယ်လားဟင်. . . ကိုအေးမင်းသာ အဲဒီလိုကူညီမယ် ဆိုရင်တော့ အတိုင်းထက်အလွန်ပေါ့"

"ကောင်းပြီလေ. . . မေသစ္စာသာ ကြားထဲက ဘာမှဝင်မပါ ဘဲ ရှောင်နေလိုက်။ ကျန်တာအားလုံး ကျွန်တော့်တာဝန်ထားစမ်းပါ"

"အိုကေလေ. . . ကြည့်ရသေးတာပေါ့"

သူမက နှုတ်ခမ်းကို တွန့်ကွေး၍ ခပ်မဲ့မဲ့လေး ပြန်ပြောလိုက် ပါ၏။ အေးမင်းသည် သူတို့ဘက်သို့ အူတိအူကြောင်နှင့် လမ်းလျှောက် လာသော စိန်ရွှေနိုင်ကိုကြည့်ရင်း လျှို့ဝှက်အေးစက်စွာ တစ်ချက်ပြုံးလိုက် မိသည်။

ဒါရိုက်တာဇော်ကြီးက ရှုတင်မန်နေဂျာနှင့် ယဉ်စိခုခုအား

www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးငြင်းခုန်နေပုံရ၏။ ဒါကြောင့် မင်းသားရော မင်းသမီးပါ ခဏ အနားရနေကြခြင်းဖြစ်ပါသည်။

စိန်ရွှေနိုင်က ကားယားကားယားနှင့် သူမ ရှိရာသို့လျှောက်လာနေ၏။ အေးမင်းသည် သူ့တပည့်လေးမောင်လုံးကို တီးတိုးကပ်ပြောလိုက်ပါသည်။ မောင်လုံးကလည်း ဆရာဖြစ်သူ ဘာလုပ်ချင်တယ်ဆိုတာ ချက်ချင်း သဘောပေါက်သွား၏။ အဲဒီနောက်မှာ သူတို့က စိန်ရွှေနိုင်ကို ပညာပေးဖို့ စတင်လေတော့သည်။

စိန်ရွှေနိုင်က မင်းသမီး မိတ်ကပ်လိမ်းနေသည့်ဘေးမှာ သူမကို ဖိုးရဲတို့စီးရီးနှင့်ပတ်သက်၍ သူအိတ်စိုက်ပြီး လုပ်ခဲ့ရတာတွေကို ဂုဏ်ဖော်ကာ ခပ်ကြွားကြွားလေး ပြောနေ၏။ မိတ်ကပ်မာမီကျော်မှာ သူ့အလုပ်ကို လာနှောင့်ယှက်နေသည့် စိန်ရွှေနိုင်အား မျက်စောင်းတခဲခဲ လုပ်နေလေသည်။

ထိုစဉ် မလှမ်းမကမ်းဆီမှ မင်းသားအေးမင်း၏ ဆူပူငေါက်ငမ်းသံကြီး ပေါ်ထွက်လာပါသည်။ မင်းသားက သူ့တပည့်လေး မောင်လုံးကို ဆူနေခြင်းဖြစ်၏။

"ဟေ့ကောင်. . . မင်းကို ဒါမျိုးဖြစ်မှာစိုးလို့ မနက်အိမ်က မထွက်ခင် သတိပေးလိုက်သေးတယ် မောင်လုံးရာ။ ဒီကြားထဲက ငွေဘောင်းဘီကို မေ့ကျန်ခဲ့တယ်ဆိုတော့ မင်းကို ငါက ဘယ်နေရာမှာ သွားသုံးရတော့မှာလဲ။ ကဲ. . . အခု ခဏနေရင် ဒါရိုက်တာက မနေ့တုန်းက အဆက်ကို ရိုက်တော့မယ်။ ဘယ်လိုလုပ်မလဲ။ အဲဒါကား ဘာမှ သောက်အသုံးမကျတဲ့ကောင်. . ."

လူကြားထဲမှာ အအော်ခံလိုက်ရသဖြင့် မောင်လုံးမှာ ရှက်ပြီး

www.burmeseclassic.com



ဝမ်းနည်းသွားပုံရ၏။ နောက်. . . ပေါက်ကွဲစွာ ဆရာကို ပြန်ပြောလေတော့သည်။

"တောသားဆိုပြီး ကျွန်တော့်ကို အဲဒီလောက်မနှိမ်ပါနဲ့။ ဆရာ့ဟာတွေက ဒီလောက်အများကြီးဆိုတော့ ကျွန်တော်လည်း အကုန်ဘယ်မှတ်မိတော့မလဲ။ ရောပြီး မေ့ကုန်တာပေါ့။ အခုလည်း အဲဒါလေးတစ်ခုပဲကျန်တာပါ။ ကားနဲ့ပြန်ယူရင် ရတာပဲဥစ္စာ. . . သူ့ကိုယ်သူ မင်းသားဆိုပြီး ကြီးကိုကြီးကျယ်တယ်။ လူကို လူလိုမဆက်ဆံချင်ဘူး။ အဲဒါကြောင့်လည်း ဆရာ့ဆီမှာ ဘယ်သူမှ မလုပ်ချင်ကြတာကိုး. . ."

မောင်လုံး၏ အမှတ်မထင် ပြန်ပြောမှုကြောင့် ပတ်ဝန်းကျင်မှာ ရယ်သံတွေ ဝါးခနဲဆူညံသွားကြ၏။ ပုံမှန်ဆို သူ့လိုစူပါမင်းသားကို ဒါမျိုးမရယ်ရဲကြသော်လည်း အခုတော့ ရယ်မိသွားကြလေပြီ။ အေးမင်းမှာ မျက်နှာကြီးမည်းခနဲဖြစ်သွားကာ တပည့်ကျော်မောင်လုံးဆီသို့ လှစ်ခနဲ ခုန်ဝင်သွားပါသည်။ မောင်လုံးက အမြန်ရှောင်ပြီး ထွက်ပြေးသည်။ ရှူတင်တစ်ခုလုံး လူတွေရုတ်ရုတ်သဲသဲဖြစ်ကုန်ကြ၏။ ဒါရိုက်တာခမျာမှာလည်း ဘယ်သူ့ကိုမှ ဆွဲဖို့အချိန်မမီလိုက်သဖြင့် အဝေးမှသာ အော်ဟစ်၍ ရပ်နိုင်းနေရသည်။

မောင်လုံးက လူတွေကြားထဲ ပတ်ပြေးရင်းမှ မင်းသမီးဘေး၌ရပ်နေသော စိန်ရွှေနိုင်အား ဘုန်းခနဲ ဝင်တိုက်ပစ်လိုက်၏။ စိန်ရွှေနိုင်မှာ ရွှံ့မြေလမ်းပေါ် လဲကျမသွားအောင် ကြိုးစား၍ထိန်းနေဆဲ. . . နောက်မှ ပြေးလိုက်လာသော အေးမင်းက စိန်ရွှေနိုင်အား အရှိန်နှင့် ထပ်မံပြေးတိုက်ချလိုက်လေသည်။

အခုတော့ ကော့ပျံတောက်ပြောင်စွာ ဝတ်စားလာသော

www.burmeseclassic.com

www.burmeseclassic.com



စိန်ရွှေနိုင်သည် ရွံ့ရည်များပေလူးကာ လူရယ်စရာကြီးဖြစ်လို့နေ၏။ စိန်ရွှေနိုင်သည် ဒေါသနှင့်အရှက်ကြောင့် မျက်နှာတစ်ခုလုံးမှာ နီရဲတောက်လောင်နေလေသည်။

မင်းသားအေးမင်းနှင့် တပည့်ကျော်မောင်လုံးတို့၏ သရုပ်ဆောင်မှုတွေကို သူမမှုလွဲ၍ ဘယ်သူမျှမသိလိုက်ကြချေ။ သူမကာ စိန်ရွှေနိုင်၏အဖြစ်ကြောင့် ရယ်မောသွားမိသည်။ မောင်လုံးမှာ ကန်တော်ကြီး အပြင်ရောက်တဲ့အထိ ထွက်ပြေးသွားသဖြင့် အေးမင်းလည်း မလိုက်တော့ဘဲ ပြန်လှည့်လာခဲ့ရ၏။ မင်းသားသည် ရွှံ့တွေ ပေတူးနေသော စိန်ရွှေနိုင်ကို မြင်တော့ 'ဆောရီး'ဟူ၍ ယုတ္တိရှိအောင် တောင်းပန်ပါသည်။

မင်းသားအေးမင်းကိုယ်တိုင်က တောင်းပန်သဖြင့် စိန်ရွှေနိုင်လည်း အင်တင်တင်နှင့်`ခွင့်လွှတ်ရှာသည်။ နောက်. . . စိန်ရွှေနိုင်မှာ မေသစ္စာထွန်းအား နှုတ်ဆက်ပြီး ရွှံ့ပေဝတ်စုံကြီးနှင့်ပင် ကားပေါ်တက်သွားတော့၏။

အခြေအနေတွေအားလုံး အေးအေးဆေးဆေးနှင့် ပုံမှန်ပြန်ဖြစ်သွားမှ မေသစ္စာထွန်းက အေးမင်းကို လက်ဆွဲနှုတ်ဆက်ပါသည်။

"ကွန်ဂရက်ကျူလေးရှင်းပါ ကိုအေးမင်း. . . တကယ်ပြောတာပါ၊ ကိုအေးမင်းက သရုပ်ဆောင်တာ သိပ်တော်တာပဲနော်၊ အင်းပေါ့လေ. . . ဒါကြောင့်လည်း လူတွေကြားမှာ အေးမင်း. . . အေးမင်းဆိုပြီး နာမည်ကြီးနေတာဖြစ်မယ်"

သူမ စကားဆုံးသွားတော့ အေးမင်းက ပေါ့ပါးစွာရယ်မောလိုက်ပါသည်။ နောက်. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ မေသစ္စာက ကျွန်တော့်ကို မြှောက်နေတာပဲ။ ကျွန်တော်က အဲဒီလောက်လည်း နာမည်မကြီးသေးပါဘူးဗျာ။ အခု ခေတ်မှာ လူရှားနေတာရော၊ ကြက်ကန်းတိုးသွားတာရော. . . ပေါင်းစပ်သွားလို့ ကျွန်တော်မင်းသားဖြစ်လာခဲ့တာပါ။ သိပ်တော်လွန်းလို့ မဟုတ်ဘူး မေသစ္စာရဲ့. . ."

သူမက ဒေးမင်းစကားကြောင့် သွဲ့သွဲ့ညင်းညင်းလေး ရယ်မောနေလေ၏။ ပြီးတော့. . . အေးမင်းကို မေက မှတ်ချက်တစ်ခု ချပါသည်။

"ပညာရှင်ပီသတဲ့လူတွေများ ကိုယ့်ကိုကိုယ် တယ်ပြီးနှိမ့်ချကြပါလား။ ဟင်း. . . ဟင်း. . . ဟင်း. . ."

အေးမင်းမှာ စကားတတ်အိုးလေး သူမကို ပြန်ချေပရန် စကားရှာမရတော့ဘဲ ပြုံးပြုံးကြီးလုပ်နေခဲ့သည်။

ထို့နောက် ဒါရိုက်တာဇော်ကြီးက ရိုက်ကွင်းစပြီဆိုသဖြင့် သူတို့လည်း အလုပ်ထဲမှာပဲ အာရုံစိုက်ထားရတော့၏။

ဘာပဲဖြစ်ဖြစ် မေသစ္စာထွန်းသည် ရှူတင်ပေါ်၌ စိန်ရွှေနိုင်မရှိတော့သောကြောင့် အေးမင်းကို တကယ်ပဲ ကျေးဇူးတင်မိသည်။ အဲဒီတုန်းကအကြောင်းကို ပြန်တွေးမိတိုင်း ပြုံးရယ်သွားရသည်။ အေးမင်းအပေါ် သိပ်မကြည်လင်သော လက်ျာကတောင် သူမ ပြောပြ၍ သဘောတွေ ကျနေခဲ့သေး၏။

ရင်ဘတ်ထဲက အမှတ်တရဆိုသည်မှာ ကြိုတင်ကြံစည်ထားခြင်းမရှိသော မတော်တဆကိစ္စများသာဖြစ်ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၅)

www.burmeseclassic.com

www.burmeseclassic.com

လက်ျာသည် သူမကို ဘာမှမပြောဘဲ မနေ့က ရုတ်တရက် ခရီးထွက်သွားသဖြင့် ဇမသစ္စာထွန်းတစ်ယောက် ဒေါပွလျက်ရှိ၏။ သူဟာ ဘယ်မြို့ကို၊ ဘာကိစ္စနဲ့သွားတယ်ဆိုတာကို သူမ မသိ။ သူမ တင်မဟုတ်။ လက်ျာ၏အမေကိုယ်တိုင်လည်း မသိပေ။ အဖေမရှိတော့သော သားအမိနှစ်ယောက်မှာ ဒီအမေအိုကြီးကိုတောင် အသိမပေးဘဲ ပျောက်သွားသည့် လက်ျာ၏လုပ်ရပ်ကြောင့် မေ့မှာ အသည်းယားလှသည်။ ထိုစိတ်ကြီးကြောင့် ရှုတင်တွင်လည်း အဆင်မပြေဘဲ သူမမှာ ဒီရိုက်တာရဲ့ အဆူအဆဲကို ခံနေရသည်။

ဒါ့အပြင် သူမ တူလေး ဖိုးရဲတို့အုပ်စု ချောင်းသာသွားကြတာ လေးရက်တိတိ ရှိပြီဖြစ်သော်လည်း အခုထိ ပြန်မရောက်လာသေး။

www.burmeseclassic.com

www.burmeseclassic.com



မေသစ္စာထွန်းမှာ ချစ်သူအတွက်ရော၊ တူလေးဖိုးရဲအတွက်ပါ စိတ်ပူနေရ၏။ အရေးထဲမှာ စိန်ရွှေနိုင်ဆိုသည့်ကောင်က သူမကို ရည်းစားစကားပြောသွားသည်။ စိတ်ပျက်စရာပင် . . .။ ပို၍ရယ်ဖို့ကောင်းသည်မှာ ဖိုးရဲတို့ ပြန်မလာခင် သူ့ကိုအဖြေပေးရမည်ဟု တောင်းဆိုနေခြင်းပဲဖြစ်၏။

စိတ်ရှုပ်၍ ဖိအားတွေများနေသော မေသစ္စာထွန်းအားမင်းသားအေးမင်းက အနုပညာသမားချင်း နားလည်မှုရှိစွာ ဖေးမကူညီသည်။ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးသည်။ မေက ရှူတင်မှာ သီတာ့ကို အဖော်အဖြစ်ခေါ်ထားကာ တိုင်ပင်စရာရှိတာ တိုင်ပင်တတ်၏။ သီတာနှင့်မေသည် ကျောင်းနေဖက် ငယ်သူငယ်ချင်းများလည်းဖြစ်ကြသည်။ သီတာတို့မိသားစုနှင့် မေတို့မိသားစုမှာ ဟိုး အရင်ကတည်းက နှစ်အိမ့်တစ်အိမ် နေကြသူများမို့ ဆွေမျိုးရင်းချာတွေပမာဆက်ဆံရေးမျိုးရှိ၏။

သီတာတို့မိသားစုက မျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝသောရွှေဆိုင်သူဌေးများဖြစ်ကြသည်။ သီတာ့မှာ မောင်နှမဆို၍ ဝင်းလွင်ဆိုသည့် အစ်ကိုတစ်ဦးသာရှိ၏။ ဝင်းလွင်သည် သင်္ဘောသားတစ်ဦးဖြစ်ကာ အမြဲလိုလို ခရီးထွက်နေရသူဖြစ်သည်။ သီတာတို့အဖေမှာ လွန်ခဲ့သောနှစ်ကပဲ လူကြီးရောဂါကြောင့် အိပ်ရာထဲ လဲနေသည်ကများ၏။ အစ်ကိုဖြစ်သော ဝင်းလွင်ကလည်း မနေ့ကတင် သင်္ဘောပြန်တက်သွားပြီမို့ သီတာကပဲ ရွှေဆိုင်လုပ်ငန်းတွေကို ဦးဆောင်ရလေသည်။

အခုတော့ သီတာသည် ရွှေဆိုင်ကို မန်နေဂျာနှင့်ပင်ထား၍ သူငယ်ချင်း မေသစ္စာထွန်းနောက်ကို တကောက်ကောက် လိုက်နေရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကားရိုက်နေသော မေ့ကိုယ်စား သီတာ့မှာ ဘေးကကြည့်ရတာ ဝမ်းလွန်းလှသည်။ မင်းသမီးအလုပ်ဆိုတာ လူတွေထင်သလို အလွယ်လေး မဟုတ်ရပါကလား။

သူတို့သည် မိနစ်ပိုင်းမျှရှိသည့် ဆင်နှိုးတစ်ဆင်နှိုးအတွက် နေပူမရှောင် မိုးရွာမရှောင် ရိုက်ကူးကြရ၏။ ကင်မရာရှေ့မှာ မိတ်ကပ်တွေလိမ်း၍ မီးတွေမှန်တွေ ဝိုင်းထိုးထားသည့်ကြားမှ အိုက်တင်လုပ်တာ တော်တော်မလွယ်တဲ့အလုပ်ပဲ။ ဒါပေမဲ့ သူမ သူငယ်ချင်း မေသစ္စာ ထွန်းသည် အဲဒီအလုပ်မှာ အောင်မြင်နေသော စူပါမင်းသမီးတစ်ယောက်ဖြစ်အောင် ကြိုးစားနိုင်ခဲ့သည်။

သီတာက ရှူတင်နှင့် မလှမ်းမကမ်းရှိ သစ်ပင်ရိပ်အောက်တွင် ထိုင်ရင်း မေတို့ကားရိုက်နေတာကို စောင့်နေ၏။ လက်ထဲတွင် မေ့ဟန်းဖုန်းရော၊ သူမ ဟန်းဖုန်းပါ ရှိနေတာမို့ သီတာက ဖုန်းနှစ်လုံးနှင့် ကားပွဲစားလိုလို၊ ဘောလုံးပွဲဒိုင်လိုလို ဖြစ်နေလေသည်။

ရုတ်တရက် မေ့ဖုန်းဆီသို့ Message တစ်ခုဝင်လာ၏။ ဖတ်ကြည့်လိုက်တော့ စိန်ရွှေနိုင် လှမ်းပို့လိုက်သော Message ဖြစ်ပြီး "May lay ko chit tel" ဟုရေးထား၏။ သီတာလည်း အမြင် ကတ်ကတ်နှင့် သူ့ဆီကို "Lel` thay like" ဟူ၍ မေ့ကိုယ်စား Message ပြန်ပို့ပေးလိုက်လေသည်။

သီတာသည် Message တွေ လျှောက်ဖတ်ကာ တစ်ယောက်တည်း ပြုံးနေမိ၏။ ထိုစဉ် သူမနားကို လူရိပ်တစ်ခုရောက်လာပြီး သူမကို ဖိတ်စာအထုပ်တစ်ထုပ် လှမ်းပေးပါသည်။ လူရိပ်မှာ ဂျာနယ်တွေ ဆက်သွယ်လိုက်ရောင်းသည့် ချာတိတ်လေးတစ်ဦးဖြစ်၏။ သီတာက သူ့ကြောင်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်နှင့် ငေးကြည့်နေဆဲ ချာတိတ်က ပြောလိုက်သည်။

"အစ်မက မင်းသမီးမေသစ္စာထွန်းရဲ့လူလား"

"အင်း. . ."

"အဲဒါဆိုရင် ဟောဒီအထုပ်ကို ယူထားလိုက်. . ."

"ဘာထုပ်ကြီးလဲ"

"အဲဒါတော့ ကျွန်တော်လည်းမသိဘူး၊ အစ်ကိုတစ်ယောက်က ကျွန်တော့်ကို မုန့်ဖိုးပေးပြီးခိုင်းလိုက်တာ. . .'ရော့၊ ရော့. . ."

ချာတိတ်က ပြောပြောဆိုဆိုနှင့် သီတာ့ဆီ အထုပ်ကို ထိုးပေးကာ ပြန်လှည့်ထွက်သွား၏။ သီတာက သက်ပြင်းကိုချရင်း တစ်ကိုယ်တည်း ပြောလိုက်ပါသည်။

"အင်း. . . နာမည်ကြီးမင်းသမီးဆိုတော့လည်း ဒါမျိုးတွေရှိမှာပေါ့လေ. . ."

သီတာသည် ပါဆယ်ဘူးထုပ်လေးကို ဆကြည့်လိုက်မိ၏။ သို့သော်. . . အထဲမှာ ဘာပစ္စည်းရှိမှန်းကိုတော့ သူမ မခန့်မှန်းနိုင်ချေ။ အဲဒီအချိန်၌ သူမ ဟန်းဖုန်းဆီမှ အသံမြည်လာသဖြင့် သီတာ တစ်ယောက် အလုပ်ရှုပ်သွားပြန်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

လက်ျာသည် မေ့ကို အကြောင်းမကြားဘဲ ရုတ်တရက် ခနီးထွက်သွားသည့်ကိစ္စအတွက် သူမ ကျေနပ်အောင် ဖြေရှင်းချက် ပေးနေရသည်။ အခုလက်ရှိမှာ သူက အပြစ်ဖြစ်နေသူမို့ လက်ျာက သူမ စိတ်ကျေနပ်သည်အထိ ချော့မော့တောင်းပန်မည်ဟု စိတ်ပိုင်းဖြတ်ထား၏။

"မေကလည်းကွာ. . . ကိုယ် ဒီလောက်ရှင်းပြနေတဲ့ဟာကို မကျေနပ်သေးဘူးလားဟင်. . ."

"မကျေနပ်ပါဘူး။ ပြည်သွားတာ အကြောင်းကြားပြီးသွားရင် ယူ့ကို မေက မလွှတ်မှာမို့လို့လား"

"ရော်. . . အကြောင်းကြားဖို့ကို အချိန်မရလို့ပါဆို. . . အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းက လမ်းမှာတွေ့တာ အတင်း သူတို့ကားပေါ်တက်နိုင်းပြီး သူ့ညီမ မင်္ဂလာဆောင်ကိုခေါ်သွားတာ။ အမေ့ကိုတောင် ဘာမှ မပြောလိုက်ရပါဘူးဆို. . .''

''ထားပါတော့ ပြည်ရောက်တော့ရော၊ ဘာဖြစ်လို့ ယူက ဖုန်း မဆက်ရတာလဲ''

''သူတို့နေရာက ပြည်မြို့ပေါ်မှာ မဟုတ်ဘူးမေရဲ့။ အဲဒီနားကရွာမှာ. . . ဘာဖုန်းမှ မရှိဘူး''

''ယူ့စကားက အဓိပ္ပာယ်ကိုမရှိဘူး။ ယူသာ ဖုန်းဆက်ချင်စိတ်ရှိရင်ဘယ်နေရာရောက်ရောက် ရအောင်ရှာကြံပြီး ဆက်ရမှာပေါ့''

''ကျွတ်. . . မေကလည်း ပြောရတာ လက်ပေါက်ကပ်လိုက်တာကွာ၊ ကိုယ် အဲဒီကိုရောက်တော့ အရမ်းပင်ပန်းနေပြီမေရဲ့။ ပြည်မြို့ပေါ်ကို မသွားနိုင်တော့ဘူး။ နောက်ပြီးတော့ တစ်ညအိပ်ခရီးပဲဥစ္စာ. . . မနက်ကျတော့ ရန်ကုန်ပြန်ရောက်ရင် တွေ့ကြရမှာပဲဆိုပြီး ဖုန်းမဆက်တာပါ မေရာ. . . မေ ကိုယ့်ကြောင့် စိတ်ပူပြီး သောကတွေရောက်ရတဲ့အတွက် တောင်းပန်ပါတယ်။ ဆောရီးနော်. . .''

''အဲဒီသူငယ်ချင်းက ဘယ်သူမို့လို့လဲ''

''ကောင်းထက်တဲ့။ ကျောင်းတုန်းက ကိုယ်နဲ့အမြဲတတွဲတွဲနေတဲ့ကောင်ပေါ့. . . အရမ်းခင်ဖို့ကောင်းတာ. . . နောက်ကျမှ မေ့ကိုမိတ်ဆက်ပေးမယ်။ သိလား''

''တော်ပါပြီ. . . ယူ့အပေါင်းအသင်းတွေကို. . . ကြောက်လွန်းလို့. . .''

''အံမယ်. . . သူတို့က မေ့ပရိတ်သတ်တွေမေရဲ့. . . ဘာ

www.burmeseclassic.com

www.burmeseclassic.com



သိလဲ၊ အခု မင်္ဂလာဆောင်သွားတဲ့ သူညီမက မေ့ကို အရမ်းကြိုက်တာ တဲ့။ မေ့ပုံတွေကို သူတို့အိမ်နံရံမှာ အပြည့်ကပ်ထားတာကွ. . . ကိုယ် တောင် အံ့သြသွားတယ်"

မေက အတန်ငယ် စိတ်ပြေလျော့သွားပုံရ၏။ သူ့ကို နှုတ်ခမ်း ရွဲ့ကာ မျက်စောင်းတစ်ချက် လှမ်းထိုးပါသည်။ ပြီးတော့. . . ရယ်ကျဲကျဲ လုပ်နေသော သူ့လက်ဖျံကို မေက ဆွဲဆိတ်ပြန်၏။

"ယူက ဆိုးတယ်နော်။ နောက်ကို အဲဒီလိုမလုပ်ပါဘူးလို့ မေ့ ကို ကတိပေးမလား. . ."

"စိတ်ချပါမေရယ်. . . နောက်တစ်ခါ ကိုယ် အဲဒီလို လုံးဝ ထပ်မဖြစ်စေရဘူး။ ကတိပေးတယ်။ ဟုတ်ပြီလား"

"သေချာတယ်နော်. . ."

"သိပ် သေချာတာပေါ့. . ."

သူတို့နှစ်ယောက် အပေးအယူတည့်ပြီး ပြန်လည်အဆင်ပြေ သွားကြသည်။ လက်ျာလည်း အခုမှပဲ သက်ပြင်းကို ရှဲရှဲချပုံတော့၏။ စောစောတုန်းက သူမ၏ စိစ်မေးမှုတွေကို အမှားအယွင်း မရှိရအောင် ချက်ကျလက်ကျ တုန့်ပြန်နေရသဖြင့် သူ့စိတ်တွေ တင်းကြပ်နေခဲ့သည်။

တကယ်တော့ လက်ျာက မေ့ကို လိမ်လည်ပြောခဲ့ခြင်းသာ ဖြစ်သည်။ ဒါကလည်း သူမကို လှည့်ဖျားထားလို၍ မဟုတ်. . .။ မလို လားအပ်သော ပြဿနာရပ်တွေ မဖြစ်စေရန်သာ ဖြစ်ပါသည်။ အမှန် မှာ လက်ျာကို ကောင်းထက်တို့ အတင်းအကြပ် ခေါ်သွားသည့်နေရာ သည် ပြည်နားက ရွာတစ်ရွာမဟုတ်တဲ ချောင်းသာကမ်းခြေကို ခေါ်သွား ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကောင်းထက်နှင့် လက်ျာတို့သည် ကျောင်းပြီးသွားကတည်းက မတွေ့ဖြစ်ကြသော သူငယ်ချင်းတွေဆိုတာ အမှန်ပဲဖြစ်နေ၏။ ဖြစ်ချင်တော့ သရဖီတို့၊ ဇင်ဇင်တို့က ကောင်းထက်ညီမဝမ်းကွဲတွေ ဖြစ်လို့နေသည်။ ထိုနေ့က သူတို့မောင်နှမတွေ တစ်လှေကြီး (စုစုပေါင်း၄၊ ယောက်) သည် Town Ace ကားဖြင့် သရဖီတို့ကို ရေကူးကန်မှာ ဝင်ကြိုပြီး ချောင်းသာသို့ တစ်ဆက်တည်း သွားရန်ဖြစ်၏။ အဲဒီအဖွဲ့ကို ကောင်းထက်က ဦးဆောင်လာခဲ့ပါသည်။

လက်ျာကိုတွေ့တော့ ကောင်းထက်က ချောင်းသာကို လိုက်ခဲ့ဖို့ ဖွတ်ခေါ်၏။ သရဖီနှင့် ဇင်ဇင်တို့ကလည်း သူ့ကို ကောင်းထက်နဲ့ သူငယ်ချင်းမှန်း သိသွားကာ ချောင်းသာသို့ အတင်းအဓမ္မ ခေါ်ကြလေသည်။ နောက်ဆုံး လက်ျာမှာ ဘယ်လိုမှ ငြင်းလို့မရတော့ဘဲ၊ အမေကိုရော၊ မေ့ကိုပါ နှုတ်ဆက်ခွင့်မရဘဲ ချောင်းသာကို ပါသွားခဲ့တော့သည်။ သူတို့အားလုံး အချိန်သိပ်မရကြဘဲ တစ်ညအိပ် နှစ်ရက်ခရီးစဉ် ဖြစ်နေခြင်း တစ်ခုက လက်ျာအတွက် အနည်းငယ် ကံကောင်းသွားခဲ့၏။

ပထမတော့ လက်ျာက မေ့ကို အကုန်လုံး အမှန်အတိုင်းပြောပြရန်ဖြစ်ပေမယ့် ခရီးစဉ်မှာ ဇင်ဇင်နှင့်သရဖီတို့ပါနေသဖြင့် သူမကို လိမ်လည်ပြောခဲ့ရခြင်းဖြစ်သည်။ လက်ျာက မေ့ကို စိတ်ထဲမှ တောင်းပန်လိုက်မိသည်။

အခုကိစ္စမှာ သူ အပြောကောင်း၍ မေယုံကြည်သွားသော်လည်း အပြစ်ရှိသူဆိုတာ လိပ်ပြာမသန့်ဘဲ တစ်ခုခုအား အမြဲထိတ်လန့်နေရလေသည်။

သူက လျော်ကြေးပေးသည့်အနေနှင့် တစ်နေ့ကုန် မေ့ကို ဂရု

www.burmeseclassic.com



တစိုက်နေပေးသည်။ မေကြိုက်တဲ့ အစားအစာတွေကို အကုန်ဝယ်ကျွေးသည်။ မေသွားချင်တဲ့နေရာတွေကို အကုန်လိုက်ပို့သည်။ မေက သူမကို အလိုလိုက်သဖြင့် ပျော်ရွှင်ကျေနပ်နေ၏။ လူတွေကြားထဲ လျှောက်သွားရင်း သူမကို လူတွေ မှတ်မိကုန်လျှင်၊ ထိုနေရာမှ အလန့်တကြား ထွက်ပြေးသွားတတ်သည်။

သူမ၏ ရယ်သံတွေကို သူနားထောင်လို့ မဝသေးခင်မှာပင် ညနေအိမ်ပြန်ချိန်က ရောက်ရှိလာ၏။ သူသည် မေ မောင်းလာသော ကားကို ငြိမ်သက်စွာ စီးနင်းလိုက်ပါလာခဲ့သည်။ လက်ျာက တစ်စုံတစ်ခုကို တွေ့သွားပြီး ကားမောင်းသူနေရာမှ မေ့ကို ရုတ်တရက် လှမ်းမေးလိုက်ပါသည်။

"မေ. . . ဒီပါဆယ်က ဘယ်သူပေးလိုက်တာလဲ"

"ဪ. . . ပရိသတ်တစ်ယောက်ပေးတာ။ ဟိုနေ့တုန်းက မေကားရိုက်နေတုန်း သီတာ့ကို မေ့နာမည်ပြောပြီး ပေးသွားတာတဲ့။ ဘာမှန်းတောင် ဖွင့်မကြည့်ရသေးဘူး"

"ဟိုက်ရှားပါး. . . တယ်အောင်မြင်တဲ့ မင်းသမီးပါလား"

"ယူနော်. . . ရန်မစနဲ့"

လက်ျာက သဘောကျစွာ တဟားဟားအော်ရယ်ရင်း ပါဆယ်ထုပ်ကို ဖောက်ကြည့်နေ၏။ ကတ်ထူစက္ကူဘူးကို သူဖွင့်လိုက်တော့. . .

"ဟင်. . . (CD) စီဒီတွေ. . ."

သူအံ့သြသွားပါသည်။ မေကလည်း မှင်သက်စွာ ဘူးထဲက ပစ္စည်းများကို ကြောင်ပြီးကြည့်နေ၏။ ဒါ သူမကို သီချင်းနားထောင် ရအောင်ပေးသော စီဒီချပ်တွေ မဖြစ်နိုင်ပေ။ စုစုပေါင်း ၆ချပ် (သုံး)

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ဖြစ်ပါသည်။

သူတို့ ဖျတ်ခနဲ အကြည့်တွေဆုံသွားကြသည်။ ထိုအကြည့်များ၏ နောက်ကွယ်တွင် ဘယ်လိုအဓိပ္ပာယ်ရှိသလဲဆိုတာကိုတော့ သူတို့ကိုယ်တိုင်မှသာ သိနိုင်လိမ့်မည် မဟုတ်ပါလား။

□

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မေသစ္စာထွန်းသည် သူမ ဘဝမှာ ဒီတစ်ခေါက်လောက် ဘယ်တုန်းကမျှ မတုန်လှုပ်ခဲ့ဖူးချေ။ သူမကို အမည်မသိသူတစ်ယောက်က ပေးသွားသော စီဒီချပ်ကို ဖွင့်ကြည့်မိပြီးသည့်နောက်မှာ မေ အခုလို ချောက်ချားတုန်လှုပ်နေရခြင်း ဖြစ်သည်။

အကြောင်းမှာ စီဒီထဲတွင် သူမနှင့်လက်ထပ်တော့မည့်ယောက်ျားသည် သီတာတို့အိမ်၌ ရေကူးသည့်နေ့က ချစ်သူတို့ဘာသာဘာဝ လွတ်လပ်စွာ အနမ်းခြွေနေပုံကို ရိုက်ကူးထားသောကြောင့်ပင်ဖြစ်ပါသည်။ ပို၍ဆိုးသည်မှာ သူမက ရေကူးဝတ်စုံနှင့် ဖြစ်နေခြင်းပဲဖြစ်၏။ နောက်တစ်ချက်က သူမ၏မျက်နှာက တီဗွီထဲတွင် သိသာထင်ရှားလှနေသည့်အတွက် ဒါကို မြင်ရသူမှန်သမျှသည် ရုပ်ရှင်မင်းသမီး မေသစ္စာ

www.burmeseclassic.com

www.burmeseclassic.com



ထွန်းမှန်း အလွယ်တကူ သိနိုင်ကြလေသည်။

ဒါဟာ သူမရဲ့ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို တစ်စုံတစ်ယောက်က တမင်နှောင့်ယှက်ခြင်းမို့ မေသစ္စာထွန်းတစ်ယောက် မခံချိမခံသာဖြစ်နေမိ၏။ တစ်ပြိုင်နက်ထဲမှာ သူမက အထူးပဲ တုန်လှုပ်သွားရသည်။ သူမတို့ကို လုပ်ကြံသူမှာ ဘယ်လိုအကြံအစည်ရှိရှိ မေက လုံးဝဂရုမစိုက်သော်လည်း၊ ဒီစီဒီချပ်တွေသာ လူတွေကြားထဲ ပျံ့နှံ့သွားပါက သူမတည်ဆောက်ထားသော အနုပညာဘဝလေးမှာ သိက္ခာကျစရာ အစွန်းအထင်းတစ်ခု ဖြစ်သွားပေတော့မည်။

သူမမှာ ဆောက်တည်ရာမရဘဲ ညတွင်းချင်း ချစ်သူလက်ျာဆီ ဖုန်းလှမ်းခေါ်၏။ လက်ျာရဲ့ဟန်းဖုန်းက ဆက်သွယ်မှုဧရိယာပြင်ပသို့ ရောက်နေသည်။ မေက သူ့ဖုန်းကိုသာ ဒေါသတကြီး ဆက်တိုက်ခေါ်နေလိုက်ပါသည်။ လက်ျာကလည်း သူမ ဖုန်းခေါ်နေသည့် တောက်လျှောက်မှာ ဆက်သွယ်မှုဧရိယာပြင်ပဖြစ်နေခဲ့၏။ ဆယ့်ငါးမိနစ်လုံးလုံး ဖုန်းခေါ်မရသဖြင့် မေက စိတ်ဆိုးကာ ဖုန်းကို ခုတင်ပေါ် လွှင့်ပစ်လိုက်သည်။

ထိုစဉ်. . . သူမ ဖုန်းဆီသို့ ဖုန်းတစ်ခုဝင်လာ၏။ သူမက အမြန်ဆုံးဖုန်းကိုယူ၍ ကြည့်လိုက်တော့ မျှော်လင့်ထားသလို လက်ျာရဲ့ဖုန်းမဟုတ်ဘဲ သူစိမ်းဖုန်းနံပါတ်တစ်ခုဖြစ်နေတာကို တွေ့ရလေသည်။ မေက ဖုန်းကိုကိုင်လိုက်၏။

"ဟဲလို. . ."

တစ်ဖက်မှ စကားပြန်မပြောသေးဘဲ ငြိမ်နေ၏။ သူမကပဲ "ဟဲလို"ဟု နောက်တစ်ခေါက်ထပ်၍ ထူးလိုက်ပါသည်။ သို့တိုင်အောင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်မှလူသည် ဘာမှမတုန့်ပြန်သေးဘဲ နားထောင်နေ၏။ စကားမပြန်သေးသော်လည်း တစ်ဖက်မှ လူသည် ဖုန်းကို ကိုင်ထားဆဲဖြစ်ပြီး စားသောက်ဆိုင်တစ်ဆိုင်မှ ဆက်နေခြင်း ဖြစ်ပုံရသည်။ သီချင်းဆိုသံ လူသံ၊ ဖွန်းခက်ရင်းသံ. . . အစရှိသဖြင့် အသံပေါင်းများစွာကို ရောထွေးစွာ သူမကြားနေရပါသည်။ မေက ဖုန်းကို ဆက်တိုက်ဆိုသလို ''ဟဲလို ဟဲလို၊ ဟဲလို. . .''ဟူ၍ ထူးနေမိ၏။ ဒီတော့မှ တစ်ဖက်ရှိ ဖုန်းခေါ်သူသည် သူမကို စတင်စကားပြောလာပါသည်။

''မင်းသမီးမေသစ္စာထွန်း ဟုတ်ပါတယ်နော်''

''ဟုတ်ပါတယ် အခုပြောနေတာ ဘယ်သူပါလဲရှင်. . .''

''ကျွန်တော့်နာမည်ပြောပြလိုက်ရင်လည်း မင်းသမီးသိမှာ မဟုတ်ပါဘူး''

''ကျွန်မက ကိုယ်နဲ့မသိတဲ့ သူစိမ်းယောကျ်ားတစ်ယောက်နဲ့ ဘယ်တော့မှ ဖုန်းပြောလေ့မရှိဘူး။ ဒါပဲနော်. . .''

သူမက အပြတ်ပြောပြီး ဖုန်းပြန်ချလိုက်မည့်ဆဲဆဲမှာ. . .

''နေပါဦး။ ခဏလောက်နေပါဦး မင်းသမီးရဲ့။ ကျွန်တော့် နာမည်ကို မသိပေမယ့် ကျွန်တော်ပြောပြမယ့် အကြောင်းအရာကို သိရင်တော့ မင်းသမီး ကျွန်တော့်ကို ဖုန်းဆက်ပြောချင်မှာပါ. . .''

ထိုစကားကြောင့် သူမစိတ်ထဲမှာ ထိတ်ခနဲ စိုးရိမ်မှုတွေ လွှမ်းမိုးသွားခဲ့တော့သည်။ သူမက ဝါရင့်သရုပ်ဆောင်တစ်ဦးပီပီ စိုးရိမ်စိတ်များကို ထိန်းချုပ်ပြီး. . .

''ပြောစမ်းပါဦး။ ဘာများပါလိမ့်. . .''

''ပြောပြမှာပေါ့ မင်းသမီးရဲ့။ ဒါနဲ့စကားမစပ် မင်းသမီးဆီကို

www.burmeseclassic.com

www.burmeseclassic.com



လွှန်ခဲ့တဲ့သုံးရက်လောက်က ပို့ပေးလိုက်တဲ့ စီဒီချပ်တွေကို ကြည့်ပြီး သွားပြီလား. . .”

“ဟင်. . . ရှင်. . . ရှင်. . .”

သူ့မေးခွန်းကြောင့် သူမတစ်ယောက် ခေါင်းနပန်းကြီးသွားပြီး ချက်ချင်းပဲ လည်ချောင်းဝမှာ အာခေါင်တွေ ခြောက်ကပ်ကာ ရေငတ် လာတော့၏။ သူမရဲ့ စကားအထစ်ထစ်၊ အငေါ့ငေါ့ဖြစ်နေပုံကြောင့် တစ်ဖက်မှ လူက တိုးတိုးညှင်းညှင်းလေး ရယ်မောလိုက်ပါသည်။

“ဒီလောက်ဆိုရင် မင်းသမီးကို ကျွန်တော်စကားတွေ သိပ် ရှည်ရှည်ဝေးဝေး ပြောစရာမလိုဘူးထင်ပါတယ်။ အဲဒီ စီဒီချပ်တွေ လူ ကြားထဲ ပျံ့နှံ့မသွားစေချင်ရင် မင်းသမီးက ကျွန်တော့်ကို ဘော်ဒါကြေး နည်းနည်းပါးပါးလောက် ချီးမြှင့်ပေးဖို့လိုပါတယ်”

“ရပြီ၊ ကျွန်မသဘောပေါက်သွားပြီ။ ပြောပါ. . . ရှင် ဘယ် လောက် လိုချင်သလဲ”

“ဆယ်သိန်း. . .”

“ဘယ်တော့ ဘယ်အချိန်လောက် လိုချင်သလဲ”

“အခု ချက်ချင်း. . .”

“ရှင်. . .”

“ဟုတ်တယ်. . . ကျွန်တော် မင်းသမီးဆီက ပိုက်ဆံဆယ် သိန်းကို အခုချက်ချင်းပဲ လိုချင်တယ်။ မင်းသမီးကိုယ်တိုင် ကျွန်တော့်ဆီ ကို လာပေးရမယ်”

“ဟာ. . . ရှင်ရူးနေလား။ နာရီကိုလည်း ကြည့်ပါဦး။ ည ဆယ်နာရီခွဲနေပြီ။ ကျွန်မက မိန်းကလေးတစ်ယောက်တည်း. . . ရှင့်ဆီကို

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန် ကြီးလာရမယ်။ ဟုတ်လား"

"ဒါကတော့ မင်းသမီးရဲ့ ဂုဏ်သိက္ခာပိုင်းပဲလေ။ မင်းသမီး ဘာသာ မင်းသမီးဆုံးဖြတ်ပေါ့. . ."

သူမက မျက်စိစုံမှိတ်ကာ သက်ပြင်းရှည်ကြီးတစ်ချက်ကို ရင်မောစွာ ချလိုက်မိပါသည်။ နောက်. . . မေသစွာထွန်းသည် အံကို ခပ်တင်းတင်းကြိတ်ထားရင်းမှ. . .

"ကောင်းပြီလေ. . . ကျွန်မဘာယ်ကိုလာခဲ့ရမလဲ ဆိုတာကိုသာ ရှင်ပြောပါ"

"ဒီလိုမှပေါ့ မင်းသမီးရဲ့. . . ဟဲဟဲ. . . ဟဲ။ မင်းသမီးက အကင်းပါးသားပဲ"

"ကဲပါ. . . အဲဒါတွေ ထားစမ်းပါ။ ရှင့်ကို ကျွန်မက ငွေဆယ်သိန်းပေးပြီးရင် ရှင်က စီဒီချပ်တွေနဲ့ပတ်သက်လို့ ဘာတာဝန်ယူမှာလဲ. . ."

"ကျွန်တော်က မင်းသမီးကို အဲဒီအခါကျရင်တော့ မှုရင်းရိုက်ခွေအပါအဝင် ကျွန်တော့်လက်ထဲမှာ ကိုင်ထားတဲ့ စီဒီချပ် အပိုခုနစ်ချပ်စလုံးကို မင်းသမီးလက်ထဲ ထည့်ပေးလိုက်ပါ့မယ်၊ ကျွန်တော်က ရှုပေါင်း စီဒီဆယ်ချပ်ကူးထားတာ. . . မင်းသမီးဆီကို သုံးချပ်ပို့ပေးပြီးပြီ။ အခု လက်ကျန် စီဒီခုနစ်ချပ်နဲ့ ရိုက်ခွေကို ပေးလိုက်ရင် ကျွန်တော့်မှာ အဲဒီ စီဒီတွေနဲ့ ပတ်သက်လို့ ဘာမှမကျန်တော့ဘူး။ အိုကေ. . ."

"ရှင့်စကားနဲ့ရှင်နော်. . . ယောကျ်ားဆိုတာ ကတိတည်မှ. . ."

"စိတ်ချပါဗျာ။ ကျွန်တော်ကလည်း ဒီအလုပ်ကို မလုပ်ဘူးလို့ သာလုပ်ရပေမယ့် ကတိသစ္စာရှိတဲ့လူမျိုးပါ. . .။ တစ်ခုတော့ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးသာ ဉာဏ်များပြီး ကျွန်တော်ရဲ့ ဇစ်မြစ်ကို ဖော်ထုတ်ဖို့ လုံးဝ မကြိုးစားပါနဲ့''

''ဟုတ်ပါပြီ။ ဒါဆို ကျွန်မက ငွေဆယ်သိန်းကို ရှင့်ဆီ ဘယ်လို လာပို့ပေးရမယ်ဆိုတာ ပြောပါ. . .''

''အိုကေ. . . အခုချိန်ကစပြီး မင်းသမီးက ကျွန်တော့်ညွှန်ကြား ချက်မှန်သမျှကို တစ်ခုမကျန် လိုက်နာရပါလိမ့်မယ်။ တကယ်လို့များ တစ်ခုခု လွဲချော်သွားခဲ့လို့ရှိရင် ကျွန်တော့်အဆိုးမဆိုပါနဲ့။ မင်းသမီးရဲ့ အရှက်နဲ့ဂုဏ်သိက္ခာဟာ ကျွန်တော့်လက်ထဲမှာ ရှိနေတယ်ဆိုတာကို သဘောပေါက်ပါ. . .''

''ဟုတ်ကဲ့. . . ကျွန်မ သဘောပေါက်ပါတယ်''

''ဒါဆို အခု မင်းသမီးအနေနဲ့ ပထမဆုံးလိုက်နာရမယ့် စည်း ကမ်းက တယ်လီဖုန်းကို လုံးဝမချပါနဲ့။ ကျွန်တော် စကားပြောတဲ့အခါ ချက်ချင်းပြန်ပြောနိုင်ရမယ်။ ငွေဆယ်သိန်းကို မင်းသမီး လာပေးတဲ့အခါ ဘယ်သူ့ကိုမှ အဖော်ခေါ်မလာရဘူး''

''အင်းပါ. . . စိတ်ချ. . .''

''လောလောဆယ် မင်းသမီးအနားမှာ ဘယ်သူရှိနေသလဲ''

''ဘယ်သူမှ မရှိပါဘူး။ ကျွန်မရဲ့ အခန်းထဲမှာ တစ်ယောက် တည်းပါ. . .''

''အဲဒါဆို အခုပဲ ကျွန်တော်တို့နှစ်ယောက်ရဲ့ အပေးအယူ စပြီလို့ သတ်မှတ်လိုက်ပြီ။ အခုချက်ချင်း မင်းသမီးက ဆယ်သိန်းကို အိတ်တစ်အိတ်ထဲမှာ ထည့်လိုက်ပါ။ နှစ်မိနစ်အချိန်ပေးမယ်။ ဖုန်းကို ကိုင်ထားနော်။ ကဲ. . . စလုပ်တော့. . .''

www.burmeseclassic.com

www.burmeseclassic.com





သူမသည် သူ့ထံမှ ခွင့်ပြုချက်ရသည်နှင့်တစ်ပြိုင်နက် ခေါင်းရင်းရှိ အလူမီနီယံဗီရိုကို ဖွင့်လိုက်၏။ ပြီးတော့ ဗီရို၏ အလယ်အကန့်၌ ပိုက်ဆံတွေထားသော အံဆွဲကို ထပ်ဖွင့်လိုက်ပြန်သည်။ ဟိုတစ်သောတုန်းက မင်းသားအေးမင်းနှင့် တွဲရိုက်ရန် သုံးကားစာ စရံငွေရထားသဖြင့် သူမအံဆွဲထဲမှာ ပိုက်ဆံငွေသားချည်းပဲ သိန်းသုံးဆယ်တိတိရှိနေ၏။ သူမက တစ်ထောင်တန်ဆယ်အုပ်ကို အလျင်အမြန် ထုတ်ယူကာ ခုတင်ပေါ် ပစ်တင်လိုက်သည်။ နောက် အံဆွဲနှင့်ဗီရိုသော့ကို ပြန်ပိတ်လိုက်ပြီး ပတ်ဝန်းကျင်မှာ ဟိုဟိုသည်သည် ရှာကြည့်မိ၏။

"မင်းသမီး အချိန်နှစ်မိနစ်ပြည့်ပြီ။ ပြီးပြီလား"

"ဟင့်အင်း . . . မပြီးသေးဘူးရှင့်။ ဒီမှာ ပိုက်ဆံတွေ ထည့်ဖို့အိတ် မတွေ့သေးလို့ . . ."

ပြောရင်းနှင့် သူမက အကြည့်ကို ကစားနေရာမှ ရုတ်တရက်သူမ အခန်းထောင့်ရှိ Puma တံဆိပ် လယ်သာအိတ်လေးကို လှမ်းတွေ့လိုက်၏။ ထိုအိတ်လေးသည် သူမကို လက်ျာကိုယ်တိုင် ယူနေပလာဇာမှာ ဝယ်ပေးထားသည့် အိတ်လေးဖြစ်သည်။

"တွေ့ပြီ . . . တွေ့ပြီ . . . ဟိုမှာအိတ်တွေ့ပြီ"

"တွေ့ရင်လည်း မြန်မြန်လုပ်"

သူမက အိတ်ကို ဖုန်ခါလိုက်ပြီး အိတ်ထဲမှာ ထည့်ထားသောခြေအိတ်တွေကို ကြမ်းပြင်ပေါ် သွန်ချပစ်လိုက်ပါသည်။ နောက်တော့သူမက ပိုက်ဆံတွေကို အိတ်ထဲထည့်သည်။

"ပြီးပြီ . . ."

"အဲဒါဆို ကားသော့ကိုယူ။ အိမ်သားတွေက ဘယ်သွားမလို့

www.burmeseclassic.com



ထဲမေးရင် သူငယ်ချင်းအိမ်သွားမှာ။ နာရီဝက်အတွင်း ပြန်လာမယ်၊ စိတ်မပူနဲ့လို့ သေချာပြောခဲ့ ဟုတ်ပြီလား''

မေကာ သူ့အစီအစဉ်အတိုင်း အိမ်ဖော်မလေးဝင်းမာနှင့်အတူ ကိုးရီးယားကား ထိုင်ကြည့်နေသော အစ်မဖြစ်သူမေသန္တာထွန်းကို သီတာ့အိမ်သွားမလို့၊ နာရီဝက်ပဲကြာမယ်. . . စိတ်မပူနဲ့. . . ဘာညာပြောပြီး ကားထုတ်ကာ အိမ်မှထွက်လာခဲ့၏။

BURMESE CLASSIC

''ဘယ်ကို မောင်းလာခဲ့ရမှာလဲ''

''အခု မင်းသမီးနေတဲ့ မြန်မာ့ဂုဏ်ရည်အိမ်ရာက ထွက်လာပြီလား''

သူမသည် ဖုန်းထဲမှလူကို နည်းနည်းတော့ဖြုံသွား၏။

''ဟုတ်ကဲ့. . . ထွက်လာပြီ''

''အဲဒါဆိုရင် ပန်းဆိုးတန်းလမ်းအတိုင်း ကမ်းနားလမ်းကို တည့်တည့်မောင်းလာခဲ့။ ဟုတ်ပြီလား''

သူမသည် ညွှန်ကြားချက်ကို တိကျစွာ လိုက်နာကာ ပန်းဆိုးတန်းကုန်းကို ကျော်ပြီး ကမ်းနားလမ်းသို့ မောင်းလာ၏။ မိနစ်အနည်းငယ်အတွင်း ကမ်းနားလမ်းသို့ ရောက်လာခဲ့သည်။ သူက ထပ်မံ၍ လမ်းညွှန်ပြန်သည်။

''ညာဘက်ကိုကွေ့လိုက်. . . ပြီးရင် ကမ်းနားလမ်းတည့်တည့် မောင်းလာခဲ့ပါ။ စာတိုက်ကြီးကျော်ကျော်ကျရင် 'ညဥယျာဉ်'ဆိုတဲ့ ဟောက်ဆိုင်တစ်ဆိုင်ကို တွေ့လိမ့်မယ်၊ အဲဒီဆိုင်ရှေ့မှာ ကားကိုရပ်လိုက်။ ကျွန်တော်ကြည့်နေမယ်''

သူမက သူပြောတဲ့အတိုင်း တစ်သဝေမတိမ်း လုပ်ဆောင်ရင်း

www.burmeseclassic.com

www.burmeseclassic.com



'ညဥယျာဥ်'ရှေ့ကို ရောက်လာ၏။ သူ့ထံမှ ညွှန်ကြားချက်ကို ကြားရပြန်သည်။

"အခု မင်းသမီးရဲ့ကားကို ကျွန်တော် တွေ့နေရပြီ။ ဒီတော့ မင်းသမီးကို လူတွေ မမှတ်မိအောင် တစ်ခုခုလုပ်ပါ။ ဘယ်လိုလုပ်မလဲ"

"ကျွန်မ ဝတ်ထားတဲ့ အနွေးထည်မှာ ခေါင်းဆောင်းပါတယ်။ ခေါင်းဆောင်းကို ခပ်ငိုက်ငိုက်လေးဖြစ်အောင် လုပ်ခဲ့မယ်လေ. . ."

"ကောင်းတယ်. . . အဲဒါဆိုရင် ပိုက်ဆံအိတ်ကိုယူပြီး ကားပေါ်က ဆင်းလာတော့။ ဘယ်သူ့ကိုမှ မကြည့်နဲ့။ ဖုန်းပြောရင်းနဲ့ ဆိုင်ထဲကို ဝင်ခဲ့"

မေသစ္စာထွန်းသည် အတွေ့အကြုံသစ်တစ်ခုမို့ ရင်ခုန်လှုပ်ရှားစွာ ဆိုင်ထဲကိုဝင်ရောက်လာ၏။ သူမကို စားပွဲထိုးလေးတွေက ဝိုင်းအုံလာကြပါသည်။ သူမက အကူအညီမလိုကြောင်း လက်ခါပြရင်း သူ့ကို လှမ်းမေးလိုက်၏။



"ရှင်က ဘယ်နားမှာလဲ"

"မင်းသမီးရဲ့ ဘယ်ဘက်က အရက်ကောင်တာကို တစ်ချက်ကြည့်လိုက်ပါ"

သူမက သူ့စကားအတိုင်း လှမ်းကြည့်လိုက်တော့ ကောင်တာမှာ ဖုန်းပြောနေသူတစ်ယောက်က လက်ထောင်ပြပါသည်။

"ကျွန်တော့်ကိုတွေ့လား။ အဲဒီကိုလာခဲ့ပါ"

သူမက ပိုက်ဆံအိတ်ကြီးကိုဆွဲကာ ကောင်တာဆီသို့ လျှောက်သွားရပြန်၏။

"ကျွန်တော်နဲ့တစ်ခုံကျော်မှာ ခုံလွတ်နေတယ်။ ဝင်ထိုင်လိုက်ပါ။

www.burmeseclassic.com



ပြီးရင် အရက်နှစ်ပက်လောက် မှာလိုက်ဦး။ ပိုက်ဆံအိတ်ကို တို့နှစ်ယောက်ကြားက ခုံပေါ်ကိုတင်ထားပါ''

မေသစ္စာထွန်းသည် သူ့ရဲ့အကွက်စေ့ပုံကို စိတ်ထဲမှကြိတ်၍ ချီးကျူးလိုက်မိသည်။ ပြီးတော့ သူမက ( Pink Lady ) ကော့တေးတစ်ခွက်ကိုမှာပြီး သောက်ချင်ယောင်ဆောင်ရသေး၏။ သူက ဖုန်းကိုချလိုက်ကာ ဖုန်းဖိုးကျသင့်ငွေကို ရှင်းနေသည်။

သူမက သူ့ကို မသိမသာ အကဲခတ်ကြည့်မိ၏။ သူသည် နှုတ်ခမ်းမွေးရေးရေးရှိပြီး မေးရိုးခိုင်မာ၍ ယောကျ်ားပီသသော ရုပ်သွင်မျိုးရှိသူဖြစ်သည်။ သေချာသည်မှာ သူ့ကို သူမ အရင်က လုံးဝမတွေ့ဖူးမမြင်ဖူးခြင်းပင်ဖြစ်ပါသည်။

ထို့နောက် သူက ပိုက်ဆံတွေ ထည့်ထားသည့် Puma လယ်သာအိတ်ကို သူ့ဟာလိုလိုနဲ့ ခပ်တည်တည်ပဲဆွဲယူကာ ထထွက်သွား၏။ သူမလည်း သူ့ထံမှ ဘာညွှန်ကြားမှုမှ မရှိတော့တာမို့ ယောင်နနနှင့် သူ့ကို လိုက်ကြည့်နေခဲ့သည်။ ဆိုင်အပြင်ကို သူထွက်သွားမှ သူ့ထံမှ ဗွီဒီယိုခွေနှင့် စီဒီချပ်တွေ မရသေးတာကို သတိရသွား၏။ ချက်ချင်းပဲ သူမက အရက်ဖိုးငွေကို ရှင်းလိုက်ပြီး ဆိုင်အပြင်သို့ အပြေးလိုက်ထွက်လာခဲ့သည်။

သို့သော် ဆိုင်အပြင်ကိုရောက်သောအခါ သူနှင့်တူတာဆို၍ အရိပ်လေးတောင် မတွေ့ရတော့ချေ။ သူမက ရပ်ထားသည့် သူမကားဆီ လျှောက်လာခဲ့၏။ ဟော. . . သူမ မျက်လုံးလေးတွေ ဝင်းခနဲတောက်ပသွားပါသည်။

ကား၏ရှေ့စက်ဖုံးပေါ်တွင် ငွေမှင်ရောင်အိတ်လေး တစ်အိတ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်နေတာ တွေ့ရသောကြောင့်ဖြစ်လေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၈)

www.burmeseclassic.com

www.burmeseclassic.com

လက်ျာနှင့်မေသန္တာထွန်းတို့သည် စီဒီချပ်တွေဖြင့် သူတို့ကို လုပ်ကြံငွေညှစ်သွားခဲ့သူအား အသည်းအသန် လိုက်လံစုံစမ်းလျက် ရှိကြ၏။ တကယ်တော့ ငွေဆယ်သိန်းဆိုတာ မေသန္တာထွန်းအတွက် ဘာမှ မပြောပလောက်သော ပမာဏမျှသာဖြစ်သည်။ သီတာ့အိမ်မှာ ဖြစ်ခဲ့သော အဖြစ်အပျက်မို့ သူတို့က သီတာ့ကိုပင် အကျိုးအကြောင်း မပြောပြဘဲ ကြိတ်ပြီး စဉ်းစားဖော်ထုတ်နေခဲ့ကြ၏။

အဲဒီနေ့က ဖြစ်ချင်တော့ သီတာတို့အိမ်မှာ သီတာနှင့် အိပ်ရာထဲလဲနေသော ရောဂါသည် သူမ အမေအိုကြီးသာရှိနေသည်။ သူ့အစ်ကိုဝင်းလွင်မှာ ထိုနေ့တုန်းက မြန်မာပြည် ပြန်ရောက်နေချိန် ဖြစ်သော်လည်း အဲဒီနေ့က သဘော်ပြန်ထွက်ရန်ကိစ္စနှင့် အလုပ်တွေရှုပ်

www.burmeseclassic.com

www.burmeseclassic.com



တာ အိမ်မှာမရှိဘဲ ညတောင်ပြန်မအိပ်ချေ။ နောက်တစ်ချက် မေ ငွေညှစ်ခံရသည့်နေ့မှာ ဝင်းလွင်သည် မြန်မာပြည်မှာ မရှိတော့။ သူ့လို ဉစ္စာခနဲကြွယ်ဝချမ်းသာပုံမျိုးနှင့် ဒါမျိုးလုပ်၍ ငွေရှာစရာ အကြောင်းလုံးဝမရှိ။ ထို့အတူ သီတာသည်လည်း ဒါမျိုးလုပ်မည့်သူ မဟုတ်တာ သေချာသည်။ သူတို့အမေ လှမမာအဘွားကြီးမှာလည်း ပိုလို့တောင် မဖြစ်နိုင်မှန်း သူတို့ သဘောပေါက် နားလည်ထားကြ၏။

အိမ်ရှင်မိသားစုမှ မဖြစ်နိုင်လျှင် ဒီကိစ္စ၏တရားခံသည် အတော်ပင် စဉ်းစားရကြပ်လှသည်။ မည်သူ့ကို မည်ကဲ့သို့မျှ သံသယဖြစ်စရာ မကောင်းပေမယ့် ငွေညှစ်သူသည် မေ့ဆီမှ ငွေဆယ်သိန်းတိတိကို အကွက်ကျကျ ရယူသွားခဲ့လေပြီ။ ပြီးတော့ သူထားရစ်ခဲ့သော စီဒီချပ်တွေနှင့် ရိုက်ခွေမှာလည်း တကယ်ပဲ အမှန်အကန် ဖြစ်လို့နေ၏။

နောက်ဆုံးတော့လည်း သူတို့နှစ်ယောက်မှာ လက်လျှော့လိုက်ကြရသည်။ ကိုယ်လုပ်စရာရှိတာကိုလုပ်ရင်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဆက်လက်စုံစမ်းကြဖို့သာ ရှိတော့သည်မဟုတ်ပါလား။

●

မနေ့က မေသစ္စာထွန်းရဲ့တူလေး ဖိုးရဲတို့အဖွဲ့၏အခွေ စထွက်သည်။ သုံးရက်ဆိုပြီး ချောင်းသာ၌ တစ်ပတ်ကျော်သွားသော သူတို့အဖွဲ့သည် အခွေထွက်ပြီး နောက်တစ်နေ့မှာ ရန်ကုန်သို့ ပြန်ရောက်လာခဲ့၏။ ဒါကြောင့် မေသစ္စာထွန်းမှာ တူတော်မောင်အတွက် ပျော်ပင်သောက

www.burmeseclassic.com

www.burmeseclassic.com



ရောက်စရာ မလိုတော့သဖြင့် ဖိအားများမှ အနည်းငယ် သက်သာရာ ရလေသည်။

သူမက ကားရိုက်သည့်အထဲမှာ စိတ်ကို ပြန်နှစ်ထားတာမို့ ဇာတ်ကားတော့ ချောမောစွာ ပြီးဆုံးသွားရသည်။ နောက်ထပ် တစ်ကား မစတင်မီ သူမ နည်းနည်းအားရက်ရချိန်၌ နှမ်းဖျစ်အဖွဲ့ကို VCD ရိုက်ပေးဖို့ စီစဉ်ရပြန်၏။

ဘယ်လောက်ပဲ အလုပ်ရှုပ်ရှုပ် သူမနှင့်လက်ျာတို့က အဆက် အသွယ်မပြတ်အောင် နေကြပါသည်။ စီဒီချပ်တွေနှင့် ခြိမ်းခြောက်ပြီး သူမကို ငွေညှစ်သွားသူအား ဖော်ထုတ်နိုင်ရန် လက်ျာက အထူးကြိုးစား လျက်ရှိ၏။ မေ့ကို သူနှင့် လုံးဝအဆက်အသွယ် မရအောင်လုပ်ကာ ငွေဆယ်သိန်းကို ညတွင်းချင်း အပိုင်ရယူသွားသူ၏ ဖြတ်ထိုးဉာဏ်မှာ ကြောက်စရာ ကောင်းလှသည်။ လျှော့တွက်လိုက်လျှင် ကိုယ်ပါ ခံသွား ရနိုင်သည်။ နောက်ပြီး မေ့ရဲ့ဟန်းဖုန်းကိုလည်း Second Call ခွဲနိုင်း ထားလိုက်၏။

သူက တရားခံကို တစ်လအတွင်းရအောင် ဖော်ထုတ်မည် ဟု ကြိမ်းဝါးထားသည်။ ငွေဆယ်သိန်းကို နှမြောလို့တော့ မဟုတ်။ သူတို့ချစ်သူနှစ်ယောက်၏ ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို အသုံးချသွား တာမို့ လက်ျာက တော်တော် ခံပြင်းနေလေသည်။

နောက်ထပ်ထူးခြားမှုတစ်ခုမှာ မေသစ္စာထွန်းလို နိုင်ငံကျော် မင်းသမီးတစ်ဦးကို အကျပ်ကိုင် ငွေညှစ်သူသည် အနည်းဆုံး သိန်းတစ် ရာလောက်တော့ တောင်းသင့်၏။ အခုတော့ ထိုသူက ဆယ်သိန်းသာ တောင်းသွားသဖြင့် လက်ျာမှာ စဉ်းစားစရာဖြစ်ရသည်။ ဒီအလုပ်မျိုး

www.burmeseclassic.com



ကို လုပ်ရဲမှတော့ အဲဒီလူသည် ဘယ်လိုနည်းနဲ့မှ လောဘနည်းသူ၊ ဉာဏ်နည်းသူတစ်ယောက် မဟုတ်နိုင်ချေ။ ဖြစ်နိုင်တာတစ်ခုက ငွေတွေအများကြီးဆိုလျှင် မေသစ္စာထွန်းလက်ထဲမှာ ချက်ချင်း ရှိချင်မှရှိမည်။ သူမ တစ်ယောက်တည်းမို့ သူ့ဆီကို သယ်ဆောင်လာရတာ အခက်အခဲရှိနိုင်သည်။ ဒါကြောင့် သူမ လက်ထဲမှာ တကယ်ရှိနိုင်သော ငွေပမာဏနှင့် မေ့လို သွယ်သွယ်လျလျ မိန်းကလေးတစ်ဦး အလွယ်တကူ သယ်ဆောင်လာနိုင်သောဝန်ကို တွက်ဆကာ ထိုလူက အမျှော်အမြင်ရှိရှိ တောင်းခံခဲ့ခြင်းဟု လက်ျာ ယူဆမိသည်။

လက်ျာက ဖြစ်ပျက်ခဲ့သမျှတွေအားလုံးနှင့် အခြေအနေကို ဆက်စပ်၍ အဖြေရှာကြည့်၏။ သံသယဖြစ်စရာ အကောင်းဆုံးလူနှစ်ယောက်မှာ လက်ရှိ မေနှင့်ကားတွဲရိုက်နေသော မင်းသားအေးမင်းနှင့် မေ့သူငယ်ချင်း သီတာတို့သာ ဖြစ်နေလေသည်။

အေးမင်းနှင့်သီတာစိုကို သံသယဖြစ်မိကြောင်း သူက မေ့ကို ပြောပြလိုက်တော့ မေက ခါးခါးတူးတူး ငြင်းဆန်၏။ ပုံမှန်ဆိုလျှင် ထိုနှစ်ယောက်စလုံးမှာ အဲဒီလိုစိတ်ထားမျိုးနှင့် သူမအပေါ် လုပ်ကြံစရာ အကြောင်းမရှိမှန်း လက်ျာလက်ခံပါသည်။ ဒါပေမဲ့ အနီးစပ်ဆုံး ဖြစ်နိုင်ချေရှိသူတွေကလည်း သူတို့ပဲရှိသည်မို့ လက်ျာက ထည့်စဉ်းစားရခြင်းဖြစ်၏။ နောက်ထပ်ဖြစ်နိုင်သူတစ်ဦးက 'စိန်ရွှေနိုင်'ပင်။

သို့သော် လက်ျာက 'စိန်ရွှေနိုင်'ပုံစံကြီးကို ပြေးမြင်လိုက်ပြီး သံသယဖြစ်စရာ စာရင်းထဲမှ ထုတ်ပစ်လိုက်ပါသည်။

အေးမင်းသည် ဖိုးရဲတို့ 'နှမ်းဖျစ်' VCD ခွေမှာ ဒါရိုက်တာအဖြစ် သီချင်းတစ်ပုဒ်ကို ရိုက်ကူးပေးသည့်အပြင် ကိုယ်တိုင်လည်း

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်သရုပ်ဆောင်ပေး၍ မေ့ကို ကူညီ၏။ ထိုအကြောင်းကို ဂျာနယ်တချို့က သတင်းရသွားပြီး ထုံးစံအတိုင်း အေးမင်းနှင့် မေသစ္စာထွန်းတို့ကို ဘာလိုလို ညာလိုလိုရေးကာ ဖွကြတော့သည်။ အဲဒီသတင်းတွေအားလုံး ကောလဟာလတွေမှန်းလည်း လက်ျာသိပါသည်။ သို့သော် အခုလိုအချိန်မျိုး၌ အဲဒီလိုသတင်းတွေဖြစ်လာသဖြင့် လက်ျာက ဆင်ဆင်ခြင်ခြင် မနေသော မေ့ကို စိတ်ဆိုး၏။ မေကလည်း သူ့မ မှန်သဖြင့် အလျှော့မပေးဘဲနေသည်။

နောက်ဆုံးကျတော့ သီတာကပဲ ကြားဝင်စေ့စပ်ကာ သူတို့ကို ပြေလည်သွားစေ၏။ မေသည် သူမက ငွေညှစ်ခံရသည့်အကြောင်း သီတာ့ကိုပြောပြလိုကြောင်း လက်ျာနှင့်တိုင်ပင်သည်။ ဒါပေမဲ့ လက်ျာက သဘောမတူသဖြင့် မေလည်း စိတ်လျှော့လိုက်ရပါသည်။

ဒီလိုနှင့် ဒုတိယကားရိုက်ရမည့် အချိန်သို့ရောက်လာခဲ့၏။ မင်းသားအေးမင်းမို့လို့ လက်ျာက ရိုက်ကွင်းကို လုံးဝမလိုက်ချေ။ ဒီတော့ သီတာ့ကိုသာ မေက အဖော်ခေါ်ထားရပြန်သည်။ တစ်ခါတလေ ဖိုးရဲ၏အမေ သူမ၏အစ်မ ဒေါ်မေသန္တာထွန်းလည်း ရှူတင်ကို ပါလာတတ်သည်။ ဒေါ်မေသန္တာထွန်း၏ခင်ပွန်းမှာ ဖိုးရဲ ငါးနှစ်သားလောက်ကတည်းက ကားမှောက်၍ ကွယ်လွန်သွားခဲ့ပြီး ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမ ဖြစ်ခဲ့သူပင်။ အဲဒီတုန်းက ဒေါ်မေသန္တာထွန်းသည် စိတ်လွတ်ကိုယ်လွတ်ဖြစ်သွားပြီး စိတ်ရောဂါအထူးကုဆေးရုံမှာ ခြောက်လနီးပါး နေခဲ့ရသေး၏။

မေသစ္စာထွန်းက မိဘတွေရဲ့ကံကြမ္မာဆိုးကြောင့် အမွှာတွေ့ခဲ့သော သူမ၏တူလေးဖိုးရဲကို အရမ်းချစ်၍ သနားလည်းသနားမိသည်။

www.burmeseclassic.com



ဒါကြောင့် ဖိုးရဲလေးကို ယယ်ငယ်တည်းက မျက်နှာတစ်ချက် မညှိုးအောင် ထားခဲ့၏။ သူမ အခုလို အောင်မြင်လာတော့ ဖိုးရဲအတွက် တစ်ခုခုလုပ်ပေးချင်သည်။ ဖိုးရဲက Hip Hop ဂီတကို ဝါသနာကြီးလွန်းတာ တွေ့ရသဖြင့် စီးရီးခွေထုတ်ပေးရန် သူမ ဆုံးဖြတ်ချက် ချခဲ့ခြင်းဖြစ်ပါသည်။

ဖိုးရဲနှင့်ပတ်သက်လျှင် သူမနှင့်လည်း ပတ်သက်ရသည်ချည်း ဖြစ်၏။ အမြဲတမ်း အလိုလိုက်ခံခဲ့ရသော ဖိုးရဲက တစ်ခါတစ်ခါတော့ နည်းနည်းဆိုးချင်သည်။ သူမသည် ဖိုးရဲဒဏ်ကို တော်တော် အန္တတာခံခဲ့ရ၏။ ဖိုးရဲတစ်ယောက်တည်းတင် မဟုတ်။ ဖိုးရဲ၏ သူငယ်ချင်းတွေကိုလည်း သူမက သည်းခံဖြည့်ဆည်းပေးခဲ့သည်။ အခုနောက်ဆုံးမှာ ဖိုးရဲတို့ 'နှမ်းဖျစ်' အဖွဲ့၏မန်နေဂျာ (သို့မဟုတ်) 'လေဆာ'တေးထုတ်လုပ်ရေး ပိုင်ရှင်၏သားဖြစ်သော စိန်ရွှေနိုင်ဆိုသည့်သတ္တဝါကို သူမ သည်းခံပေးခဲ့လေသည်။

ဖိုးရဲတို့အခွေကို သူတို့လေဆာမှ ဖြန့်ချိပေးခဲ့ရာ ထိုက်သင့်သလောက် အောင်မြင်သည်ဟု ဆိုရမည်။ VCD ထွက်ပြီးလျှင် 'နှမ်းဖျစ်' အဖွဲ့သည် ဒီ့ထက် အခြေအနေကောင်းလာနိုင်၏။ ဖိုးရဲလေးလည်း စိန်ရွှေနိုင်အား ကိုစိန်. . . ကိုစိန်နှင့် ဖြစ်နေသဖြင့် သူနဲ့ မိတ်မပျက်အောင် သူမက အလိုက်သင့် ဆက်ဆံပေးနေရသည်။

တစ်ခု စိတ်ပျက်စရာကောင်းသည်မှာ မေ့ရှုတင်ကို လိုက်လာပြီး လူကြားထဲမှာ သူက ပဏာဝင်ယူတတ်ခြင်းပင်ဖြစ်၏။ မင်းသားအေးမင်းကလည်း သူ့ကို တစ်စက်မှ ကြည့်မရ။ ဒါရိုက်တာကလည်း သူ့ကို တော်တော် မျက်စိနောက်ပုံရသည်။ ရှုတင်အဖွဲ့သားတွေကလည်း သူ့အပေါ် ထိုနည်းလည်းကောင်း သဘောထားမျိုးရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် အားလုံးက မေ့မျက်နှာကို ထောက်ထားကာ စိန်ရွှေနိုင်အား ခွင့်လွှတ်ပေးရှာသည်။

အခု မင်းသားအေးမင်းနှင့် ဒုတိယကားကို စရိုက်ချိန်တွင် တော့ သူမအတွက် ပျော်စရာကောင်းသော အပြောင်းအလဲတစ်ခုဖြစ် လာခဲ့၏။ ကိုစိန်ရွှေနိုင်မှာ အရင်လိုပဲ မေ့ရှူတင်သို့ရောက်လာပြီး မေ့ကို လူလစ် တာနှင့် အဖြေတောင်းသည်။ သူမလည်း ကြံမိကြံရာနှင့် စိန်ရွှေနိုင်ကို ဒုတိယမင်းသမီး မြတ်မြတ်ထွေးနဲ့ မိတ်ဆက်ပေးလိုက်၏။ မြတ်မြတ်ထွေး မှာ အရင်ကားတုန်းကမပါဘဲ အခုကားကျမှ ဇာတ်အရ ပါဝင်လာခြင်း ဖြစ်သည်။ သူမ မိတ်ဆက်ပေးလိုက်သဖြင့် စိန်ရွှေနိုင်နှင့် မြတ်မြတ်ထွေး တို့သည် အလ္လာပ၊သလ္လာပစကားတွေ ပြောနေကြ၏။

ထိုအခါမှ မေလည်း ဇာတ်ညွှန်းဖတ်ကြည့်လိုက်၊ အိုက်တင်ကို ရိုဟာဖယ်လုပ်ကြည့်လိုက်နှင့် အလုပ်တွေ ရှုပ်ပြနေလိုက်သည်။ အစကာ ဟန်လုပ်နေခြင်းဖြစ်သော်လည်း သူမသည် မကြာခင် အလုပ်ထဲ စိတ် ပါဝင်စားလာပြီးနောက် နာရီဝက်ခန့်မျှောသွား၏။ ရုတ်တရက် သူမ၏ လက်မောင်းကို မာမီကျော်က ပုတ်၍ တစ်နေရာသို့ လက်ညှိုးညွှန်ပြ လိုက်ပါသည်။ မေလှမ်းကြည့်လိုက်တော့ ပထမဆုံး အံ့ဩသွား၏။ တဖြည်းဖြည်း သူမ ပြုံးလာ၏။ နောက်ဆုံးတွင် သူသေည် အိုင်ယာလန် ထိပေါက်သူတစ်ဦးကဲ့သို့ လက်သီးလက်မောင်းတန်းပြီး အောင်ပွဲခံကာ ပီတိတွေနှင့် ဝမ်းသာလုံးဆို့လျက်ရှိသည်။

အကြောင်းမှာ စိန်ရွှေနိုင်ဆိုသည့်ကောင်နှင့် ဒုတိယမင်းသမီး မြတ်မြတ်ထွေးတို့မှာ တစ်ယောက်နဲ့တစ်ယောက် အကြည့်ချင်း၊ စကား လုံးချင်း၊ နှလုံးသားချင်း ချစ်ကျွမ်းဝင်နေပုံကို တွေ့လိုက်ရသောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါသည်။ အခုဆို စိန်ရွှေနိုင်သည် သူမကို လှည့်တောင်မကြည့်တော့။ စိန်ရွှေနိုင်နှင့်မြတ်မြတ်ထွေးတို့သည် အပြန်အလှန် ကြွားဝါခန်းများဖွင့်ကာ စရိုက်တူချင်း သာယာကြည်နူးနေကြ၏။ မင်းသမီးထက် အဆိုတော် ပို၍ဖြစ်ချင်နေသော မြတ်မြတ်ထွေးသည် 'လေဆာ'တေးထုတ်လုပ်ရေးပိုင်ရှင်လေး စိန်ရွှေနိုင်အား အခုချက်ချင်း ဘာမဆိုလိုက်လျောတော့မည့် သဘောရှိပါသည်။

သူတို့နှစ်ယောက် ဖြစ်ပျက်နေပုံကြောင့် ရှူတင်တစ်ခုလုံးလည်း ပြုံးစိစိနှင့်ဖြစ်နေကြသည်။ စိန်ရွှေနိုင်တို့ကို ဇာတ်ရှိန်မြှင့်ပေးရန် မိတ်ကပ်မာမီကျော်အား ဇာတ်ညွှန်းရေးဆရာ ကိုမြင့်ဦးက တာဝန်ပေး၏။ သိပ်မကြာခင် ဇာတ်ညွှန်းရေးဆရာ၏ စေခိုင်းချက်အရ မာမီကျော်သည် သူတို့နှစ်ယောက်ကို အဆုံးထိ အရောက်ပို့လေတော့သည်။

မာမီကျော်၏ အလှော်ကောင်းမှု၊ ဇာတ်ညွှန်းဆရာကိုမြင့်ဦး၏ လက်စွမ်းပြဒိုင်ယာလော့ခ်တွေအပြင် သူတို့နှစ်ယောက်၏ ရှေးဘဝရေစက်တစ်စက် ( ထိုရေစက်တစ်စက်က ပစိဖိတ်သမုဒ္ဒရာလောက်ရှိနိုင်သည် ) တို့ကြောင့် စိန်ရွှေနိုင်နှင့် မြတ်မြတ်ထွေးသည် နောက်တစ်နေ့တွင် ရှူတင်ရှိရာသို့ ချစ်သူရည်းစားများအဖြစ် လက်ချင်းတွဲ၍ ရောက်ရှိလာကြလေ၏။ သူတို့ပုံစံတွေကြောင့် ရှူတင်ထမင်း လိုက်ပြင်ပေးသော ဒေါ်အေးကြိုင်၏သမီးလေး 'မီးငယ်'ဆိုလျှင် အပျိုလေးတန်မဲ့ ရှူးရှူးတွေ ထွက်ကျကုန်သည်အထိ ရယ်မောစရာ ဖြစ်ခဲ့သည်။

သူတို့စုံတွဲအား ဂုဏ်ပြုသောအားဖြင့် မာမီကျော်က ရှူတင်တစ်ဖွဲ့လုံးကို အအေးဝယ်တိုက်ခဲ့ပါသည်။ ဒီအလှူ၌ မာမီကျော်ကို

www.burmeseclassic.com

www.burmeseclassic.com



ရှေ့တန်း တင်ပေးလိုက်သော်လည်း တကယ့်နောက်ကွယ်တွင် အအေးဖိုးငွေ စိုက်ထုတ်ပေးသူမှာ မင်းသမီးမေသစ္စာထွန်းပင် ဖြစ်ပါတော့သည်။


တစ်ခါတုန်းက စိန်ရွှေနိုင်သည် မေ့မှာ ရည်းစားရှိပါတယ်ဆိုတာကိုတောင် စိတ်မပျက်ဘဲ သည်းကြီး၊ မဲကြီးလိုက်ခဲ့ဖူးသည်။ အခုတော့ သူသည် မြတ်မြတ်ထွေးရဲ့လက်ကို မြဲမြဲစွာဆုပ်ကိုင်ထားကာ မင်းသမီးရဲ့ဘဲဆိုသည့် ဂုဏ်ပုဒ်ကြီးအား ရရှိသွားလေပြီ။

ဘာပဲဖြစ်ဖြစ် ထိုနေ့က သူတို့စုံတွဲကိုကြည့်ပြီး မေက တခြားလူတွေထက် ပို၍ပျော်ရွှင်ခဲ့ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကားရိုက်တာ အချိန်ရလာတော့ မေသစ္စာထွန်းသည် မင်းသားနှင့်ဒါရိုက်တာတို့၏အထာကို ပို၍ သဘောပေါက်နားလည်လာခဲ့သည်။ တစ်ယောက်နဲ့တစ်ယောက်မှာ အပေးအယူတည့်ပြီး အလုပ်လုပ်ရတာလည်း ပိုမိုအဆင်ပြေချောမွေ့လာ၏။ အေးမင်းနှင့်ရိုက်နေသောရှူတင်ကို သူမ၏ချစ်သူလက်ျာက လုံးဝဥဿုံ ပေါ်မလာသော်လည်း တူတော်မောင်ဖိုးရဲတို့တစ်သိုက်ကတော့ မကြာခဏရောက်လာတတ်သည်။

စိန်ရွှေနိုင်မှာ ဒုတိယမင်းသမီးမြတ်မြတ်ထွေးနှင့် အတွဲတွေ ဖြစ်သွားပြီမို့ ဖိုးရဲနှင့် ပြဿနာဖြစ်စရာ အကြောင်းမရှိတော့။ နောက်တစ်ချက်က မင်းသားအေးမင်းနှင့် ဖိုးရဲတို့ 'နှမ်းဖျစ်' အဖွဲ့သားများမှာ

www.burmeseclassic.com

www.burmeseclassic.com



ဘော်ဒါတွေ ဖြစ်သွားကြခြင်းပင်ဖြစ်ပါသည်။

သူတို့ယောကျ်ားလေးများကြားထဲသို့ 'မေ'တောင်တိုးလို့ မပေါက်တဲ့ လုံးတွေးမိသွားကြ၏။ ဖိုးရဲတို့ VCD ခွေကိုလည်း အမြန်ဆုံး ကားဆက်၍ပြီးအောင် အေးမင်းက အကူအညီတွေ ပေးရှာပါသည်။ အေးမင်းနှင့်မေတို့၏ ဆက်ဆံရေးမှာ အရင်းနှီးဆုံးအဆင့်ကို အလွယ်တကူပဲ ရောက်ရှိသွားခဲ့သည်။ ဒါကိုလည်း မေက စိတ်ရှင်းသည်။ အေးမင်းက ခင်စရာကောင်း၏။ သူမကို ရိုက်ကွင်းပေါ်မှာ အလုပ်တွင်ကျယ်အောင် များစွာ ကူညီသင်ပြပေးသည်။ ဖိုးရဲတို့နှင့် အဆင်ပြေအောင်လည်း အေးမင်းက ဖြည့်ဆည်း၍ပေါင်းသည်။ အရေးပါအရာရောက်သူတွေ အားလုံးနှင့် ပြေလည်မှုရှိရှိ ပေါင်းသင်းဆက်ဆံနိုင်ခြင်းက သူ့ကို ဒီလို အောင်မြင်သော မင်းသားတစ်လက်ဘဝသို့ ရောက်ရှိလာစေသည့် အဓိက အချက်တစ်ချက်ဖြစ်လေသည်။

ပတ်ဝန်းကျင်၌ အေးမင်းနှင့်မေသစ္စာထွန်းတို့၏ အကြောင်းမှာ ရေပန်းစားသောသတင်း ဖြစ်လျက်ရှိ၏။ ဂျာနယ်လစ်တွေကလည်း ထုံးစံတစ်ခုလို ဝိုင်းရေးကြပြန်သည်။ ဒီလိုအခြေအနေတွေကြားမှာ မြတ်မြတ်ထွေးသည် ဘာစိတ်ကူးပေါက်သည်မသိ. . . စိန်ရွှေနိုင် တစ်ယောက်လုံးကို ဘေးမှာထားပြီး အေးမင်းအား အီစီကလီအကွက်တွေ လုပ်ခင်းနေသဖြင့် မေ့မှာ အံ့သြရသည်။ သိတာကတော့ မေ့အပေါ် မြတ်မြတ်ထွေး မနာလိုဖြစ်တာဟု မှတ်ချက်ချပါသည်။ ဒါမျိုးကိစ္စတွေ၌ မင်းသားအေးမင်းမှာ ခေသူမဟုတ်ကြောင်း တွေ့ရ၏။ အေးမင်းသည် မြတ်မြတ်ထွေးကို ယောကျ်ားတို့၏မာယာဖြင့် ကျွမ်းကျင်စွာ တုံ့ပြန်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ စိန်ရွှေနိုင်တစ်ယောက် မျှော်မှန်းခဲ့ကိုင်မိသလို ဆောက်တည်ရာမရ ဖြစ်နေတော့၏။ အခု သူက အေးမင်းဘက်သို့ ပါချင်နေသော မြတ်မြတ်ထွေးကို လုံးဝ အလွတ်မပေးဘဲ အသေလိုက်ကပ်လျှက်ရှိ၏။ မြတ်မြတ်ထွေးသည် ကိုရီးယားအဆိုတော် 'ရိမ်း'ကို ခရေစ်တာ အင်တာဗျူးတစ်ခုမှာ ဖွင့်ပြောလိုက်သည်။ ထိုအင်တာဗျူးကို ဖတ်မိသော စိန်ရွှေနိုင်သည် 'ရိမ်း'နှင့်သက်ဆိုင်သမျှ ပစ္စည်းပစ္စယများကို ကြုံရင်ကြုံသလို မြတ်မြတ်ထွေးအတွက် ဝယ်လာပြီး လက်ဆောင်ပေးပါတော့သည်။ သူ့ကိုယ်သူလည်း 'ရိမ်း'နှင့်မတူတူအောင် တုပနေထိုင်သဖြင့် စိတ်ပျက်စရာဖြစ်ရ၏။

တစ်ခါတွင် မြတ်မြတ်ထွေးက စိတ်ပေါက်ပေါက်နှင့်. . .

"ကိုစိန်ရွှေ. . . မြတ်ကို နောက်တစ်ခါ အဲဒီ 'ရိမ်း'နဲ့ပတ်သတ်တဲ့ဟာတွေ လုံးဝလာမပေးနဲ့တော့။ အဲဒီကောင်ကို မြတ် အရုပ်ဆုန်းသွားပြီ. . . သိလား"

"ဟင်. . . ဘယ်လိုဖြစ်ရတာလဲ မြတ်ရယ်. . . ဘာကြောင့် ရုတ်တရက် ကောက်ကာငင်ကာကြီး ပြောင်းလဲသွားရတာလဲဆိုတာ ရှင်းပြပါဦး"

"ဘာဖြစ်ရမှာလဲ။ ဒီမှာလေ. . . 'ရိမ်း'က ဆံပင်တွေ ညှပ်ပစ်လိုက်ပြီတဲ့၊ မြတ်က သူ့ကို ဆံပင်ရှည်ရှည်လေးနဲ့မှကြိုက်တာ ကိုစိန်ရွှေရဲ့. . ."

မြတ်မြတ်ထွေးသည် သူ့ကို ဂျာနယ်တစ်စောင်ထဲ ဆံပင်တိုနေသည့် 'ရိမ်း'ဓာတ်ပုံကိုပြကာ ထိုကဲ့သို့ပြောလိုက်၏။ စိန်ရွှေနိုင်က ခေါင်းလေး တညိတ်ညိတ်လုပ်ရင်း သူမ၏ပြောပြချက်အား မှတ်သား

www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။

အဲဒီနောက်မှာတော့ စိန်ရွှေနိုင်သည် တခြားလူတွေနှင့် စကားပြောလျှင် သူ့ဆံပင်တွေ ရှည်လာနေကြောင်းကို ဘာမှဆိုင်ဆိုင် မဆိုင်ဆိုင် အတင်းထည့်ပြောသည့် စရိုက်အား ပိုင်ဆိုင်သွားခဲ့လေ၏။ 'ရိမ်း' ဆံပင်ရှည်နေစဉ်တုန်းက နေပုံ၊ ထိုင်ပုံ၊ သွားပုံ၊ လာပုံတွေ အားလုံးကို လိုက်လံ တုပနေသည်မှာ လူရယ်စရာ ဖြစ်လို့နေသည်။ ရှူတင်တစ်ဖွဲ့လုံးက သူ့ကို ဟားစရာ သတ္တဝါတစ်ကောင်လိုသာ သဘောထားပြီး ခွင့်လွှတ်စရာရှိရင်လည်း ခွင့်လွှတ်ပေးလိုက်ကြ၏။

စိန်ရွှေနိုင်သည် မိုးတစ်ဖွဲဖွဲ ရွာနေချိန်များတွင်ပင် 'ရိမ်း'ကဲ့သို့ ဆံပင်ကို ဟိုထောင်သည်ထောင် စတိုင်လုပ်ကာ မြတ်မြတ်ထွေး မြင်သာအောင် လမ်းသလားပြနေသည်။ ဒါရိုက်တာဖော်ကြီးမှာ ရာသီဥတုကြောင့် ရှူတင်စရိတ်တွေ ရှုံးမည့်အရေး တွေးပြီး စိတ်ညစ်နေချိန်မို့ စိန်ရွှေနိုင်၏ အပြုအမူများအား မနည်းသည်းခံနေရရှာသည်။

ထိုအခိုက် မိုးချိမ်းသံတစ်ချက်က 'ဂျိမ်း'ခနဲ မြည်ဟိန်းကာ လျှပ်စီးများ လက်ထသွား၏။ စိန်ရွှေနိုင်မှာ ဟန်ရေးပြနေရာမှ မိုးချိမ်းသံကြောင့် လန့်ပြီး SONY အမျိုးအစား 250 ကင်မရာကြီးဆီသို့ လဲကျသွားပါသည်။ နောက်ဆက်တွဲအဖြစ် ကင်မရာ မှန်ဘီလူးဖိုး ( ၂၄ ) သိန်းလောက် သူ အလျော်ပေးလိုက်ရ၏။ မာမီကျော်က အဲဒီအဖြစ်အပျက်ကို သံဘောကျလို့ မဆုံးအောင်ဖြစ်နေသည်။

''သူ့ကိုယ်သူ 'ရိမ်း' ဆိုပြီး မိုးထဲလျှောက်သွားတာ 'ဂျိမ်း' ဆိုပြီး မိုးကြိုးပစ်ချလိုက်တော့ 'ဒိန်း'ဆိုပြီး ကင်မရာကြီးပေါ် လဲကျသွားလို့ ပိုက်ဆံ ( ၂၄ ) သိန်း လျော်လိုက်ရသတဲ့ မင်းသမီးရယ် . . .။

www.burmeseclassic.com

www.burmeseclassic.com



တို့ကတော့ သိပ်ပျော်တာပဲ. . . ဟိ. . . ဟိ. . . ဟိ. . ."


မာမီကျော့်စကားကြောင့် ရှုတင်တစ်ခုလုံး ပွဲကျသွားကြ၏။ စိတ်ညစ်နေသည့် ဒါရိုက်တာဖော်ကြီးလည်း အခုမှ ပြုံးရယ်နိုင်တော့သည်။

" 'ရိမ်း' ဆိုပြီး လျှောက်သွားတုန်း 'ဂျိန်း' ဆိုပြီး မိုးကြိုးပစ်ခံလိုက်ရတယ်" ဟူသော မာမီကျော်၏စာသားသည် ဖိုးရဲတို့အတွက် Hip Hop သီချင်းရေးရန် ကုန်ကြမ်းတစ်မျိုး ဖြစ်ခဲ့ရလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မေသစ္စာထွန်းသည် အခုတလော ချစ်သူလက်ျာနှင့် အဆေး မကပ်ဘဲ မကြာခဏ စကားတွေများနေရ၏။ သူမကို ငွေညှစ်သွားသော တရားခံအား မဖော်ထုတ်နိုင်သေးသည့်အပြင် မင်းသားအေးမင်းနှင့် မေ့ကို ဂျာနယ်တွေက အတင်းဝန်ခံခိုင်းနေသည်မှာ စိတ်ပျက်ဖို့ကောင်း လှသည်။ လက်ျာရော သူမပါ စိတ်မကြည်လင်ကြချိန်မို့ စကား အကောင်း မပြောဖြစ်ကြဘဲ ထစ်ခနဲဆို ရန်ဖြစ်ကုန်တော့၏။

သူမနှင့်လက်ျာတို့ ညနေတုန်းက ရေကူးကန်ရှေ့၌ စကားများ ရန်ဖြစ်ခဲ့ပုံတွေကို ပြန်တွေးမိ၍ မေ့မှာ စိတ်မကောင်းဖြစ်နေရသည်။ မေ့အိပ်ရာဘေးရှိ စားပွဲတင်နာရီလေးက ညဆယ့်နှစ်နာရီ ထိုးတော့မည် ဟု ညွှန်ပြနေ၏။ အခုချိန်ထိ သူမတစ်ယောက် အိပ်မပျော်သေးဘဲ

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာပေါ်မှာ ဘယ်ညာလူးလိမ့်ရင်း သောကတွေကို နှောင်ဖွဲ့နေမိသည်။

ရုတ်တရက် အောက်ထပ်ဆီမှ 'ဟေး'ခနဲ အော်သံများကို ကြားလိုက်ရ၏။ ကောင်တော့ 'နှမ်းဖျစ်'အဖွဲ့သားတွေ လူစုံနေကြပြီ ထင်သည်။ သူမက ဖိုးရဲတို့ကို မိုးလင်းအထိ တီဗွီဂိမ်းမဆော့ဖို့ပြောရန် အိပ်ရာထဲမှ ထလာခဲ့၏။ အောက်ထပ်ကိုရောက်တော့ သူမ ထင်ထားသည့်အတိုင်း 'နှမ်းဖျစ်'အဖွဲ့ လူစုံနေတာမှန်သည်။ ဒါပေမဲ့ သူတို့က တီဗွီဂိမ်းဆော့နေကြတာ မဟုတ်။ သူတို့ ချောင်းသာသွားတုန်းက ဖိုးရဲလေး အပျော်လျှောက်ရိုက်လာသည့် မှတ်တမ်းခွေကို အမှတ်တရ ပြန်ဖွင့်ကြည့်ကာ ငြင်းခုန်ရယ်မောပြီး ဆူညံနေကြခြင်းဖြစ်သည်။

သူမ ဆင်းလာတာကိုမြင်တော့ ဖိုးရဲက. . .

"လာ. . . အန်တီလေး။ ဒီမှာ သားတို့ ချောင်းသာမှာ ကဲခဲ့တာတွေ လာကြည့်ချေ။ ဒီထဲက အရုပ်တချို့ကို VCD ထဲမှာ ထည့်ရင် ကောင်းမလားလို့ စဉ်းစားနေတာ. . ."

မေက ရဲရင့်တက်ကြွနေသော သူဇာ့လူငယ်လေးတွေကို ပြုံး၍ ကြည့်လိုက်မိသည်။ နောက်. . . သူမက ဖိုးရဲဘေးနားရှိ လွတ်နေသည့် ဆက်တီခုံမှာ ဝင်ထိုင်လိုက်၏။ ငွေခွန်က မေ့ကို ပြောနေရင်းမှ ဖိုးရဲကို ဆက်ပြောသည်။

"ကျွန်တော်တို့ ဘယ်ရုပ်တွေ ယူသင့်သလဲဆိုတာ အန်တီလေးပါ ဝိုင်းရွေးပေးနော်. . . ဟော့ကောင်ဖိုးရဲ အစက ပြန်ရစ်ပေးလိုက်. . ."

ခွေကို ပြန်ရစ်ရန် ဂျူနီယာဇော်ပေါင်ပေါ်မှ ရိုးရဲ့ ဖိုးရဲ လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ယူဆဲ. . . မေ့အကြည့်တွေက တီဗွီဖန်သားပြင်ဆီ လှစ်ခနဲ တစ်ချက် ရောက်သွား၏။ ချက်ချင်းဆိုသလို မေ့ထံမှ အလန့်တကြားဟန်ပန်နှင့် တားမြစ်သံတစ်ခု ပေါ်ထွက်လာပါသည်။

"နေဦး၊ ဖိုးရဲ. . . မရစ်နဲ့ဦး"

သူမ၏ စကားကြောင့် ဖိုးရဲနှင့် သူ့သူငယ်ချင်းနှစ်ယောက်က အံ့သြသင့်စွာ မေ့ဆီ လှည့်ကြည့်လိုက်ကြပါသည်။ ဖိုးရဲက ရီမိုကွန်ထရိုးကို ကိုင်ရင်း. . .

"ဘာဖြစ်လို့လဲ အန်တီလေးရဲ့. . . ဘာတွေ့လို့လဲ"

"ပေး. . . အန်တီလေးကို အဲဒီရီမို ခဏပေးစမ်း သား. . ."

ဖိုးရဲက ယောင်နနနှင့်မေ့ကို ရီမိုကြီး ထိုးပေးလိုက်၏။ သူမက ရီမိုနှင့် အနည်းငယ်မျှ ပြန်ရစ်သည်။ သူမ လိုချင်သည့် နေရာကို ရောက်တော့ မေက Play ကိုနှိပ်သည်။ Play မှ ချက်ချင်း Pause လုပ်လိုက်ပြီး တီဗွီပေါ်ရှိ ရွှေလျားပုံရိပ်တွေကို သူမက ရပ်တန့်ပစ်လိုက်၏။

တီဗွီမျက်နှာပြင်ပေါ်၌ တွေ့ရသည်မှာ လူသုံးယောက်သည် ချောင်းသာကမ်းခြေ တစ်နေရာတွင် ဝိုင်းဖွဲ့ထိုင်ကာ အုန်းရည်သောက်နေကြပုံဖြစ်ပါသည်။

ဒါသည် ထူးခြားမှု မဟုတ်သော်လည်း ထိုသုံးယောက်ထဲမှ တစ်ယောက်သည် သူမချစ်သူ လက်ျာဖြစ်နေခြင်းကတော့ ထူးဆန်းလှ၏။ နောက်တစ်ချက်မှာ လက်ျာနှင့် စကားလက်ဆုံကျနေသူသည် ကိုတစ်လောက မေ့ကို ငွေညှစ်သွားခဲ့သူပဲဖြစ်ပါသည်။

"ဟုတ်ပါတယ်. . . သူမှ သူအစစ်ပဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



မေက တစ်ကိုယ်တည်း တီးတိုးရေရွတ်လိုက်မိ၏။ ဖိုးရဲနှင့် အပေါင်းအသင်းများက သူမအား နားမလည်နိုင်စွာ ဝိုင်းကြည့်နေကြသည်။ ခဏကြာမှ မေက ပြန်၍သတိဝင်လာ၏။ သူမက. . .

"ဪ. . . ဆောရီးနော်. . . သားတို့၊ အန်တီလေးရဲ့ ကျောင်းတုန်းက သူငယ်ချင်းတစ်ယောက်နဲ့ တူလို့ကြည့်တာပါ. . ."

ဖိုးရဲက ( သူ့အဒေါ် ) မေ့လုပ်ရပ်ကြောင့်. . .

"ဒါများ အန်တီလေးရယ်. . . ဘာများလဲလို့ အလန့်တကြားနဲ့"

ဖက်တီးလေး ဂျူနီယာဇော်ကလည်း ဖိုးရဲကို ဝင်ထောက်ခံလိုက်သည်။

"အေးလေ. . . အသိတစ်ယောက် တွေ့တာများ ဘာဆန်းလို့လဲ"

ငွေ့ချွန်ကလည်း. . .

"ဪ. . . မင်းတို့ကလည်း အန်တီလေးရဲ့ သူငယ်ချင်းဆိုတာ ဟုတ်ချင်မှ ဟုတ်မှာပေါ့။ ကျောင်းတုန်းကဘဲလားမှ မသိတာ. . ."

ဖိုးရဲက သူမကို မျက်စောင်းကြီးလှမ်းထိုးကာ. . .

"အန်တီလေးနော်။ ငွေ့ချွန်ပြောတာ ဟုတ်လား"

ဝါးခနဲ ရယ်သံများ ဆူညံသွားကြ၏။

"အယ်. . . ဒီကလေးတွေ။ ငါလုပ်ထည့်လိုက်ရ နာတော့မယ်။ ငါ့ကိုများ စ,စရာ၊ နောက်စရာ ကျနေတာပဲ။ တော်ပြီ. . . သွားအိပ်တော့မယ်"

"နေပါဦး. . . အန်တီလေးရာ။ သားတို့ကို အရုပ်ဝိုင်းရွေးပေး

www.burmeseclassic.com



ခဲ့ပါဦး''

''ဖိုးရဲ. . . အခု အန်တီလေး ပင်ပန်းနေပြီ။ မနက်ကျရင် အစောကြီး ရှုတင်သွားရမှာကွ။ ဒီလိုလုပ်ပါလား။ အဲဒီခွေကို စက်ထဲမှာ ပဲထားခဲ့။ မနက်ဖြန် အန်တီလေး ကြည့်ရှုထားပေးမယ်၊ ဟုတ်ပြီ လား. . .''

''ဟုတ်ကဲ့. . .''

ဖိုးရဲတို့က သူတို့ဘာသာ သူတို့ခွေကြည့်ရင်း ချောင်းသာတုန်းက အပျော်တွေဆီ ပြန်ရောက်သွားကြ၏။ မေ့ရင်ထဲမှာ တလှပ်လှပ်ဖြစ် နေသော ခံစားမှုကို ထိန်းသိမ်းကာ အပေါ်ထပ်သို့ ပြန်တက်လာခဲ့ သည်။ အံ့သြစိတ်နှင့် သူမ စောစောက မြင်ခဲ့တာတွေကို မယုံကြည်နိုင် အောင် ဖြစ်နေရသည်။

အခန်းထဲရောက်တော့ မေက တဒိတ်ဒိတ် ခုန်နေသော ရင် အစုံကို လက်ဖဝါးနှင့် ဖိထားရင်း အမောဖြေနေမိသည်။ နောက်. . . သူမ မျက်စိစုံမှိတ်ပြီး ခေါင်းကို ခါယမ်းပြန်၏။

ဘယ်လိုမှ မဖြစ်နိုင်သည့်အရာတစ်ခုမှာ တကယ်ပဲ ဖြစ်ခဲ့လေ ပြီ။ သူမ ရင်ထဲမှာ ဘာနှင့်မှ အစားထိုးလို့မရသောက်အောင် ဆုံးရှုံး မှုက ထုထည်ကြီးမားနေခဲ့ပါသည်။

❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒီလောက်ဆိုရင် လုံလောက်သွားပြီမို့ မေက လက်ထဲမှ ရိုးရှူ ကွန်းထရိုးနှင့် တီဗွီကို ပိတ်ပစ်လိုက်၏။ ပြီးတော့ သူမ ဘေးနားတွင် ထိုင်နေသောလက်ျာနှင့် မျက်နှာချင်းဆိုင်ကာ သူ့မျက်လုံးများကို ခပ်စူးစူး စိုက်ကြည့်လိုက်ပါသည်။

လက်ျာမှာ မယုံနိုင်အောင် အံ့သြသွားရသည်။ သူမ၏ ဖော်ထုတ်ပြမှုကြောင့် သူ့လျှို့ဝှက်ချက်တစ်ခု ပေါ်သွားခြင်းကို စိတ်ပျက်အားငယ်စွာ ခေါင်းယမ်းနေ၏။ သူမနှင့် အကြည့်ချင်း မဆုံရဲသဖြင့် လက်ျာက ခေါင်းကို ငုံ့ထားလိုက်လေသည်။

မေသစ္စာထွန်းသည် လက်ျာ၏ အပြုအမူများကို သရော်သလို နှုတ်ခမ်းလေးရွဲ့ကာ ခပ်ထေ့ထေ့ ကြည့်နေသည်။ သူမ ရင်ထဲမှာ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



ဘောက်တောင် နာကျင်ခံစားနေရသလဲဆိုတာ သူမသာ အသိဆုံးဖြစ်ပါသည်။ လက်ျာကို စိုက်ကြည့်နေသော သူမ မျက်ဝန်းမှာ မျက်ရည်စများ ရစ်ဝိုင်းတွဲခိုလာပြီး အမြင်တွေလည်း ဝေဝါးလာတော့သည်။

"မေ. . . အဲဒီလို လုပ်နေမယ့်အစား ကိုယ့်ကို တစ်ခုခုပြောလိုက်ပါလားကွာ. . ."

လက်ျာက မလုံတော့ဘဲ သူမကို စပြောလိုက်၏။ ထိုစကားသည် သူ့မှာ အပြစ်ရှိကြောင်း သွယ်ဝိုက်ဝန်ခံသည့် အဓိပ္ပာယ်ဆောင်နေ၏။

သူမ ပါးပြင်ပေါ်မှ မျက်ရည်စက်တွေ စီးကျလာသည်။ မေက ခေါင်းကို ယမ်းပြပြီး၊ ဘာစကားမှ ပြောစရာမရှိကြောင်း အမူအရာဖြင့် ပြပါသည်။ လက်ျာ မချင့်မရဲဖြစ်ကာ သူမကို မျက်ရည်သုတ်ပေးရန် ကြိုးစားလိုက်၏။ ရုတ်တရက် မေက သူ့လက်ကို ပုတ်ထုတ်ပစ်လိုက်သဖြင့် လက်ျာ အံ့သြသွားမိသည်။

"မေ့. . . ကိုယ်မှာ အပြစ်ရှိတယ်ဆိုပေမယ့်၊ ဒီလောက် ခါးခါးသီးသီးကြီး ဖြစ်နေတာတော့ ကိုယ် လုံးဝနားမလည်ဘူး မေ. . . ပြီးတော့ ဒီကိစ္စမှာ ကိုယ်ရှင်းပြတာကို မေ နားမထောင်ရသေးဘူးလေ. . ."

မေက မီးထတောက်မတတ် သူ့မျက်နှာကို ဆတ်ခနဲ ကြည့်လိုက်၏။ သူမက. . .

"ကဲ. . . ပြောစမ်းပါဦး။ ယူ့ရဲ့ ဖြေရှင်းချက်လေးကို . . . အပျင်းပြေ နားထောင်ရတာပေါ့"

လက်ျာ စိတ်ထဲ၌ ထောင်းခနဲ ဒေါသဖြစ်သွားသော်လည်း သူက စိတ်ကို မပေါက်ကွဲမိ ပြန်ထိန်းချုပ်လိုက်နိုင်၏။ လောလောဆယ်

www.burmeseclassic.com

www.burmeseclassic.com



သူက အပြစ်ရှိနေတာမို့ ဒေါသကို မျိုသိပ်ပြီး မေ နားလည်အောင် ရှင်းပြဖို့ ကြိုးစားရှာပါသည်။

"ဒီလို မေရဲ့. . . ဟိုတစ်နေ့က ကျောင်းတုန်းက သူငယ်ချင်း ကောင်းထက်နဲ့ ပြည်ပါသွားတယ်လို့ မေ့ကို ကိုယ်လိမ်ပြောခဲ့တာ အကြောင်းရှိတယ်"

"ဩော်. . . ဟုတ်လား၊ ပြောပါဦး လက်ျာရဲ့. . ."

သူမက ရိသဲ့သဲ့လုပ်ကာ သူ့ကို စိတ်ကသိကအောက် ဖြစ်အောင်လုပ်ပါသည်။ ဒါကို လက်ျာက လစ်လျူရှုထားလိုက်ပြီး သူမကို ရှင်းပြစရာရှိတာ ဆက်ရှင်းပြလိုက်၏။

"ဟိုတစ်လောတုန်းက ရေကူးကန်မှာ မေနဲ့ပြဿနာဖြစ်ခဲ့တဲ့ ကောင်မလေးနှစ်ယောက်ကို မေ မှတ်မိမှာပါ။ သူတို့နှစ်ယောက်က ကောင်းထက်ညီမဝမ်းကွဲတွေတဲ့. . . တကယ်ပဲ ကောင်းထက်နဲ့ အဲဒီနေ့ကမှ ပြန်တွေ့တာ။ အဲဒီကောင်က အတင်း ချောင်းသာကို ခေါ်နေလို့ ကိုယ် ဘယ်လိုမှ ငြင်းမရဘဲ ပါသွားခဲ့တယ်။ အစတုန်းကတော့ မေ့ကို အမှန်တိုင်း ပြောဦးမလို့ပဲ။ ဒါပေမဲ့. . . ဟိုကောင်မလေးနှစ်ယောက်က ပါနေတော့ မေ့စိတ်ထဲမှာ အနှောင့်အယှက် ဖြစ်မှာစိုးလို့ ပြည်နားက ရွာကို သွားတာလို့ လွှဲပြီးပြောခဲ့တာပါ၊ မေ့အတွက် စေတနာနဲ့ပြောခဲ့တာပါ. . . ကိုယ်တောင်းပန်ပါတယ် မေရယ်. . . နော်. . . မေ. . ."

"ဒါပဲလား. . ."

သူမဆီမှ ထွက်ပေါ်လာသော စကားကြောင့် လက်ျာလည်း ကြောင်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဒါပဲလေ မေရဲ့။ ဘာဖြစ်လို့လဲ"

မေသည် သူ့မေးခွန်းကြောင့် ဒေါသတကြီး ဖြစ်သွားရသည်။ နောက်. . . သူမက တီဗွီနှင့် ဒီဗွီဒီစက်ကို ရီမုတ္တေနှင့် ပြန်ဖွင့်၏။ သူမသည် သူမ မလိုချင်သော အရုပ်တွေကို ကျော်ပစ်လိုက်ပြီး လက်ျာတို့ပုံတွေဆီရောက်တော့ Pause လုပ်၍ ရပ်လိုက်သည်။ မေက မေး၏။

"အဲဒါ ဘယ်သူတွေလဲ"

"အလယ်က လူက ကောင်းထက်လေ. . ."

"ဟိုဘက်က တစ်ယောက်ကရော. . ."

"အင်း. . . သူကလည်း ကောင်းထက်ရဲ့ ညီဝမ်းကွဲတစ်ယောက်ပဲ မေရဲ့။ သူနာမည်က ဇော်ကိုကိုဆိုလားပဲ။ ဘာဖြစ်လို့လဲမေ. . ."

"ယူက တကယ်မသိဘူးလား၊ ဒါမှမဟုတ် မသိချင်ယောင်နေတာလားဟင်"

"တကယ် မသိလို့မေးနေတာပေါ့ မေရာ. . ."

မေက သူ့မျက်လုံးတွေကို အဆုံးထိ ဖောက်ထွင်းကြည့်ပစ်လိုက်၏။ ခဏကြာတော့. . .

"ယူ မဆိုးပါဘူး။ အိုက်တင်လုပ်တာ တော်သားပဲ။ ဒါပေမဲ့ ယူသိထားရမှာက မေက အိုက်တင်လုပ်ပြီး အသက်မွေးဝမ်းကြောင်းလုပ်နေတဲ့ မင်းသမီးတစ်ယောက်နော်. . ."

သူမ စကားတွေက ဘာကိုဆိုလိုမှန်း မသိသော်လည်း သူ့ကိုစော်ကားနေပြီလို့တော့ လက်ျာ ခံစားမှုဖြင့် သိလိုက်ရ၏။

"မေ ဘာတွေ ပြောနေတာလဲ၊ ကိုယ် တစ်ခုမှ နားမလည်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ယူက ဒါမျိုး ရှုးချင်ယောင်ဆောင်တဲ့ နေရာမှာ ပိုင်တာပဲကိုး. . . ယူသာ စောစောစီးစီး မင်းသားလုပ်ခဲ့ရင် အေးမင်းတို့တောင် စူပါမင်းသား ဖြစ်လာစရာအကြောင်းမရှိဘူး"

"မေ. . ."

သူ့အသံက အနည်းငယ်ကျယ်ကာ လည်ချောင်းဝမှ မာဆတ်ဆတ် ခုန်ထွက်သွားပါသည်။ သူမက သူ့ကို ပြန်၍ စိုက်ကြည့်လိုက်၏။ သူတို့နှစ်ယောက်စလုံး စကားတစ်ခွန်းမှ ထပ်မပြောဖြစ်ကြဘဲ အကြည့်တွေ အားပြိုင်နေခဲ့သည်။

ထို့နောက် သူမက မပြောမဆိုနှင့် ထိုင်ခုံမှ ထသွား၏။ သူက သီတာတို့ အိမ်ဧည့်ခန်းမှာ တစ်ယောက်တည်း ဝေါင်းစင်းစင်းနဲ့ ကျန်ရစ်ခဲ့သည်။ မေ ပြန်လာလိမ့်မည်ဟုထင်ပြီး သူစောင့်နေသေး၏။ နာရီဝက် နီးပါးလောက်ကြာမှ အိမ်ရှင်ဖြစ်သော သီတာက မေ့အကြောင်းလာပြောပြသည်။ ထိုစဉ် ကားတစ်စီးစက်နှိုး၍ မောင်းထွက်သွားသံကို သူကြားရ၏။

"မေ. . . အိမ်ပြန်သွားပြီ ကိုလက်ျာ။ ကားသံကြားတယ် မဟုတ်လား"

ဒီတော့မှ သူသဘောပေါက်စွာ သီတာ့ကို ခေါင်းညိတ်ပြမိ၏။ သီတာက စိတ်မကောင်းဖြစ်သွားပုံရသည်။

"ကိုလက်ျာကို မေ အရမ်းနာကျည်းပြီး စိတ်ဆိုးနေတယ် ထင်တယ်။ သီတာလည်း မေ့ကို ဒါမျိုး တစ်ခါမှမမြင်ဖူးဘူးဆိုတော့ အံ့သြနေတာပေါ့။ အင်းပေါ့လေ. . . မေ ဒီလိုဖြစ်မယ်ဆိုလည်း ဖြစ်လောက်စရာပဲ မဟုတ်လား၊ သီတာ့ အထင်ပြောရရင် အခုကိစ္စမှာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုခု လွဲနေသလိုပဲ၊ သီတာကတော့ ဘယ်သူ့ကိုမှ မနစ်နာစေချင်ဘူးလေ။ ကိုလက်ျာရော. . . ဒီပြဿနာကို ဘယ်လိုဆက်လုပ်ဖို့ စိတ်ကူးထားသလဲ"

လက်ျာက. . .

"သီတာ အခုပြောတဲ့ ပြဿနာဆိုတာ ဘာလဲဟင်၊ ကျွန်တော် လုံးဝမသိဘူး"

"ရှင်. . ."

"ကျွန်တော် တကယ်ပြောနေတာပါ သီတာ. . . စောစောတုန်းကလည်း မေ့ကို ကျွန်တော် ဘာပြဿနာလဲဆိုတာ မေးပါသေးတယ်။ သူက ကျွန်တော့်ကို အိုက်တင်အရမ်းကောင်းတယ်လို့ စွပ်စွဲပြီး အခုလို မပြောမဆိုနဲ့ ထပြန်သွားတော့တာပဲ သီတာ"

"ဟောတော့. . . တကယ်. . ."

"တကယ်ပေါ့. . ."

"အင်း. . . အဲဒါဆိုလည်း ကိုလက်ျာကို သီတာပြောပြမယ်။ မနေ့ညတုန်းက သီတာ့ဆီ မေ ဖုန်းဆက်ပြီး သူ ငွေညှစ်ခံခဲ့ရတဲ့ အကြောင်း အစအဆုံး သေချာပြောပြတယ်။ သီတာလည်း သိသိချင်း အံ့ဩနေတုန်းရှိသေးတယ်၊ မေက ကိုလက်ျာဟာ အဲဒီ ငွေညှစ်တဲ့လူနဲ့ ပတ်သက် နေကြောင်း ဆက်ပြီးပြောပြတယ်"

"ဗျာ. . ."

"ဟုတ်တယ် ကိုလက်ျာ. . . ချောင်းသာမှာ ကိုလက်ျာနဲ့အတူ အခန်းရှည်သောက်နေတဲ့ လူနှစ်ယောက်မှာ တစ်ယောက်က မေ့ကို ငွေလာညှစ်တဲ့လူပဲ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ. . ."

လကျ်ာ၏ အထိတ်တလန့်အော်သံကြောင့် သီတာလည်း လန့်သွားရှာပါသည်။ သူက မေးရိုးတင်းနေအောင် အံကိုကြိတ်ထားမိ၏။ နောက်မှ 'ဒါကြောင့်ကိုး. . .' ဟု ရေရွတ်ကာ ပြဿနာကို နားလည်သဘောပေါက်သွားတော့သည်။ လကျ်ာက စဉ်းစားနေ၏။

"ကျေးဇူးပဲ သီတာ. . . ကျွန်တော်ပြန်လိုက်ပါဦးမယ်"

"ဘာလဲ. . . မေ့နောက်လိုက်ပြီး ချော့မလို့လား"

"ဟင့်အင်း. . . ကျွန်တော့်အတွက် အခုချိန်မှာ မေ့ထက် ပြဿနာကို ဖြေရှင်းဖို့က ပိုပြီး အရေးကြီးသွားပြီလေ"

ပြောပြီး လကျ်ာက လှည့်ထွက်လာခဲ့ပါသည်။ သူ ဘယ်နေရာသွားမယ်ဆိုတာကို လကျ်ာက တိတိကျကျ ဆုံးဖြတ်ချက်ချထားပြီးပြီ မဟုတ်ပါလား။

❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ညနေခင်းသည် ရော်ဝါတောက်ပသောအလင်းဖြင့် ဝတ်ဝန်းကျင်တစ်ခုလုံးကို ဖြန့်ခင်းထား၏။ အလွမ်းအဆွေး ခေတ်ခံရှိသူတို့မှာ ဒီလို ညနေခင်းမျိုး၌ ခံစားချက်တွေ ပို၍ ပြင်းထန်လာတတ်သည်။ အခုလည်း မေသည် ဝါကျင်သောကောင်းကင်၏ ပံ့ပိုးမှုကြောင့် သူမခံစားနေရသည့် ကြေကွဲစရာများအား နင့်နင့်သည်းသည်း ခံစားနေရရှာသည်။

မေ့အဖြစ်က သေချာစဉ်းစားကြည့်လေ ရင်နာစရာကောင်းလေဖြစ်သည်။ သူမ အားကိုးယုံကြည်စွာ ပုံအော၍ ချစ်ခဲ့ရသော ချစ်သူလကျ်ာ၏ သစ္စာဖောက်ခံလိုက်ရခြင်းသည် မေ့ကို အရူးအပေါ်နှာသွားစေခဲ့သည်။ သူမက လကျ်ာ၏ရုပ်ပုံကို တွေးမိလိုက်သပြင့် ခါးသက်စွာ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို ယမ်းပစ်လိုက်၏။ သို့တိုင်အောင် သူ့ပုံရိပ်က ပျောက်ကွယ်သွားခြင်းမရှိတာမို့ မေက "အား"ဟု အသံနက်ကြီးနှင့် အော်လိုက်မိသည်။

မေ့အသံကြောင့် ဒေါ်မေသန္တာထွန်းက အပေါ်ထပ်ရှိ သူမအခန်းဆီ ပြေးတက်လာ၏။ ခြေသံတွေကြားတော့ မေလည်း ပြန်သတိဝင်လာပြီး ရေချိုးခန်းထဲ ပြေးကာ ချက်ချလိုက်သည်။ နောက်. . . ရေပိုက်တွေကို ဖွင့်၍ သူမငိုသံများအား အပြင်မှ မကြားစေရန် ဖန်တီးလိုက်ပြန်သည်။ ဒေါ်မေသန္တာထွန်းက ရေချိုးခန်းတံခါးကို တဒုန်းဒုန်းထုကာ. . .

"မေ. . . ဘာဖြစ်လို့လဲ။ တံခါးခဏဖွင့်ပါဦး။ မေ. . . ညီမလေး . . ."

မေသည် အပေါ်အင်္ကျီကို ချွတ်ကာ ထမီရင်လျားလိုက်ပါ၏။ ပြီးတော့ ရေပန်းကို ဖွင့်ချလိုက်ပြီး ရေပန်းအောက်မှာ ခဏရပ်နေမိ၏။ ချက်ချင်းဆိုသလို မေ့တစ်ကိုယ်လုံး ရေတွေ ရွှဲစိုသွားပါသည်။ ဒေါ်မေသန္တာထွန်းမှာ ရေချိုးခန်းတံခါးကို ဆက်တိုက်ထုနေဆဲ. . .။ သူမ ခံစားနေရသော တင်းကျပ်မွန်းလှောင်မှုတွေ အနည်းငယ် သက်သာသွားတော့ မေက တံခါးကို ဖွင့်ပေးလိုက်၏။

"မေ. . . ညီမလေး။ ဘယ်လိုဖြစ်ရတာလဲ ညီမလေးရယ်. . . မမကို ပြောစမ်းပါဦး"

ဒေါ်မေသန္တာထွန်းသည် ညီမဖြစ်သူအား စိုးရိမ်တကြီး မေးမြန်း၍ ပွေ့ပိုက်ပြီး နှစ်သိမ့်နေလေသည်။ မေက. . .

"ဘာမှ မဟုတ်ပါဘူး မမရဲ့၊ စောစောက ရေချိုးနေတုန်း အရိပ်တစ်ခုကို ဖျတ်ခနဲ တွေ့လိုက်လို့ပါ၊ အဲဒါနဲ့ ရုတ်တရက် ကြောက်

www.burmeseclassic.com



ပြီး အော်လိုက်မိတာ. . .”

“ဩော်. . . ညီမလေးရယ်။ ဖြစ်မှ ဖြစ်ရလေ။ ညီမလေး စိတ်ထင်လို့ဖြစ်ပါလိမ့်မယ်။ ကဲ . . . လာလာ။ ခေါင်းကို သုတ်လိုက်ဦး။ တော်ကြာ အအေးမိပြီး ဖျားနေဦးမယ်”

ဒေါ်မေသန္တာထွန်းသည် မေ့ခေါင်းကို ဝိုင်းသုတ်ပေးရင်း ကုတင်ပေါ်ရှိ DVD ရုပ်ရှင်ကာဗာတစ်ခုအား တွေ့သွား၏။ ထို DVD ကာဗာမှာ သရဲတစ္ဆေပုံတွေပါသည်။

“ဩော်. . . ဒါကြောင့်ကိုး. . . ညီမလေးက ဒီကားတွေ ကြည့်ပြီး စိတ်ချောက်ချားလို့ ဟိုထင်ဒီထင် ဖြစ်ရတာ. . . နောက်. . . ဒါမျိုးကားတွေကို တစ်ယောက်တည်း မကြည့်နဲ့နော်. . . ဟုတ်ပြီလား”

မေက ချော်လဲရောထိုင် သဘောဖြင့်. . .

“ဟုတ်ကဲ့. . . မမ”

မေ့ကို ဒေါ်မေသန္တာထွန်းက ပြုံးရင်းကြည့်နေသည်။ မေတာ တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် မေးမိ၏။

“မမ. . . ဖိုးရဲရော”

“ထုံးစံအတိုင်းပေါ့။ ငွေ့နဲ့တို့ လာခေါ်သွားကြတယ်။ ဒီည ကလပ်တစ်ခုမှာ သူတို့အဖွဲ့ သီချင်းဆိုရမယ်တဲ့”

“ဩော်. . . အင်း. . . အင်း”

“ကဲ. . . မေ။ အခုလို ရှုတင်နားရက်မှာ ညစာစားပြီး အိပ်ရေး ဝအောင် စောစောအိပ်ပစ်လိုက်။ ညီမလေး မျက်နှာ ချောင်ကျနေတယ်။ သိလား”

“ဟုတ်. . .”

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မမ သွားပြီး ဟင်းချက်လိုက်ဦးမယ်။ ဟင်းကျက်ရင် ထမင်းအတူတူစားဖို့ လာခေါ်မယ်လေ။ ဟုတ်ပြီလား"

မေသည် အစ်မဖြစ်သူကို ခေါင်းညိတ်ပြလိုက်၏။ ဒေါ်မေသန္တာ ထွန်းမှာ ဟင်းချက်ရန် အောက်ထပ်ကို ပြန်ဆင်းသွားသည်။ မေက စိတ်မောစွာ အိပ်ရာထက်သို့ ခြေပစ်လက်ပစ် လှဲချလိုက်ပါသည်။

လက်ျာ၏ပုံရိပ်များက သူမ အတွေးများဆီ စိုးမိုးလို့လာပြန်၏။ သူမက သက်ပြင်းရှည်ကြီးအား 'ဝူးခနဲ' မှုတ်ထုတ်လိုက်မိလေသည်။

အခု သူမနှင့်လက်ျာ မတွေ့ရတာ လေးရက်တိတိရှိပြီ။ လက်ျာသည် ဒီတစ်ခါ သူမကို အရင်လို လိုက်မချော့တော့သည်မှာ ဝမ်းနည်းစရာကောင်းလှသည်။ တကယ်ဆိုရင် သူ့လုပ်ရပ် သူရှက်ပြီး မေ့ဆီရောက်မလာသည့် ချစ်သူတစ်ယောက်ကို သူမက မျှော်လင့်မနေသင့်မှန်း သိပါသည်။ ဒါပေမဲ့ ဦးနှောက်မှ သိသောအသိကို နှလုံးသားက မလိုက်နာနိုင်တာတော့ မေလည်း ဘာမှမတတ်နိုင်ခဲ့ချေ။ အချစ်စိတ်ဆိုသည်မှာ ဆန်းကြယ်လွန်းသည့် အစွဲအလန်းတစ်မျိုးပင်ဖြစ်လေသည်။

●

"ဒေါက် . . . ဒေါက် . . . ဒေါက် . . ."

တံခါးခေါက်သံကြောင့် မှေးခနဲ အိပ်ပျော်နေရာမှ မေ ဆတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



နိုးလာ၏။ ဖေ့ကြားရသည့်တံခါးခေါက်သံမှာ မမ ဖြစ်ကြောင်း ဖော်ပြနေသည်။ သူမက အိပ်ရာပေါ်မှထကာ တံခါးဖွင့်ပေးလိုက်ပါသည်။ ထင်တဲ့အတိုင်းပဲ မမရဲ့မျက်နှာက အခန်းဝမှာ ပေါ်လာ၏။

"ညီမလေး အိပ်ပျော်နေတာလား"

"ဟုတ်"

"အေး. . .မမလည်း ထင်ပါတယ်၊ ဒါပေမဲ့ အောက်မှာ ရောက်နေတဲ့ ညီမလေးရဲ့ဧည့်သည်တွေက 'အိပ်နေပြီ'ဆိုတဲ့ဟာကို နိုးပေးပါတဲ့။ အရေးတကြီးကိစ္စရှိလို့တဲ့"

သူမ စိတ်ထဲမှာ 'လက်ျာ'ဆိုတာ တန်းသိလိုက်သော်လည်း မေက ပို၍သေချာစေရန် မေးလိုက်သည်။

"ဘယ်သူတွေလဲ။ ဧည့်သည်က ဘယ်နှယောက်လဲ"

"သူတို့အားလုံး သုံးယောက်လာကြတယ်။ ဒါပေမဲ့ ညီမလေးကို နှိုးခိုင်းတဲ့သူက လက်ျာတဲ့"

မေသည် လက်ျာကို သူမ၏အိမ်သားများနှင့် မိတ်ဆက်မပေးမထားသဖြင့် သူတို့ချင်း လုံးဝမသိကြချေ။ ဖိုးရဲကတော့ အပြင်မှာထွက်၍ ဂျပိုးကျနေသူမို့ ဟိုလူပြော ဒီလူပြောဖြင့် လက်ျာအကြောင်း နည်းနည်းပါးပါးသိသည်။

"မမ. . .အခုဘယ်နှစ်နာရီရှိပြီလဲ။ ဖိုးရဲရော"

"ဆယ်နာရီထိုးပြီ။ ဖိုးရဲကတော့ ကလပ်မှာ သီချင်းဆိုရမယ်ဆိုတော့ နောက်ကျလိမ့်မယ်ထင်တယ် ညီမလေးရဲ့"

"အင်း. . .ဟုတ်ပြီ။ မေ ခဏနေရင် ဆင်းလာခဲ့မယ်လို့ သူတို့ကို မမပြောထားပေးပါ။ မေ ဒီမှာ အင်္ကျီလဲလိုက်ဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . အေး. . . မမ ပြောထားလိုက်မယ်"

မမ အောက်ထပ်ကို ပြန်ဆင်းသွားတော့ မေက တစ်ချက် သမ်းဝေရင်း ညဝတ်အင်္ကျီကို ချွတ်လဲလိုက်ပါသည်။ နောက် မျက်နှာကို မှန်ရှေ့မှာ တစ်ချက်ကြည့်၏။ သူ့ကို အရမ်းလွမ်းနေသည့်ပုံမျိုး မပေါက်သဖြင့် မေ ကျေနပ်စွာပြုံးလိုက်မိသည်။ မေက လိုရမယ်ရ ဟန်းဖုန်းလေးကို ဘေးအိတ်ထဲသို့ ထည့်လိုက်၏။

လှေကားအတိုင်း သူမ အောက်ထပ်ကိုဆင်းလာခဲ့သည်။ လက်ျာနှင့် တခြားအမည်မသိသူနှစ်ဦးသည် ဧည့်ခန်းထဲမှာ သူမကို ထိုင်စောင့်နေကြ၏။ မေရောက်လာတော့ မမက အိမ်ထဲကို ရှောင်ထွက်သွားပါသည်။ မမသည် မေ့ဧည့်သည်များနှင့် စကားပြောလျှင် အခုလို ရှောင်ပေးသည်မှာ ထုံးစံတစ်ခုပဲဖြစ်၏။

မေက သူတို့သုံးယောက်ရှေ့တွင် ခပ်တည်တည် ဝင်ထိုင်လိုက်ပါသည်။

"ဘာကိစ္စလဲ။ ညကြီးမင်းကြီး. . ."

လက်ျာက ဘာမှမဖြစ်သလိုနှင့်. . .

"မေ့ဆီ ဟို ဗွီစီဒီချပ်တွေကို ဖန်တီးပြီး ငွေညှစ်တဲ့လူ ဖုန်းထပ်ဆက်သေးလား"

"ဟင့်အင်း"

မေ့အဖြေစကားကိုကြားတော့ သူတို့သုံးယောက် မျက်နှာချင်းဆိုင်၍ ကြည့်လိုက်ကြပါသည်။ နောက် ခေါင်းတွေ တဆတ်ဆတ်ညိတ်ကြပြန်၏။ လက်ျာက မေ့ကို သူ့ဘေးမှလူနှင့် မိတ်ဆက်ပေးသည်။

"မေ ဒါကိုယ်နဲ့ကျောင်းနေဖက်သူငယ်ချင်း ကောင်းထက်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ချောင်းသာ အတင်းခေါ်သွားခဲ့တဲ့ ကောင်ပေါ့။ သူက ဇော်ကိုကို ရဲ့အစ်ကိုအရင်း ကျော်ကိုကိုတဲ့''

ကောင်းထက်က အကဲခတ်၍ကြည့်နေသော မေ့ကို. . .

''အမှန်က အခုလိုဆုံရတာ ဝမ်းသာပါတယ် ကျွန်တော် ပြောသင့်ပေမယ့် တကယ်တမ်းမှာ ကျွန်တော်တို့ဆုံတွေ့ရတာ ဝမ်းသာ ရမယ့် အချိန်မဟုတ်ဘူးလေ။ ကျွန်တော့်ကို လက်ျာပြောပြလို့ အကြောင်း စုံသိပြီးသွားပြီ။ မင်းသမီးကိုလည်း အရမ်းအားနာပါတယ်။ ကျွန်တော့် ညီရဲ့လုပ်ရပ်ကြောင့် တောင်းလည်းတောင်းပန်ပါတယ်ဗျာ။ ဒီကိစ္စ တကယ်တော့ လက်ျာနဲ့ လုံးဝမဆိုင်ပါဘူး''

မေက ကောင်းထက်ကို မေးလိုက်၏။

''လက်ျာနဲ့မဆိုင်ဘူးဆိုရင် အဲဒီ စီဒီတွေကို ဇော်ကိုကိုဆိုတဲ့ လူက ဘယ်လိုနည်းနဲ့ ရသွားခဲ့သလဲ။ အဲဒီကိစ္စမျိုးဆိုတာ အတွင်းလူ မပါဘဲ လုပ်လို့ရတာ မဟုတ်ဘူးရှင့်''

သူမ၏မေးခွန်းကြောင့် လက်ျာမှာ စိတ်ပျက်ဝမ်းနည်းစွာ ခေါင်းငိုက်စိုက်ချပစ်လိုက်ပါသည်။ လက်ျာမှာ ပြောစရာစကားလုံးတွေ လည်း မရှိတော့ပါ။ ကောင်းထက်က. . .

''အဲဒါတော့ ကျွန်တော်တို့လည်း မပြောတတ်ဘူးဗျ၊ ဒါနဲ့ ဟောဒီအိတ်လေးက မင်းသမီးရဲ့အိတ် ဟုတ်ပါတယ်နော်''

အောင်နိုင်က သူ့ဂျာကင်အတွင်းမှ ခေါက်၍ယူလာသော Puma လယ်သာအိတ်လေးကို မေ့အား ထုတ်ပြလိုက်၏။ မေက စိုင် လှုပ်ရှားစွာ လယ်သာအိတ်လေးကို စစ်ဆေးကြည့်နေသည်။ ဤအိတ် မှာ သူမကို လက်ျာကိုယ်တိုင် ဝယ်ပေးထားတာမို့ မှားစရာမရှိချေ။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ဒါ ကျွန်မပစ္စည်းအစစ်ပဲ"

"အဲဒါဆိုရင် မင်းသမီးဆီက ပိုက်ဆံဆယ်သိန်းကို ဒီကောင် ဖော်ကိုကိုယူသွားတာ သေချာပြီ၊ ကျွန်တော်တို့က ဒီအိတ်ကို သူ့အခန်းကနေ ရခဲ့တာ၊ ဒီကောင်က ကျွန်တော်တို့လိုက်လာတာကို အတွေ့တောင် မခံဘဲ ရှောင်ပြေးသွားတယ်၊ နောက် ဒီကောင်က လောင်းကစားသမား၊ အမြဲငွေလိုနေတဲ့ကောင်။ ကျွန်တော်တို့ စုံစမ်းကြည့်တော့ ပြီးခဲ့တဲ့ တလောက ဒီကောင် ပိုက်ဆံတွေ တော်တော်ရှုံးနေတယ်တဲ့။ နောက် ပိုက်ဆံခြောက်သိန်းလောက် ဂျင်ရှုံးသွားတယ်တဲ့။ သူက ပုံမှန်ဆို အဲဒီလောက် ပိုက်ဆံသုံးနိုင်တဲ့ကောင် မဟုတ်ဘူးမင်းသမီးရဲ့။ အခု သူ့အိမ်က ဆင်းပြေးသွားပြီဆိုတော့ ပိုက်ဆံလိုလာမှာပဲ။ အဲဒါ မင်းသမီးဆီ ငွေလှမ်းညှစ်လိမ့်မယ်။ သူ့မှာ ငွေရဖို့ အဲဒီနည်းပဲရှိတယ်"

ကောင်းထက်၏ ရည်ရည်လည်လည် ရှင်းပြမှုကြောင့် လက်ျာပေါ်ရှိနေသည့် မေ့သံသယများမှာ လွင့်ပါးကွယ်ပျောက်သွားတော့သည်။ ဒါပေမဲ့ သူမ စဉ်းစားလို့မရသည်က အဲဒီရိုက်ခွေကို ဖော်ကိုကို ဘယ်လိုနည်းနှင့် ရသွားသလဲဆိုသည့်အချက်ဖြစ်ပါ၏။

မေက ငွေ့ငွေ့ကလေး ပြုံးကာ သူ့ကိုခေါ်လိုက်သည်။

"လက်ျာ. . ."

ခေါင်းငုံ့ထားရာမှ သူက မော့ကြည့်ပါသည်။

"ဘာလဲ မေ. . ."

"ယူ့ကို မေ တောင်းပန်စရာရှိလို့ပါ"

"ဘာ တောင်းပန်မလို့လဲ"

"ငွေဆယ်သိန်းလောက်နဲ့ ယူဟာ မေ့ကို ဒီလိုလုပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးဆိုတဲ့အချက်ကို မေ အစက မစဉ်းစားမိခဲ့ဘူး။ ယူ့ကို အဲဒီ ဇော်ကိုကိုဆိုတဲ့လူနဲ့ တွဲပြီးတွေ့လိုက်ရတာရော၊ ယူက ပြည်ဆိုပြီး ချောင်းသာရောက်ခဲ့တာရောဆိုတော့ မေလည်း ဒေါသနဲ့ထူပူပြီး အရူး လို ဖြစ်ကုန်တာပဲ။ မေ ထောင့်စေ့အောင် မစဉ်းစားဘဲ ယူ့အပေါ်စွပ်စွဲ ခဲ့တာတွေအတွက် ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်။ ဘယ်လိုလဲ ယူ က မေ့ကို ခွင့်လွှတ်ချင်ရဲ့လား"

"ကိုယ်က မေ့ကို အစတည်းက အပြစ်ရှိတယ်လို့ သဘော ထားတာမှ မဟုတ်ဘဲမေရဲ့။ မေ မတောင်းပန်ခင်တည်းက ခွင့်လွှတ် ပြီးသားပါ"

"ယူက ခွင့်လွှတ်တယ်ဆိုပေမယ့် မေ့မှာ တောင်းပန်ရမယ့် ဝတ္တရားရှိတယ်လေ"

သူတို့နှစ်ယောက်သား ကြည်နူးဆွတ်ပျံ့စွာ ရယ်မောလိုက်မိ ကြသည်။ ချစ်သူနှစ်ဦး အရင်လို ပြန်လည်နားလည်မှုရသွားသဖြင့် မေ့ကို ရှင်းပြပေးခဲ့သော ကောင်းထက်နှင့် စရောက်ကတည်းက စကား တစ်ခွန်းမှ ဝင်မပြောသူ ဇော်ကိုကို၏အစ်ကို ကျော်ကိုကိုတို့မှာ အခုတော့ ပြုံးရွှင်နေကြလေပြီ။

ထိုအခိုက် မေ့ဘေးအိတ်ထဲမှ ဟန်းဖုန်းက အသံမြည်လာ၏။ သူတို့အားလုံး တိုင်ပင်စရာမလိုဘဲ မေ ဖုန်းပြန်ဖြေတာကို အလေးအနက် နားစိုက်ထားလိုက်ကြသည်။

"ဟဲလို"

မေက တစ်ဖက်မှစကားကို နားထောင်နေရာမှ သူတို့က အဓိပ္ပာယ်ပါပါကြည့်ကာ ခေါင်းတစ်ချက်ညိတ်ပြပါသည်။ ဇော်ကိုကို

www.burmeseclassic.com

www.burmeseclassic.com



ဆီမှ ဖုန်းမှန်း သူတို့အားလုံး အလိုအလျောက်သိသွားကြ၏။

ဇာတ်လမ်းကား စလေပြီ. . .။

●

ကောင်းထက်သည် ကားကို ပိုင်အိုးနီးယားကလပ်ဝင်းအတွင်းသို့ ကျွမ်းကျင်စွာကွေ့ဝင်လာခဲ့၏။ ကျော်ကိုကိုက ကောင်းထက်ဘေးနားမှာထိုင်ပြီး လက်ျာနှင့်မေသစ္စာထွန်းတို့အတွဲက နောက်ခန်းတွင်ဖြစ်သည်။ သူတို့ အားလုံးသည် အတွေးကိုယ်စီနှင့် တိတ်ဆိတ်ငြိမ်သက်စွာပါလာကြ၏။

မေ့ပေါင်ပေါ်တွင် ဇော်ကိုကိုအတွက် ပိုက်ဆံသိန်းနှစ်ဆယ်ဆန့်သားရေအိတ်တစ်အိတ်ကို တင်ထားသည်။ ထိုအိတ်ထဲတွင် တကယ်ပါသောငွေသားမှာ ငါးသိန်းမျှသာဖြစ်၍ ကျန်တာတွေက စက္ကူထုတ်တွေဖြစ်ပါသည်။

ကျော်ကိုကိုမှာ သူညီအရင်းဇော်ကိုကိုအား ဖမ်းဆီးနိုင်ရန် ဟန်းဖုန်းဖြင့် ရဲစခန်းသို့ ကိုယ်တိုင်အကြောင်းကြားနေ၏။ ပိုင်အိုနီးယားကလပ်၏ ကား Parking နေရာတွင် သူတို့ကားကို ရပ်လိုက်သည်။ သူတို့သည် ကားပေါ်မှ ချက်ချင်းမဆင်းသေးဘဲ အခြေအနေကို အကဲခတ်လျက်ရှိ၏။ ဇော်ကိုကိုသည် အရင်တစ်ခါတုန်းကအတိုင်း မေသစ္စာထွန်း၏ ကားဝင်လာတာကို တခြားကားများနှင့်ကွယ်၍ စောင့်ကြည့်နေသည်။ လက်ျာက ဆလွန်းကားတစ်စီး၏ နောက်ပိုင်းနှင့် ကွယ်ထားသည့် ဇော်ကိုကိုအား လှစ်ခနဲမြင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ခြေဟန်လက်ဟန်နှင့် သူက တာဝန်ခွဲဝေပေးပြီး ပထမဦးဆုံး မေ့ကို ကားပေါ်မှဆင်းစေသည်။ မေသည် ကားတံခါးကို ပြန်မပိတ်ဘဲ ဖုန်းပြောရင်း ဖော်ကိုကိုရှိရာဘက်သို့ ဦးတည်၍ လျှောက်လာ၏။

"ကျွန်မ ကား Parking ထဲကို ရောက်နေပြီ။ ရှင်က ဘယ်နားမှာလဲ။ ထွက်ခဲ့ဦးလေ"

"မင်းသမီး. . . အဲဒီအတိုင်း ရှေ့တည့်တည့်ကို ဆက်လျှောက်လာခဲ့ပါ"

သူမက ဆက်လျှောက်လာနေဆဲ လက်ျာသည် ကားနောက်ခန်းမှ လှစ်ခနဲ ခုန်ထွက်လိုက်၏။ နောက်. . . တခြားကားများနှင့် ကွယ်ပြီး ဖော်ကိုကိုနဲ့ အနီးဆုံးဆီရောက်အောင် အမြန်ရွေ့လျားသွားပါသည်။ သူမသည် ဖော်ကိုကိုအနားသို့ ရောက်လာ၏။ ထိုအခါ ဖော်ကိုကိုက ပုန်းနေရာထွက်လာပြီး မေ့လက်ထဲမှာ ပိုက်ဆံအိတ်ကို လက်တမ်းရောင်းတောင်းသည်။ မေက ပိုက်ဆံအိတ်ကို ဖော်ကိုကို့လက်ထဲသို့ ထန်းမထည့်ဘဲ အကြံနှင့်ဆလွန်းကား၏ နောက်ဖုံးပေါ်လှမ်းတင်လိုက်သည်။

ဖော်ကိုကိုသည် သားရေအိတ်အား အလျင်အမြန်ပင် ဇစ်ဆွဲဖွင့်လိုက်ကာ ပိုက်ဆံတွေကို စစ်ဆေးကြည့်လေသည်။ ပြီးတော့ မေ့ကို တစ်ချက်မော့ကြည့်လိုက်ပြီး တစ်စုံတစ်ရာအား သူရှင်းတားမိသွား၏။ မေ ဆင်းလာသော ကားတံခါးမှာ နောက်ခန်းတံခါးဖြစ်နေသည့်ပြင် သူ့မအပြင် တခြားလူတွေပါလာပြီဟု သူ့အန္တရာယ်ကို သူသဘောပေါက်လိုက်ပါသည်။ ဖော်ကိုကိုမှာ တောက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်

www.burmeseclassic.com



လိုက်ပြီး ငွေအိတ်ကို ဆွဲယူ၍ ပြေးရန်ဟန်ပြင်လိုက်၏။

သို့သော်. . . သူနောက်ကျသွားခဲ့ပါသည်။ လက်ျာက ရုတ်တရက် သူ့ကို အကွယ်မှထွက်၍ ဖြောင်းခနဲ လက်ပြန်ရိုက်ချလိုက်တော့သည်။ သူလဲကျသွား၏။ အဲဒီအချိန်မှာပဲ ကောင်းထက်နှင့် ကျော်ကိုကိုတို့က အပြေးရောက်လာကာ သူ့ကို ဝိုင်းထားလိုက်ကြလေသည်။

ဇော်ကိုကိုသည် သူ့ကို ဝိုင်းဖမ်းဆီးကြသူများအား အံ့သြတကြီး ကြည့်နေ၏။ နှုတ်ခမ်းထောင့်စွန်း၌ စွန်းပေနေသော သွေးစများကို သူက လက်ခုံနှင့် သုတ်ပစ်လိုက်သည်။ ဝင်းဝင်းတောက်နေသည့် သူ့အကြည့်များကြောင့် ကောင်းထက်လည်း စိတ်မကောင်းဖြစ်သွားရသည်။ ထိုအခိုက် ပိုင်အိုးနီးယားကလပ်ဝင်းထဲသို့ ရဲကားများက ဥသြသံပြုကာ ဝင်လာကြတော့သည်။

သူ ဘာမှမတတ်နိုင်တော့ဘဲ ခေါင်းငိုက်စိုက်ကျသွား၏။ ရာဇဝတ်ဘေး ပြေးမလွတ်နိုင်မှန်းကို သူနားလည်သွားလေပြီ။

လက်ျာက သူမအား ပြုံး၍ကြည့်လိုက်ပါသည်။ သူတို့နှစ်ယောက်ကြားရှိ ထုထည်ကြီးမားသော တစ်စုံတစ်ရာသည် ညထဲ၌ လှိုင်းတစ်ခုလို ရိုက်ခတ်လျက်ရှိ၏။ ညကောင်းကင်မှာ ကြယ်များဖြင့် လင်းချင်းနေလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

အပြာနုရောင်မိုးသားများကို ပင်လယ်ပြင်နှင့် တစ်ဆက်တည်း မြင်တွေ့ရသည့်မြင်ကွင်းကျယ်ကြီးအား လက်ျာ ငေးကြည့်နေမိသည်။ ပုစွန်ဆီရောင်နေလုံးကြီးက ပင်လယ်ရေအောက်သို့ တဖြည်းဖြည်း ငုပ်ဝင်သွား၏။

ပြဿနာများကို ကျော်လွန်လာခဲ့ပြီးနောက် သူတို့က အုပ်စုလိုက် ချောင်းသာကမ်းခြေကို အပန်းဖြေခရီးထွက်လာကြခြင်းဖြစ်သည်။ ကောင်းထက်သည် ဟိုတစ်ခါကလိုပင် သူတို့အုပ်စုကို ဦးဆောင်လာပါ၏။ လက်ျာနှင့်မေတို့အတွဲ နိုင်ငံခြားသင်္ဘောပေါ်တွင် ခြေထောက်ချိတ်မိသွား၍ မြန်မာပြည်ကို ခဏပြန်ရောက်နေသော ဝင်းလွင်နှင့်သီတာတို့မောင်နှမ၊ လွန်ခဲ့သည့် ခြောက်လခန့်က Love Boat ရေကူးကလပ်

www.burmeseclassic.com

www.burmeseclassic.com



ဘွင် မေနှင့် ရန်စောင်ခဲ့ကြဖူးသော ကောင်းထက်ညီမဝမ်းကွဲ သရဖီနှင့် ဇော်ဇော်၊ လောင်းကစားမှု ငွေညှစ်မှုတွေကြောင့် ထောင်ငါးနှစ်ကျသွားသော တရားခံ ဇော်ကိုကိုရဲ့အစ်ကို ကျော်ကိုကို၊ ပြီးတော့ VCD ထွက်ပြီး အောင်မြင်လာခါစ 'နှမ်းဖျစ်' Hip Hop အဖွဲ့သားသုံးယောက်နှင့် မေ့အစ်မ ဒေါ်မေသန္တာထွန်း. . . စုစုပေါင်း ဆယ့်တစ်ယောက်တိတိရှိသော လူအုပ်စုကြီးသည် ပျော်စရာကောင်းလှသည်။

သီတာ့အစ်ကို သဘော်သားဝင်းလွင်နှင့် ရုပ်ရှင်၊ ဗွီဒီယိုများကို ကူးယူတည်းဖြတ်သည့် ကားဆက်ခန်းပိုင်ရှင် ကျော်ကိုကိုတို့မှာ ငယ်သူချင်းများဖြစ်ကြသည်။ ပြဿနာ၏အစမှာ ဝင်းလွင်က သူနိုင်ငံခြားမှ ဝယ်ယူလာသည့် ဗွီဒီယိုကင်မရာလေးနှင့် အော်တိုရိုက်ကူးသည့် စနစ်အား စမ်းသပ်ကြည့်ခြင်းပင်ဖြစ်သည်။ ဝင်းလွင်က သူတို့အိမ်ဝင်းထဲရှိ ရှုခင်းများကို ဘာရယ်လို့မဟုတ်ဘဲ ကင်မရာနှင့်ချိန်ပြီး အော်တိုရိုက်ကူးစေခဲ့၏။

ဖြစ်ချင်တော့ လကျာ်နှင့် မေတို့က ထို ကင်မရာမြင်ကွင်းထဲမှာ ချစ်ကျွမ်းဝင်မိလျက်သား ဖြစ်နေခဲ့ပါသည်။ ပို၍ ကံဆိုးချင်တော့ ဝင်းလွင်က အဲဒါကို လုံးဝမသိဘဲ ကျော်ကိုကိုညီ ဇော်ကိုကိုအား ရိုက်ခွေကို ကူးခိုင်းလိုက်၏။ ဇော်ကိုကိုက လကျာ်နှင့်မေတို့ ပုံရိပ်တွေကို အမှတ်တမဲ့ တွေ့ရှိသွားပြီး မဖြစ်သင့်သောပြဿနာများ ဖြစ်လာခဲ့ရလေသည်။ သူက လောင်းကစားမှာ ပိုက်ဆံတွေ မတရားရှုံးနေချိန်မို့ မင်းသမီးမေသစ္စာထွန်း၏ ပုံရိပ်တွေကို အသုံးချ၍ ငွေညှစ်ရန် အကြံရသွားခြင်းဖြစ်သည်။

ဒါပေမဲ့ အခုတော့ ပြဿနာအရှုပ်အထွေးများ အားလုံးမှာ

www.burmeseclassic.com

www.burmeseclassic.com



ပြီးဆုံးသွားခဲ့ပြီ၊ ပျော်စရာကောင်းသော အပန်းဖြေခရီးအဖြစ် ကောင်းထက်နှင့် လက်ျာတို့က ဦးဆောင်စီစဉ်၍ ခရီးစဉ်ကို ဖန်တီးခဲ့ကြသည်။

ချောင်းသာကမ်းခြေ၏ သဲသောင်ပြင်ကျယ်ကြီးထဲ၌ ရောင်စုံလူသားများသည် ပုံစံအမျိုးမျိုးနှင့် လှုပ်ရှားသက်ဝင်လျက်ရှိ၏။ အားလုံးသော ဧည့်သည်များကြားတွင် သူတို့အုပ်စုကြီးက အထူးထင်ပေါ်နေသည်။ မင်းသမီးမေသစ္စာထွန်းနှင့် နာမည်ရခါစ Hip Hop အဆိုတော် 'နှမ်းဖျစ်' အဖွဲ့ဝင်များကြောင့် သွားလေရာမှာ လူတွေ၏ ဝရုစိုက်မှုကို ခံနေရသည်။

သရဖီနှင့် ဖိုးရဲတို့သည် 'မမနဲ့မောင်လေး' ဇာတ်လမ်းခင်းရန် မျက်လုံးချင်း အချက်ပြနေကြ၏။ မေက မသိချင်ယောင်ဆောင်နေသော်လည်း ဒေါ်မေသန္တာထွန်းက သူ့သားဖိုးရဲကို အဖြစ်သည်းပြုသည်။ ဒါကို သရဖီက ရွဲ့ကာ အတင်းကြီး လိုက်ကပ်တော့သည်။ ဖိုးရဲမှာ သူမကို တော်တော်ကြွေနေလေပြီ။ ငွေ့ချွန်နှင့် ဇော်ဇော်တီးချိုသော ဇော်တို့မှာ ချောင်းသာရှိ ကောင်မလေးများကြား၌ မျက်နှာပွင့်လှသည်။

မေသည် လက်ျာ၏ခါးကို ဖက်ထား၏။ သီတာမှာ ကောင်းထက်နှင့် သဲမွှမွှပေါ်တွင် ရဲတိုက်ဆောက်တမ်း ကစားနေသည်။ ဝင်းလွင်နှင့် ကျော်ကိုကိုတို့မှာ ဘီယာသောက်ရင်း ပင်လယ်လေကို အရသာတွေ့လျက်ရှိသည်။

'နှမ်းဖျစ်'အဖွဲ့သားသုံးယောက်။ လှတပတ ကောင်မလေးနှစ်ယောက်နှင့် ဖိုးရဲကို လိုက်သဝန်တိုနေသော သူ့အမေဒေါ်မေသန္တာထွန်းတို့၏ စိန်ပြေးလိုက်တမ်း ကစားနေပုံမှာ မြင်တွေ့ရသူတို့ကို ပြုံးရွှင်

www.burmeseclassic.com

www.burmeseclassic.com



သာစေ၏။ ဖိုးရဲက မေနှင့်လက်ချာကို သိပ်ကြည့်မရပေမယ့် ဘာမှတော့ မပြောချေ။ ဖိုးရဲနှင့် သရဖီတို့မှာ မေမေ မသိအောင် ဂဏန်းလက်မ ကြော်တွေ စားနေကြသည်။ ငွေ့နှင်က တစ်စုံတစ်ယောက်ကို မြင်ပြီး အားရဝမ်းသာ ထအော်၏။

"ဟာ. . . ကိုအေးမင်းကြီး။ စော်နဲ့ကွ. . ."

ငွေ့နှင်အသံကြောင့် အားလုံး၏အကြည့်များက အေးမင်းဆီ စုပြုံရောက်သွားပါသည်။ အေးမင်းက သူ့ကို အလွယ်တကူ မမှတ်မိ အောင် ရုပ်ဖျက်ထားပြီး ကောင်မလေးတစ်ယောက်၏ ပခုံးကို ဖက်ထား လေသည်။

အေးမင်းက သူတို့ကို လက်ပြနှုတ်ဆက်၏။ သူ့ကောင်မလေး ကို မြင်ဖူးသလိုလို ဖြစ်နေသဖြင့် သေချာစူးစမ်းကြည့်တော့ ရှူတင် ထမင်းလိုက်ပြင်ပေးသော ဒေါ်အေးကြိုင်၏ သမီးလေး 'မီးငယ်' ဖြစ်နေ သည်။ မီးငယ်က အခုလိုကျပြန်တော့လည်း သစ်လွင်တောက်ပသည့် အဖိုးတန်အဝတ်အစားများနှင့် ရုပ်ရည်လေးထွက်လာ၏။ အရင်မြင်ဖူး နေကျ ပေညစ်ညစ်ပုံစံမျိုး မဟုတ်တော့. . .။ မေက အံ့သြစွာ မေး လိုက်သည်။

"ဘယ်လိုဖြစ်ကြတာလဲ။ သိတောင်မသိလိုက်ရပါလား။ အခု ရော. . . အခြေအနေက ဘယ်လိုလဲ။ တစ်ခုခုတော့ ကျွေးမှရမယ်"

"ကျွေးရမှာပေါ့ဗျာ။ အခုဟာက ဘယ်သူမှ မသိအောင် ကျွန်တော်တို့ ခိုးပြေးလာကြတာလေ. . ."

"ဟင်. . ."

"ဘာ. . . ဘယ်လို. . ."

www.burmeseclassic.com

www.burmeseclassic.com



"လာနောက်မနေနဲ့နော်။ ကိုအေးမင်း. . ."

"တကယ်. . ."

အာမေဋိတ်သံများနှင့် အံ့ဩသံများအပြင် မယုံသလို မျက်ဝန်းများကိုပါ လက်ခံရင်ဆိုင်လိုက်ရ၏။

"ရော်. . . တကယ်ခိုးပြေးလာတာပေါ့ဗျ။ မယုံရင် ဒီမှာ မိတယ်ကို မေးကြည့်ပါလား"

အေးမင်းက မေးငေါ့ရင်းပြောတော့ မီးငယ်က ရှက်နေရှာသည်။

"ကိုအေးမင်းရဲ့ သတ္တိကိုတော့ ကျွန်မ တကယ်လေးစားသွားပြီ။ ကွန်ဂရက်ကျူလေးရှင်းပါ. . ."

မေသည် ပြောရင်း အေးမင်းကို လက်ကမ်းပေးတော့ ဝုတ်ပြု၏။ ပြီးတော့ လကျ်ာနှင့် အေးမင်းကို မိတ်ဆက်ပေးသည်။

"သြော်. . . ကိုအေးမင်း။ ဒါက မေ့ချစ်သူလေ. . . လကျ်ာတဲ့"

"ဟုတ်ကဲ့. . . တွေ့ရတာ ဝမ်းသာပါတယ်"

"ဟုတ်ကဲ့။ ကျွန်တော်လည်း ဝမ်းသာပါတယ်ဗျာ"

သူတို့နှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်၏။ အေးမင်းက လကျ်ာကို ဆက်ပြောသည်။

"ကျွန်တော်က ကိုလကျ်ာရဲ့ ပရိသတ်တစ်ယောက်ပါ. . . ကိုလကျ်ာဟာ မြန်မာ့ရေကူးအားကစားလောကမှာ တစ်ခေတ်တစ်ယောက်ဆိုတာမျိုးပဲ။ ရေထဲကို ကိုလကျ်ာ ခိုင်ထင်ထိုးချလိုက်ရင် ကျွန်တော် အရမ်းသဘောကျတာဗျ. . ."

"မြှောက်ပြောနေပြန်ပြီ။ ကျွန်တော်က အဲဒီလောက်တော့

www.burmeseclassic.com



လည်း မဟုတ်ပါဘူးဗျာ''

လက်ျာက အနည်းငယ်ရှက်နေသည်။ သူတို့နှစ်ယောက်မှာ တစ်ခဏအတွင်း ငယ်ပေါင်းများကဲ့သို့ ရင်းနှီးကျွမ်းဝင်သွားကြ၏။

ညရောက်တော့ မီးပုံပွဲကြီးတစ်ပုံလုပ်ကာ တီးကြဆိုကြ၊ နောက်ကြပြောင်ကြနှင့် ပျော်စရာအမှတ်တရတွေ ဖြစ်လို့နေသည်။ သူတို့ခရီးစဉ်မှာ ချောင်းသာ၌ ဆယ်ရက်ကြာနေမည်ဟု မူလကတည်းက သတ်မှတ်ထားခဲ့ကြ၏။ အခု သူတို့အဖွဲ့ ဒီကိုရောက်နေတာ ခြောက်ရက်တိတိရှိပြီမို့ နောက်ထပ်လေးရက်သာ ကျန်တော့သည်။

သူတို့အဖွဲ့သားထဲသို့ အေးမင်းတို့အတွဲထပ်ပါလာသဖြင့် လူအင်အားစုစုပေါင်း (၁၃) ယောက်ဖြစ်သွား၏။ ခုနစ်ရက်မြောက်နေ့တွင်တော့ ဖိုးရဲနှင့်သရဖီတို့မှာ ရည်းစားတွေဖြစ်သွားခဲ့ပါသည်။ ဒေါ် မေသန္တာထွန်းတစ်ယောက်မှလွဲ၍ အားလုံးပျော်နေကြ၏။

ရှစ်ရက်မြောက်နေ့တွင် မင်းသားအေးမင်းက မီးငယ်ကို ခိုးပြေးသွားသောသတင်း၊ လက်ျာနှင့်မင်းသမီးမေသစ္စာထွန်းတို့ ခိုးပြေးသွားပြီဆိုသည့် သတင်းများက ဂျာနယ်တွေ၌ ပါလာလေသည်။

●

သတင်းတွေ ဘယ်လိုဖြစ်ဖြစ် သူတို့တစ်တွေပျော်ကြ၏။ တခြားဘဝတွေ အခြေအနေတွေ ဘယ်လိုပဲဖြစ်ဖြစ် သူတို့ကသင်လယ်ကို မငြီးငွေ့နိုင်ဘဲ မက်မောနေကြဆဲဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သောနေ့စွဲများအတွင်း သူတို့အဖွဲ့ရှိရာ ချောင်းသာသို့ အံ့ဩစဖွယ် လူသားနှစ်ယောက် ထပ်မံ၍ ရောက်ရှိလာခဲ့ပြန်သည်။

"ဟယ်တော့. . . ဟိုမှာ စိန်ရွှေနိုင်နဲ့ မြတ်မြတ်ထွေးတို့ အတွဲ ပါလား"

သီတာက တွေ့တွေ့ချင်း မေ့ကို လှမ်းပြော၏။ ဟိုတယ် ညှော်ကြိုခြံနမှာ သူတို့က အခန်းငှားနေကြဟန်တူပါသည်။ အဲဒီနောက် စိန်ရွှေနိုင်တို့အတွဲက သူတို့ကို မြင်တွေ့သွား၏။ နှစ်ယောက်စလုံး အံ့ဩရိပ်များ လွှမ်းမိုးနေသည်။ စိန်ရွှေနိုင်က. . .

"မေတို့ပါလား။ ရောက်နေတာကြာပြီလား။ ဘယ်သူတွေပါ သေးလဲ"

"ရောက်နေတာ ကိုးရက်ရှိပြီ။ လူတွေကတော့ အများကြီးပဲ။ အုပ်စုလိုက်လာကြတာ. . . ဖိုးရဲတို့အုပ်စုလည်းပါတယ်။ ကိုအေးမင်း တို့လည်း ဒီမှာ ရှိတယ်"

မေစကားဆုံးတော့ မြတ်မြတ်ထွေးက ဝင်ပြောလိုက်၏။

"ပြော်. . . ဟုတ်သားပဲ။ မနေ့က ဂျာနယ်ထဲမှာ ပါတယ်လေ။ ကိုအေးမင်းတို့အတွဲရယ်၊ မေတို့အတွဲရယ်. . . ချောင်းသာကို အတူတူ ခိုးပြေးလာကြတယ် ဆိုပြီးလေ. . ."

"ကိုအေးမင်းတို့က ဟုတ်တယ်။ မေတို့က မဟုတ်ရပါဘူး မြတ်ရယ်. . . ရိုးရိုးအလည်လာကြတာပါ။ ဒါနဲ့ မြတ်တို့ကရော. . . ဘာလာလုပ်ကြတာလဲ"

"မြတ်တို့က ပြီးခဲ့တဲ့ အပတ်တုန်းကပဲ လက်ထပ်ခဲ့ပြီးပြီ။ အခုဟာက ဟန်းနီးမွန်းထွက်လာကြတာ. . ."

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . ."

"ဟောတော့. . ."

မြတ်မြတ်ထွေး၏ အဖြေကြောင့် မေရော၊ သီတာပါ အံ့သြသွားကြ၏။ မေက ပြောသည်။

"ဘယ်လိုဖြစ်တာလဲ။ မြုန်းစားကြီးပါလား"

"ဒါကတော့ မေရယ်. . . ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့"

ထိုစကားကြောင့် မေနှင့်သီတာတို့က တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်လိုက်ကြ၏။ နှစ်ယောက်စလုံး ပြုံးစိစိဖြစ်သွားပါသည်။ မြတ်မြတ်ထွေးက ခပ်တည်တည်ပင်ဖြစ်သော်လည်း စိန်ရွှေနိုင်ခမျာ ရှက်နေရှာ၏။

"သွားတော့မယ်နော်. . ."

မြတ်မြတ်ထွေးက မေတို့ကို နှုတ်ဆက်ကာ ဟိုတယ်ထဲသို့ ဦးဆောင်၍ ဝင်သွား၏။ စိန်ရွှေနိုင်မှာ ကားယားကားယားနှင့် သူမနောက်ကို လိုက်သွားရသည်။

မေနှင့်သီတာတို့က မြတ်မြတ်ထွေး၏ အင်္ကျီပွပွကြီးကို သေချာလိုက်ကြည့်နေသည်။ မြတ်မြတ်ထွေးမှာ ခါတိုင်းထက် အနည်းငယ်ပို ဝနေသောကြောင့် သီတာက သူမ အထင်ကို မေ့အား ပြောပြသည်။

"မေ. . . မြတ်မှာ ကိုယ်ဝန်ရှိနေပြီထင်တယ်"

"အေး. . . ဖြစ်နိုင်တယ်၊ ဒါကြောင့် သူတို့မြုန်းစားကြီးလက်ထပ်လိုက်ကြတာလား မသိဘူး. . ."

"ဒါပဲ ဖြစ်မှာပေါ့. . ."

"ဟိဟိ. . . စိန်ရွှေနိုင်ကြီးက ကလေးအဖေလောင်းဖြစ်တော့

www.burmeseclassic.com

www.burmeseclassic.com



မယ်"

ပြောပြီးနှစ်ယောက်သား ဝါးခနဲ ရယ်လိုက်မိကြသည်။ အဲဒီနောက် သူမတို့သည် ထိုသတင်းထူးကို တခြားလူများအား ပြောပြရန် ကိုယ့်အခန်းကိုယ် ပြန်လာခဲ့ပါသည်။

သီတာ၏ ဖြန့်ဝေမှုကြောင့် မြတ်မြတ်ထွေးမှာ ကိုယ်ဝန်ရှိနေသဖြင့် စိန်ရွှေနိုင်နှင့်ယူလိုက်ပြီဆိုသည့်သတင်းက သူတို့အဖွဲ့ထဲတွင် ပျံ့နှံ့သွားသည်။ ညစာစားတော့ သူတို့အဖွဲ့ထိုင်သော စားပွဲဝိုင်းရှည်ကြီးကို စိန်ရွှေနိုင်တို့မောင်နှံက ရောက်လာ၏။ အားလုံး၏အကြည့်များသည် မြတ်မြတ်ထွေးရဲ့ ဗိုက်ဆီသို့သာ ရောက်နေလေသည်။

စိန်ရွှေနိုင်မှာ သူရုပ်ရည်နှင့်မလိုက်အောင် ရှက်ရွံ့နေပြန်၏။ မြတ်မြတ်ထွေးသည် သူမဗိုက်ကို ဝိုင်းကြည့်နေသောလူများကြောင့် စိတ်ညစ်လာပုံရသည်။ နောက်. . . သူမ စိတ်တိုလာတော့သည်။ မြတ်မြတ်ထွေးသည် ထိုင်နေရာမှ မတ်တပ်ထရပ်လိုက်ပြီး. . .

"ကဲ. . . အားလုံးကို ဝမ်းသာစရာသတင်းတစ်ခု ပြောရဦးမယ်"

သူမ စကားကို သူတို့အားလုံးက ငြိမ်သက်စွာ နားစွင့်ထားကြ၏။ သူမက. . .

"အဲဒီသတင်းကတော့ အခု ကျွန်မဟာ ကိုစိန်ရွှေနိုင်ရဲ့ ရင်သွေးလေးကို လွယ်ထားရပြီဆိုတဲ့ အကြောင်းပါပဲ"

"ဟေး. . . ဝေး. . . ဖြောင်း. . . ဖြောင်း. . . ရှိုးရှိုး"

ဝိုင်းပေးလိုက်သော ဩဘာသံများနှင့် တစ်ဆိုင်လုံး ဆူညံလို့သွားသည်။ မြတ်မြတ်ထွေးက ဆက်ပြောပြန်၏။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါထက်ပိုပြီး ကောင်းတဲ့သတင်းကတော့ ဒီနေ့ညစာကို ကျွန်မတို့ ဖနီးမောင်နဲ့က တာဝန်ယူမယ်ဆိုတာပါပဲ. . ."

ထိုစကားအဆုံး၌ စောစောကထက် ပိုမိုကျယ်လောင်သော အော်ဟစ်သံများနှင့်လက်ခုပ်သံများသည် ရောထွေးသွားပြီး တဝေါဝေါ ဖြစ်လျှက်ရှိ၏။

မေသည် လက်ျာ၏လက်မောင်းကို လှုပ်ရမ်းကာ တခစ်ခစ်နှင့် သဘောတွေ ကျနေလေသည်။ သူမ၏ ပျော်ရွှင်နေပုံကို လက်ျာက ကြည်ကြည်နူးနူးလေး ကြည့်နေ၏။ ထိုအခိုက် အေးမင်းက တစ်စခန်း ထလာပြန်သည်။

" ဒါဆိုရင် ကျွန်တော့်မှာလည်း ဝန်ခံစရာတစ်ခု ရှိတယ်ဗျ"

အားလုံးငြိမ်ပြီး အေးမင်း၏ စကားကိုနားထောင်နေ၏။ သူက. . .

"ရှိးသားစွာဝန်ခံရရင် ကျွန်တော်ရဲ့မိးငယ်မှာလည်း မြတ်မြတ်ထွေးလိုပဲ ကိုယ်ဝန်တစ်လ ရှိနေပြီဆိုတာပါပဲ"

လူတွေအားလုံးသည် သူ့စကားကြောင့် ပြုံးစိစိဖြစ်သွားကြ၏။

"ဩော်. . . ဂလိုကိုး. . ."

"မင်းသားက ဒီလိုကျပြန်တော့လည်း ကိုယ့်တာဝန်ကိုယ်ယူရဲတဲ့ ကိစ္စမျိုးရှိသားပဲ"

"ဟိဟိ. . . အပြိုင်အဆိုင် ကြွားကုန်ကြပြီ"

"ဒါမှ တို့မင်းသားကွ"

အစရှိသဖြင့် မှတ်ချက်အသီးသီးချ၍ သူတို့အားလုံး ပျော်မြူး

www.burmeseclassic.com

www.burmeseclassic.com



စွာ ညစာစားပွဲကို ဆင်နွှဲကြပါသည်။ ပင်လယ်သည် သူတို့ကို လှိုင်းပုတ်သံများနှင့် ဖျော်ဖြေနေ၏။

လက်ျာက ညစာစားနေရင်းမှ ရုတ်တရက် ပြောလိုက်သည်။

"အခုချိန်မှာ ကျွန်တော် ငယ်ငယ်က ဖတ်ဖူးခဲ့တဲ့ ဟာသ တစ်ခု သွားသတိရမိတယ်"

လက်ျာက စကားကို ဆက်မပြောဘဲ ခဏနားလိုက်သဖြင့် အသံတွေထွက်လာကြ၏။

"ဟာ. . . လုပ်ပါ. . .။ ကျွန်တော်တို့ကိုလည်း ဝေမျှပါဦး ဗျို့"

"ဟုတ်တယ်၊ ကိုလက်ျာ. . . မြန်မြန်ပြောစမ်းပါဗျ. . ."

"ကိုလက်ျာကြီး. . . ပဲများမနေနဲ့ဗျာ။ ဒီမှာ သိချင်လှပြီ"

လက်ျာက ပြုံးလိုက်၏။ ပြီးမှ. . .

"ကျွန်တော်ဖတ်ဖူးတဲ့ ဟာသလေးက ဒီလိုဗျ. . .။ ထက်မြက်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ထက်မြက်တဲ့မိန်းမတစ်ယောက် ဆုံတွေ့တဲ့အခါ 'အချစ်'တဲ့၊ နောက်. . . ထက်မြက်တဲ့ ယောကျ်ားတစ်ယောက်နဲ့ ထုံထိုင်းတဲ့ မိန်းမတစ်ယောက်ဆုံတွေ့တဲ့အခါမှာ 'ဇာတ်လမ်း' တဲ့။ ထုံထိုင်းတဲ့ ယောကျ်ားတစ်ယောက်နဲ့ ထက်မြက်တဲ့ မိန်းမတစ်ယောက် ဆုံတွေ့ရင် 'အိမ်ထောင်ရေး'တဲ့ဗျာ"

'နှမ်းဖျစ်'အဖွဲ့သားများမှာ လက်ျာပြောပြသော စကားတွေကို အထူးနှစ်ခြိုက် သဘောကျနေ၏။ အားလုံးကလည်း လက်ျာပြောလိုသည့် နောက်ဆုံးရည်ရွယ်ချက်ကို မသိသေးသော်ငြားလည်း ရှေ့က ပြောပြသမျှကိုတော့ ကြိတ်၍ ဘဝင်ခိုက်နေကြပါသည်။ လက်ျာက

www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို ဆက်လိုက်၏။

"အဲ. . . ထုံထိုင်းတဲ့ ယောကျ်ားတစ်ယောက်နဲ့ ထုံထိုင်းတဲ့ မိန်းမတစ်ယောက် ဆုံတွေ့ကြတဲ့အခါမှာတော့. . . 'ဗိုက်' တဲ့. . ."

နားထောင်နေကြသူများသည် အနည်းငယ်ကြောင်နေကာ ချက်ချင်းကြီး မရယ်နိုင်ကြသေး။ ခဏကြာမှ သဘောပေါက်ပြီး၊ အုန်းအုန်းကျွက်ကျွက် ရယ်ကြကုန်တော့သည်။ စိန်ရွှေနိုင်နှင့် မြတ်မြတ်ထွေး၊ အေးမင်းနှင့်မီးငယ်တို့အတွဲနှစ်တွဲမှာ မျက်နှာကြီးတွေ နီရဲလျက် ရှက်ရယ်ရယ်နေပါ၏။ မေဆိုလျှင် လက်ျာ၏ လက်ဖျံလေးကို လိမ်ဆွဲရင်း ဗိုက်ကိုနှိပ်၍ အူတက်မတတ် ရယ်မောနေလေသည်။

ညထဲက သူတို့ရယ်သံများကြောင့် ပင်လယ်သည်ပင် အပျော်တွေကူးစက်လာခဲ့၏။ ယနေ့ခေတ်ကာလ၌ ပျော်ရွှင်မှုသည် ကူးစက်ရောဂါတစ်မျိုးဖြစ်သည်ဆိုပါစို့။

BURMESE CLASSIC

သူတို့က အာဒံနှင့်ဧဝတို့ စတင်ခဲ့သော ဒေင်ဥယျာဉ်ကြီးကို ပင်လယ်တစ်ခု၏ ရှေ့မှောက်တွင် ပျော်ရွှင်စွာအဆုံးသတ်နိုင်ခဲ့ကြပါသည်။

လေးစားစွာဖြင့်

ဝေမှူးသွင်

(2006)

www.burmeseclassic.com

www.burmeseclassic.com

အခန်းနံပါတ် (၇) တွင် မန္တလေး၌ လိမ်လည်မှုတစ်ခုကို တိမ်းရှောင်ရင်း ရန်ကုန်သို့ရောက်လာခဲ့သော တစ်ကောင်ကြွက် 'သီဟ'၊

အခန်းနံပါတ်(၈)တွင်တော့ အခဆောင်သို့ နောက်ဆုံးပြောင်းလာသော 'ထွန်းထွန်း'...

အစရှိသူတို့ အခဆောင်တစ်ခုတည်းတွင် ဆုံကြလေသောအခါ...

စာမူခွင့်ပြုချက်အမှတ် – [ ၅၀၁၂၄၆၀၆၁၀ ]

မကြာမီ မျှော်

မျှော်မှည် . မကြာမီ

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

# ဝေမျှော်

၆

## ဘတ်သီးအော်ပရေးရှင်း

BURMESE CLASSIC

ရန်ကုန်မြို့ ခြောက်မိုင်ခွဲရှိ 'ဒေါ်သောင်းရွှေ' အဆောင်တွင်
aex ㎿M ao ㎙ . .

အခန်းနံပါတ် (၁)နှင့်(၂) မှ သုံးချပ်မှောက်ဖဲသမားနှစ်ယောက် ဖြစ်သည့် ဖေစိုးအောင် နှင့် မျိုးကျော်၊

အခန်းနံပါတ် (၃) ၌ ယနေ့ ရုပ်ရှင်ဗွီဒီယိုလောက၌ နာမည်ရခါစ မင်းသမီးမေဝင်းထွဋ်၏ ပင်တိုင်မိတ်ကပ်ဆရာ မာမီတိုး(ခေါ်)တိုးမိုးနှောင်၊

အခန်းနံပါတ် (၄) တွင်တော့ တရှုတ်ဘိန်းစားနှင့်တူသော အသက်လေးဆယ်ခန့်ရှိသည့် အင်္ဂလိပ်စာကျူရှင်ဆရာ ဦးချစ်စိုး(ခေါ်)ဘွန်ပေါင်၊

အခန်းနံပါတ် (၅) တွင်နေသူ အောင်လံမြို့မှ ကွန်ပျူတာသင်တန်းလာတက်သည့် သရုပ်ဆောင်ရူး 'ကွက်ကြား'၊

အခန်းနံပါတ် (၆) တွင် ခေါင်း၌ ဆံပင်တစ်မျှင်မှပေါက်သော ဘိုကလေးသား (သဘော်သား) 'ဝင်းလွင်ဦး' (ခေါ်) မှိုးဖူး (ခေါ်) ချိဖူး၊

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

#၂

# ညွှန့်ချိုငြိမ်းချမ်း

## တစ္ဆေတစ်ကောင်ထားခဲ့တဲ့အလွမ်း

“မလုပ်ပါနဲ့၊ ကျွန်မကို အောက်ပြန်ချပေးပါ”

ဆည်းဆာဖြူမှာ လေထဲတွင် ခြေကားယားလက်ကားယားဖြင့် ရုန်းကန်အော်ဟစ်နေသည်။

တစ္ဆေက သူမကို တကယ်ပင် လွှတ်ချလိုက်၏။ ဆည်းဆာဖြူမှာ ကြမ်းပြင်ပေါ်သို့ ဒူးထောက်လျက် အရှိန်ပြင်းစွာ ပြုတ်ကျသွားသည်။

သူမ မတ်တပ်ပြန်မထနိုင်ခင်မှာပင် ခေါင်းအုံးတစ်လုံးက ကြမ်းပြင်မှ မြောက်တက်လာ၏။ ထို့နောက် ခေါင်းအုံးက သူမ၏ မျက်နှာအား ဖိကပ်လိုက်သည်ကို ကျွန်တော် အကြောင်သား ငေးကြည့်နေမိသည်။

စာမူခွင့်ပြုချက်အမှတ် – [ ၅၀၁၂၈၈၀၆၁၀ ]

မကြာမီ မျှော်

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

#၄

# သရဲတစ္ဆေ

## ဟိုဘက်အိမ်ကခြောက်တဲ့ တစ္ဆေ

သရဲကြောက်တတ်သော သူမအဖို့ ပဟေဠိအဆန်ဆုံး လူငယ်တစ်ယောက်နှင့် ဆုံတွေ့နေရလေပြီ။

ထိုလူငယ်က သူမနှင့် တစ်တန်းတည်းအတူတက်နေသည်ဟု ပြောသော်လည်း သူ့ကို ကျောင်းမှာ တစ်ခါမှ မမြင်ဖူးချေ။

သူမ၏ သူငယ်ချင်းတွေကိုလည်း သူ လုံးဝမသိတာ သေချာသည်။

သူနေထိုင်သောနေရာကို မေးကြည့်လိုက်တော့ သူမ၏ ခေါင်းရင်းအိမ်မှာနေသည်ဟု ပြော၏။

သို့ရာတွင်. . . ထိုအိမ်နှင့်ခြံဝင်းကြီးကား လူသူမနေထိုင်သည်မှာ ကြာမြင့်လှပြီဖြစ်ရာ. . . . . .

သူ. . . ဘယ်သူလဲ? ဆိုသည်ကို တိတ်တဆိတ် လေ့လာစူးစမ်းရင်း သရဲတစ္ဆေတို့ တကယ်ရှိသော ပရလောကကို သူမ ကိုယ်တိုင် သိမြင်ကြုံတွေ့လိုက်ရသောအခါ . . .

စာမူခွင့်ပြုချက်အမှတ် – [ ၅၀၁၂၀၂၀၆၀၉ ]

ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

## ထွက်ရှိပြီးသောစာအုပ်များ

သစ္စာနီ – ဂျပန်ခေတ်ပေါ်ကဗျာ
တာရာမင်းဝေ – အရှေ့မြို့ရိုးမှ မိုးရေစက်များ (ဒုတိယအကြိမ်)
တာရာမင်းဝေ – သင်နှင့်နံနက်ခင်းကိုသာ ဝင်ခွင့်ပြုမည် (ဒုတိယအကြိမ်)
တာရာမင်းဝေ – ကျွန်တော်နှင့် ကြေးသွန်းယဉ်ကျေးမှု (ဒုတိယအကြိမ်)
တာရာမင်းဝေ – ပြိုင်မြင်းတို့ရဲ့ခွာသံ (ဒုတိယအကြိမ်)
တာရာမင်းဝေ – ကျွန်တော်တူးဖော်ခဲ့သည့် မြေစိုင်မြေခဲများအကြောင်း (ဒုတိယအကြိမ်)
တာရာမင်းဝေ – ဘယ်ဘက်လက်ထဲမှာ ဖုက်ထားတဲ့ ပုံပြင်
မင်းခိုက်စိုးစန် – ကောင်းကင်နဲ့မလွတ်တဲ့အတောင်ပံတစ်စုံ (ဒုတိယအကြိမ်)
မင်းခိုက်စိုးစန် – သုည
မင်းခိုက်စိုးစန် – ဟယ်ရီပေါ်တာ နှင့် မှော်ပြဒါးရှင်လုံး (ဒုတိယအကြိမ်)
မင်းခိုက်စိုးစန် – ဟယ်ရီပေါ်တာ နှင့် မိစ္ဆာခန်းဆောင် (ဒုတိယအကြိမ်)
မင်းခိုက်စိုးစန် – ဟယ်ရီပေါ်တာ နှင့် ဝိဉာဉ်နှုတ်အကျဉ်းသား
မင်းခိုက်စိုးစန် – ကမ္ဘာဦးရည်းစား (ဒုတိယအကြိမ်)
သတိုးတေဇ – ကိုယ့်လက်ချုပ်ထဲကနတ်ဆိုး
သတိုးတေဇ – တစ္ဆေတစ်ကောင်ရဲ့ညစာ
သတိုးတေဇ – သုသာန်မြေကမိစ္ဆာ
သတိုးတေဇ – ဟိုဘက်အိမ်ကခြောက်တဲ့တစ္ဆေ
ဝေမှူးသွင် – အခန်းဆက်နှင်းဆီ
ဝေမှူးသွင် – ကျွမ်းကျင်စွာပြုလုပ်ထားသောအလွမ်း
ဝေမှူးသွင် – ချစ်သူပြောတဲ့တနင်္ဂနွေပုံပြင်
ဝေမှူးသွင် – တစ်ခါတစ်ရံများ
ဝေမှူးသွင် – အသည်းကွဲလူရှင်တော်
ဝေမှူးသွင် – တယော
ခွန်းချိုငြိမ်းချမ်း – အဖြူရောင် ငါ နှင့် အနက်ရောင် ကျွန်တော်

BURMESE CLASSIC
www.burmeseclassic.com